# ကြေးမုံ

**The Mirror Daily**

Established in 1957


**လောကဓမ္မတာစံကြရာ**

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 December 2020 ၁၀၂၂၈


# ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

**၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးများ၊ စာပေဆုရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဆုလက်ခံရယူကြမည့် စာပေပညာရှင်များ၊ စာရေးဆရာ၊ ဆရာမကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာ စာပေဆုရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်များ၊ ၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အမျိုးသားစာပေ တစ်သက်တာစာပေဆုရရှိသူများ၏ ဓာတ်ပုံများ၊ ၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အမျိုးသားစာပေဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းကို စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



**ကျွန်တော်တို့ ပြည်သူအားလုံး ဒီမိုကရေစီ အလေ့အထကောင်းတွေရရှိအောင် အသိပညာကြွယ်ဝစေဖို့၊ ဒီမိုကရေစီကို မြတ်နိုးတန်ဖိုးထားတတ်ဖို့၊ မတူကွဲပြားမှုတွေကို နားလည်လက်ခံတတ်စေဖို့၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ရင်းနှီးချစ်ခင်စိတ်တွေ ခိုင်မာစေဖို့ 'စာပေ' ဟာ အများကြီး အထောက်အကူပေးနိုင်တဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။**



**မိန့်ခွန်း ပြောကြား**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။


**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကြေးမုံ

# ကျန်းမာကြံ့ခိုင် ရေရှည်အကျိုးရှိစွာနေထိုင်

ကျန်းမာကြံ့ခိုင်သော ပြည်သူပြည်သားများသည် မိမိ မိသားစုအကျိုးပြု၊ မိမိနိုင်ငံအကျိုးပြုသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည်။ ပြည်သူတို့အနေဖြင့် ယခင်အခါက နိစ္စဓူဝ ဗာဟီရကိစ္စများဖြင့် ပြီးလွယ်စီးလွယ် နေထိုင်ခဲ့ကြသော်လည်း မျက်မှောက်ကာလမှစ၍ မိမိတို့ကျန်းမာရေးအတွက် မပေါ့မဆ မပျက်မကွက် သတိမူနေထိုင်ရတော့မည့် အခြေအနေဖြစ်သည်။ ကျန်းမာရေးကို သတိမူခြင်းသည် မိမိနှင့် မိမိတိုင်းပြည်အနာဂတ်အတွက် ရေရှည်ကောင်းကျိုးပြုနိုင်မည် ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများ ရောဂါကူးစက်မှုဖြစ်ပွားပြီး ထိခိုက်နစ်နာ ပျက်စီးမှုများနှင့် ကြုံတွေ့နေရသည့်အပြင် လက်ရှိနှင့် အနာဂတ်ကာလတွင်လည်း မိမိတို့နှင့်တကွ နိုင်ငံအတွက်ပါ လူမှုစီးပွားနစ်နာဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရပြီ ဖြစ်သည်။ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ တစ်နှစ်ပတ်လည်နီးပါးသို့ပင် ရောက်ရှိလာခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများတွင် ရောဂါဖြစ်ပွားနှုန်းမှာ မြင့်မားနေဆဲဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှု အဆုံးသတ်မည့်နေ့သို့ ရောက်ရှိရန် ကမ္ဘာသူကမ္ဘာသား ပြည်သူအားလုံး လိုလားမျှော်လင့်နေကြသည်။

ကူးစက်မြန် ကိုဗစ်-၁၉ ကပ်ရောဂါသည် ယခင်ဖြစ်ပွားခဲ့သည့် ကူးစက်ရောဂါပုံစံများနှင့်မတူသော ကူးစက်ရောဂါ အသစ်အဆန်းတစ်မျိုး ဖြစ်သည်။ ရောဂါ၏ဗီဇ၊ ရောဂါဖြစ်ပွားမှုနှင့် ထိန်းချုပ်နိုင်မည့်အခြေအနေများကို ကြိုတင်ခန့်မှန်းရန်မှာ မလွယ်ကူပေ။ ကျန်းမာရေးပညာရှင်များက ရောဂါအနီးစပ်ဆုံး ဖြစ်နိုင်ခြေများကိုသာ ခန့်မှန်းတွက်ချက် အသိပေးနေရပြီး မည်သူမျှ အတိအကျပြောဆိုနိုင်ခြင်းမရှိပေ။ သေချာသည့်အချက်မှာ ရောဂါကူးစက်နိုင်ခြေ အနည်းဆုံးဖြစ်စေရန် ကျန်းမာရေးလမ်းညွှန်ချက်များအတိုင်း တိတိကျကျ လိုက်နာနေထိုင်သွားရေးပင် ဖြစ်သည်။

ဤအချက်မှန်ကန်သည်ကို ရောဂါဖြစ်ပွားနေသည့် နိုင်ငံ၊ ဒေသအခြေအနေများက ညွှန်းဆိုပြလျက် ရှိနေပါသည်။ ရောဂါကာကွယ်ရေးကို အတိအကျလိုက်နာသော နိုင်ငံ၊ ဒေသများ၌ ရောဂါကို ထိန်းချုပ်နိုင်ပြီး လိုက်နာမှုအားနည်းသော နိုင်ငံ၊ ဒေသများ၌ ရောဂါဖြစ်ပွားနှုန်း ဆက်လက်မြင့်မားနေသည်။ ကိုဗစ်-၁၉ ကိုရိုနာဗိုင်းရပ်စ်ပိုးသည် ရောဂါပိုးရှိသူတစ်ဦး နှာချေ၊ ချောင်းဆိုး၊ စကားပြောဆိုရာမှတစ်ဆင့် လူ့ခန္ဓာကိုယ်ပြင်ပသို့ အစက်အမှုန်များအဖြစ် ထွက်ရှိလာပြီး အနီးပတ်ဝန်းကျင်သို့ အများအားဖြင့် သုံးပေမှ ခြောက်ပေအကွာအထိ ပျံ့နှံ့ရောက်ရှိသွားကာ အကာအကွယ်ပြုလုပ်ထားခြင်းမရှိသောလူ၏ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်တို့မှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ကူးစက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါသည် ကျန်းမာရေးကာကွယ်မှု စည်းမျဉ်းစည်းကမ်းများအား လိုက်နာမှ ရောဂါကူးစက်နိုင်ခြေ နည်းပါးပြီး ကိုယ်ခံအားကောင်းနေစေရန် ကျန်းမာစွာနေထိုင်ပြုမူလုပ်ကိုင်မှသာ ရောဂါကူးစက်မှုကို ခုခံနိုင်ရည်ရှိမည် ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်နေခြင်းသည် ကျန်းမာရေးသတိများ၊ ကိုယ်ကျင့်တရားအသိများ လူတို့တွင် ပိုမိုတိုးပွားများပြား ကျင့်သုံးစေရန်အလို့ငှာ အချက်ပေးနေသလို ဖြစ်နေသည်။ မိမိတို့၏ဘဝ၊ မိမိတို့၏အနာဂတ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ကျန်းမာရေးသတိ၊ ကိုယ်ကျင့်တရားနှင့် လူမှုကျင့်ဝတ်စည်းကမ်းများ လိုက်နာသည့်အလေ့အထများ တိုးပွားများပြားလာအောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါသည် အလိုအလျောက် ပျောက်ကွယ်သွားလိမ့်မည်မဟုတ်ပေ။ ရောဂါဖြစ်ပြီးလျှင်လည်း နောက်တစ်ကြိမ်ပြန်ဖြစ်၊ မဖြစ် မည်သူမျှ အတိအကျ မပြောနိုင်ပေ။ ကာကွယ်ဆေးထိုးပြီးလျှင်လည်း မည်သည့်အချိန်ကာလအထိ တာရှည်ခံနိုင်မည်ကိုလည်း မသိနိုင်သေးပေ။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အာမခံချက်မရှိသဖြင့် ရောဂါနှင့်အတူရှိနေစဉ် မိမိတို့နှင့် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သော အနာဂတ်ကို ရေရှည်တည်ဆောက်နိုင်ရန် ကောင်းမွန်သော အမူအကျင့်များကို ကြိုးစားတည်ဆောက်၍ လမ်းညွှန်သော ကျန်းမာရေးအချက်များကို လေးစားလိုက်နာကြရပါမည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါသည် ဆက်လက်ရှိနေနိုင်မည်ဖြစ်သည့်အပြင် ကလိယုဂ် ဆုတ်ကပ်အခြေအနေကြောင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ တစ်မျိုးမဟုတ်တစ်မျိုး ရောက်ရှိလာနိုင်သဖြင့် ပြည်သူပြည်သားများအနေဖြင့် မိမိတို့တစ်ဦးချင်းအလိုက် ကိုယ်ကျင့်တရားများကို လိုက်နာစောင့်ထိန်းကြကာ ရောဂါဘေးအန္တရာယ်အမျိုးမျိုးတို့ကို ခံနိုင်ရည်ရှိစေရန်အတွက် ကျန်းမာကြံ့ခိုင်မှုကို အစဉ်အမြဲသတိပြု၍ နေ့စဉ်အကျိုးရှိရှိပြုမူနေထိုင်နိုင်ကြစေရန် အသိပေးနှိုးဆော်အပ်ပါသည်။ ။

# ထားဝယ်မြို့၌ တတိယအကြိမ် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၁၅**

တတိယအကြိမ် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ယဉ်ကျေးမှုပြတိုက်ဝင်းအတွင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ထားဝယ် အမျိုးသားအလံတို့အား အလေးပြုကြပြီး ပျော်ဘွယ် ဘုန်းတော်ကြီးကျောင်းမှ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသုန္ဓရက ဩဝါဒကထာစကား မြွက်ကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က အမှာစကားပြောကြားရာတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ထားဝယ် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ထားဝယ်အမျိုးသားနေ့ကို သတ်မှတ်နိုင်ခဲ့ကြောင်း၊ ထားဝယ်အမျိုးသားနေ့ကို ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် တတိယအကြိမ်တိုင်ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် အမျိုးသားနေ့ အခမ်းအနား ကျင်းပမှုကို ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ တနင်္သာရီတိုင်းဒေသကြီးအတွင်း နေရာ ၃၀ ကျော်အထိ ဖြန့်ကြက်ပြီး ပြုလုပ်နိုင်ခြင်းသည် ထားဝယ်လူမျိုးများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ထုတ် ပြသလိုက်ခြင်းဖြစ်ကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း ယခုထက်မကသော အခင်းအကျင်းများဖြင့် အမျိုးသားနေ့ အခမ်းအနားများကို ကျင်းပနိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ ဦးစီးနာယက ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဦးတင်မြက ဗီဒီယိုကွန်ဖရင့်ဖြင့် ထားဝယ် အမျိုးသားနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ဖတ်ကြား**

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံမှ ပေးပို့လာသော သဝဏ်လွှာအား တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်အေးက လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့လာသော သဝဏ်လွှာကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက လည်းကောင်း၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်ထံမှ ပေးပို့လာသော သဝဏ်လွှာကို တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေး ရာဝန်ကြီး ဦးစောလုကာက လည်းကောင်း၊ ထားဝယ် အသင်း (မော်လမြိုင်)မှ ပေးပို့သော သဝဏ်လွှာအား အတွင်းရေးမှူး ဦးညွန့်ဝင်းကလည်းကောင်း၊ ထားဝယ် လူမျိုးတိုးတက်ရေးအသင်း (ထိုင်းနိုင်ငံ)မှ ပေးပို့လာသော သဝဏ်လွှာအား ဒုတိယဥက္ကဋ္ဌ ဦးကျော်လွင်ကလည်းကောင်း ဖတ်ကြားကြသည်။



ယင်းနောက် ထားဝယ်လူမျိုးစုစည်းမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးက ကျေးဇူးတင်စကား ပြောကြားပြီး ထားဝယ်အမျိုးသားနေ့ ကျင်းပနိုင်ရေးအတွက် အလှူငွေကျပ် တစ်သိန်းကို ထားဝယ်လူမျိုးစုစည်းမှုကော်မတီ နာယကဦးအောင်မြင့်နှင့် ဇနီးတို့က ပေးအပ်ရာ နာယက ဦးထွန်းကြည်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ထားဝယ်အမျိုးသားနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးသော တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၁၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၁၅၈ | ၁,၅၆၄,၂၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၃,၆၉၄ | ၁၃,၈၅၀,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၆၂ | ၅၂၀,၈၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၅၀၀ | ၁,၇၇၉ | ၄၀,၀၂၆,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂၀၈ | ၅၇၂,၀၀၀ |
| EFR | ၃,၆၅၀ | ၃,၉၀၀ | ၅၅၅ | ၂,၁၃၁,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၅

ရန်ကုန်(ရွှေဈေး) ၁၃၁၇၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၇၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၁၀/၆၅၀ ကျပ် | ၆၅၀/၆၆၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၀၀/၆၃၅ ကျပ် | ၆၃၅/၆၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၉၀/၇၁၀ ကျပ် | ၇၅၀/၇၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၆၅/၅၉၅ ကျပ် | ၆၂၅/၆၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၇၅/၅၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၅/၅၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၈၈.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၄.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂.၀၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၁၆၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၈၄၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၃.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၉.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၃.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၇၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလွဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

**အားလုံးမင်္ဂလာပါ။**

ယနေ့ကျင်းပတဲ့ အမျိုးသားစာပေ ဆုနှင်းသဘင် အခမ်းအနားကို တက်ရောက်လာကြတဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆုချီးမြှင့်ခံရတဲ့ ဆုရပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

မိမိနိုင်ငံနဲ့ အများပြည်သူတွေရဲ့ ကောင်းကျိုးအဖြာဖြာကို စာပေအနုပညာစွမ်းအားနဲ့ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြတဲ့ စာပေပညာရှင်ကြီးတွေ၊ စာဆိုတော်ကြီးတွေရဲ့ စာပေကျေးဇူးကို လေးမြတ်ဂုဏ်ပြုပြီး မြန်မာနိုင်ငံမှာ နှစ်စဉ် နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့မှာ စာဆိုတော်နေ့ အခမ်းအနားတွေ ကျင်းပလာကြတာ အခုဆိုရင် ၇၆ နှစ် ရှိခဲ့ပြီဖြစ်ပါတယ်။ စာဆိုတော်နေ့ဟာ မြန်မာတို့ရဲ့ ထူးခြားတဲ့ ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်အဖြစ် ခေတ်အဆက်ဆက် တည်တံ့ပြီး နိုင်ငံနှင့်အဝန်း နှစ်စဉ်မပျက် ကျင်းပနိုင်ကြတာကို ဂုဏ်ယူမိပါတယ်။ ယခုလိုမင်္ဂလာရှိတဲ့ အခမ်းအနားမှာ စာရေးစာဖတ်ဝါသနာပါပြီး စာပေပညာရှင်တွေကို လေးစားတဲ့ ကျွန်တော့်အနေနဲ့ အမှာစကား ပြောကြားခွင့်ရတဲ့အတွက်လည်း အထူးကြည်နူးဝမ်းမြောက်ပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ မနှစ်ကလို ကိုယ်တိုင်ကိုယ်ကျ ဆုချီးမြှင့်ခြင်းပြုခွင့်မရတာကိုလည်း များစွာစိတ်မကောင်းဖြစ်ရပါတယ်။

စာဆိုတော်လရာသီ ရောက်ပြီဆိုရင် မြန်မာနိုင်ငံတစ်နံတစ်လျားမှာ သက်ကြီးဝါကြီး စာပေပညာရှင်ကြီးတွေကို လေးမြတ်ပူဇော် ကန်တော့ပွဲတွေ၊ စာပေဆုနှင်းသဘင်တွေ၊ စာပေဟောပြောပွဲတွေ၊ စာပေပွဲတော်တွေကို ခြိမ့်ခြိမ့်သဲ ကျင်းပကြလေ့ရှိပါတယ်။ စာပေဟာ နိုင်ငံအသီးသီးအတွက် ဂုဏ်ယူဖွယ်ရာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ အားလျော်စွာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာမှာလည်း စာပေကို အဓိကအခြေခံထား စဉ်းစားလေ့ရှိကြပါတယ်။ နှစ်ပေါင်းတစ်ထောင်နီးပါး သက်တမ်းရှိခဲ့ပြီဖြစ်တဲ့ ကျွန်တော်တို့ရဲ့ မြန်မာစာပေဟာလည်း မြန်မာ့ယဉ်ကျေးမှု အနုပညာအဖြာဖြာရဲ့ ပင်မ မဏ္ဍိုင်ကြီးအဖြစ် ဝင့်ထည်စွာ တည်ရှိနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။

**စာပေစွမ်းအားနဲ့ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး တိုးတက်အောင် ဆောင်ရွက်ခဲ့ကြတဲ့ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးဂုဏ်ပြုခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်ပါတယ်။ ဒီအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကြပြီး မျိုးဆက်သစ်တွေထံ လက်ဆင့်ကမ်းကြရန် လိုအပ်ပါတယ်။**

**မြန်မာ စာပေဂန္ထဝင်ထဲမှာ ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးတွေရဲ့ အသိ အလိမ္မာ ဉာဏ်ပညာပေးတဲ့စာ၊ နိုင်ငံနဲ့လူမျိုးကို ချစ်ခင်မြတ်နိုးစေတဲ့စာ၊ ကမ္ဘာနဲ့အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေတဲ့ စာပေလက်ရာတွေ များစွာပါဝင်ပါတယ်။**

စာပေသမိုင်းတစ်လျှောက်မှာ မြန်မာစာပေနဲ့ မြန်မာဘာသာစကားဟာ ခေတ်အဆက်ဆက် ဖန်တီးမှုအသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ပြောင်းလဲဖွံ့ဖြိုးလာခဲ့ပါတယ်။ **မြန်မာစာပေဂန္ထဝင်ထဲမှာ ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးတွေရဲ့ အသိ အလိမ္မာ ဉာဏ်ပညာပေးတဲ့စာ၊ နိုင်ငံနဲ့လူမျိုးကို ချစ်ခင်မြတ်နိုးစေတဲ့စာ၊ ကမ္ဘာနဲ့အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေတဲ့ စာပေလက်ရာတွေ များစွာပါဝင်ပါတယ်။** စာဆိုကြီးတွေရဲ့ စာပေလက်ရာမွန်တွေကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုခြင်းဟာ နိုင်ငံရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာပဲ ဖြစ်ပါတယ်။

**စာပေပညာရှင်ကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား**

မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်မှုနဲ့ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လမှာ အသင်းအဖွဲ့ပုံစံနဲ့ တည်ထောင်ခဲ့တဲ့ **"မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး"** ဟာ ၁၉၄၈ ခုနှစ်၊ မေလမှာ **"စာပေဗိမာန်"** အမည်နဲ့ထင်ရှားတဲ့ စာပေလုပ်ငန်းဆိုင်ရာ ဌာနဖြစ်လာခဲ့ပါတယ်။ စာပေဗိမာန်ဟာ တိုင်းရင်းသားပြည်သူတွေ နိုင်ငံတကာ ဗဟုသုတတိုးပွားဖို့အတွက် ဘာသာပြန်စာပေတွေ ထုတ်ဝေခဲ့သလို မြန်မာစာပေ ဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်မှာ "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"ကို စတင်ချီးမြှင့်ခဲ့ပါတယ်။

"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု" ကို 'စာပေဗိမာန်ဆု'၊ 'အနုပညာဆိုင်ရာ စာပေဆု'၊ 'အမျိုးသားစာပေဆု' စသည်ဖြင့် ဆုအမည်ရော၊ ဆုအမျိုးအစားကိုပါ ကာလအလျောက် ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မယ့် ဘာသာရပ်တွေ၊ ဆုငွေတွေကိုလည်း တိုးတက်ချီးမြှင့်ခဲ့တာ အခုနှစ်အထိဆိုရင် နှစ်ပေါင်း ၇၀ ကျော် တိုင်ခဲ့ပါပြီ။ ဘာသာရပ်တွေကိုလည်း တိုးတက်ချီးမြှင့်လာခဲ့တာ အခုချီးမြှင့်မယ့် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆုမှာ ဆုချီးမြှင့်မယ့် ဘာသာရပ် ၁၈ မျိုးအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးကို မြန်မာစာပေ အနုပညာဖြင့် တစ်သက်တာလုံး ထူးချွန်ပြောင်မြောက်စွာ အားထုတ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့အနေနဲ့ **"အမျိုးသားစာပေ တစ်သက်တာဆု"** အဖြစ် ၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အမျိုးသားစာပေ တစ်သက်တာဆုကို တစ်နှစ်မှာ စာပေပညာရှင် တစ်ဦး သို့မဟုတ် နှစ်ဦးကို ရွေးချယ်ချီးမြှင့်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်က စတင်ပြီး သုတ၊ ရသ စာပေတွေကို တစိုက်မတ်မတ် ရေးသားခဲ့တဲ့ စာရေးဆရာကြီးတစ်ဦးနဲ့ မြန်မာစာပေ ဖွံ့ဖြိုးရေးဆိုင်ရာ၊ စာပေသုတေသနဆိုင်ရာ လုပ်ငန်းတွေကို အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့ စာပေပညာရှင်ကြီး တစ်ဦးတို့ကို တစ်သက်တာဆု ချီးမြှင့်ခဲ့ပါတယ်။ အခုနှစ်မှာလည်း စာရေးဆရာကြီးတစ်ဦးနဲ့ စာပေပညာရှင်ကြီးတစ်ဦးကို အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်မှာဖြစ်တဲ့အတွက် ကြည်နူးပီတိ ဖြစ်ရပါတယ်။

**စာပေ ပညာရှင်ကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား**

စာပေဆုတွေကို ရွေးချယ်ရာမှာလည်း ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ အမှန်တကယ် ထိုက်တန်တဲ့ စာအုပ်တွေကို ဆုရွေးချယ်ချီးမြှင့်နိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် စာပေရေးရာကျွမ်းကျင်သူတွေ ပါဝင်တဲ့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို အဖွဲ့ဝင် ၅၄ ဦးနဲ့ ဖွဲ့စည်းပေးခဲ့ပြီး ပဏာမရွေးချယ်မှုအဆင့်၊ ဆန်ခါတင်ရွေးချယ်မှုအဆင့်၊ အတည်ပြုရွေးချယ်မှုအဆင့်ဆိုပြီး အဆင့် ၃ ဆင့်နဲ့ အဲဒီပညာရှင်တွေက လွတ်လပ်စွာ စိစစ်ရွေးချယ်ခဲ့ကြတာဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်အတွက် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ အကျုံးဝင်စာအုပ်ပေါင်း ၁၆၅၃ အုပ်ထဲက အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားတဲ့ ဘာသာရပ် ၁၈ မျိုးအနက် ဘာသာရပ် ၁၀ မျိုးကို ရွေးချယ်ခဲ့ပြီးဖြစ်လို့ ဒီနေ့အခမ်းအနားမှာ ဆုများချီးမြှင့်သွားမှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရရှိခဲ့ကြတဲ့ ပညာရှင်ကြီး နှစ်ဦးဟာ မြန်မာစာပေလောက ဖွံ့ဖြိုးရေးနဲ့ နိုင်ငံသူနိုင်ငံသားတွေ အသိပညာ ကြွယ်ဝရေးအတွက် စာကောင်းပေမွန်တွေကို တစ်သက်တာလုံး ရေးဖွဲ့ဖန်တီးခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဆရာကြီးနှစ်ဦးအနက် တစ်ဦးက ရသစာပေတွေကို တစိုက်မတ်မတ် ဖန်တီးရေးဖွဲ့ခဲ့တဲ့ စာဆိုကြီးဖြစ်ပြီး တစ်ဦးကတော့ သုတစာပေတွေ အစဉ်တစိုက် ရေးသားပြုစုခဲ့တဲ့ သုတေသီပညာရှင်ကြီးဖြစ်ပါတယ်။ အသက်အရွယ်အားဖြင့်လည်း အသက် ၉၀ တန်းတွေ ဖြစ်ကြပြီး ဝယဝုဒ္ဓိ၊ ဂုဏဝုဒ္ဓိနဲ့ ပြည့်စုံကြတဲ့အတွက် ထိုက်ထိုက်တန်တန် လေးစားဂုဏ်ပြုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားစာပေဆု ရရှိခဲ့တဲ့ စာရေးသူတွေနဲ့ စာအုပ်တွေကို ကြည့်မယ်ဆိုရင်လည်း ခေတ်အတွေး၊ ခေတ်အမြင်တွေကို ထင်ဟပ်ပြီး စေတနာစိတ်၊ စာနာစိတ်တွေ ပွားများစေနိုင်တဲ့ ရသစာပေတွေ၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းသင့်တဲ့ ပြည်တွင်းပြည်ပဆိုင်ရာ ပညာရပ်တွေအကြောင်း ရေးသားထားတဲ့ သုတစာပေတွေကို စာပေအဆင့်အတန်းမီအောင် ရေးဖွဲ့ထားကြတယ်လို့ ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါတယ်။ ဆုရရှိကြတဲ့ စာပေပညာရှင်အားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနဲ့ နိုင်ငံရဲ့အကျိုး၊ အများပြည်သူရဲ့အကျိုးအတွက် ကလောင်စွမ်းနဲ့ ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**စာပေပညာရှင်ကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား**

နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတာတွေ အချိုးအစား ညီမျှစွာ တိုးတက်ထွန်းကားမှသာ စာပေအနုပညာနယ်ပယ် ကြီးပွားထွန်းကားလာမှာဖြစ်သလို အပြန်အလှန်အားဖြင့် စာပေအနုပညာနယ်ပယ် ကြီးပွားထွန်းကားတာနဲ့အမျှ အသိပညာမြင့်မားတဲ့ ခေတ်မီ လူ့စွမ်းအားအရင်းအမြစ်တွေ ကြွယ်ဝလာပြီး မိမိတို့ရဲ့နိုင်ငံဟာလည်း တိုးတက်ပြည့်စုံလာမှာ ဖြစ်ပါတယ်။ စာပေအနုပညာ ကဏ္ဍအသီးသီးက ပညာရှင်တွေအနေနဲ့ မိမိတို့ရဲ့ အနုပညာကို အရည်အသွေးမြင့်မားစွာနဲ့ လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်အောင် နိုင်ငံတော်ကလည်း တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးလျက်ရှိပါတယ်။ မိမိတို့ရဲ့ ဖန်တီးမှုလက်ရာကို ကာကွယ်စောင့်ရှောက်နိုင်မယ့် စာပေအနုပညာ မူပိုင်ခွင့်ဥပဒေကိုလည်း ၂၀၁၉ ခုနှစ်မှာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဉာဏပစ္စည်းမူပိုင်ခွင့်တွေကို စနစ်တကျ ကာကွယ်စောင့်ရှောက်နိုင်ခြင်းဟာ နိုင်ငံရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှု တိုးတက်ထွန်းကားရေးကိုပါ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးတို့အတွက် ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုဟာ အလွန်အရေးကြီးပါတယ်။ **ကျွန်တော်တို့ ပြည်သူအားလုံး ဒီမိုကရေစီအလေ့အထကောင်းတွေရရှိအောင် အသိပညာကြွယ်ဝစေဖို့၊ ဒီမိုကရေစီကို မြတ်နိုးတန်ဖိုးထားတတ်ဖို့၊ မတူကွဲပြားမှုတွေကို နားလည်လက်ခံတတ်စေဖို့၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ရင်းနှီးချစ်ခင်စိတ်တွေ ခိုင်မာစေဖို့ 'စာပေ' ဟာ အများကြီး အထောက်အကူပေးနိုင်တဲ့ ကဏ္ဍတစ်ခု ဖြစ်ပါတယ်။**

စာပေဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်သော်လည်းကောင်း၊ အစုအဖွဲ့အတွက်သော်လည်းကောင်း လူမှုဘဝ ရှင်သန်ဖွံ့ဖြိုးရေးမှာ အထောက်အကူပြုနိုင်စွမ်းရှိပါတယ်။ အသိဉာဏ်အမြင် ပွင့်လင်းစေသလို ဆင်ခြင်တွေးခေါ်မှုအတွက်လည်း အားဆေးသဖွယ်ဖြစ်ပါတယ်။ ဒါ့အပြင် စာကောင်းပေမွန်များဟာ အချိန်ကာလအပိုင်းအခြား မရှိဘဲ၊ နယ်မြေဒေသ အပိုင်းအခြားမရှိဘဲ စာပေသြဇာ သက်ရောက်မှု ရှိပါတယ်။ ဒါကြောင့် စာပေပညာရှင်တွေက ပြည်သူအများ အမှားအမှန် ပိုင်းခြားဝေဖန်နိုင်တဲ့ ဉာဏ်အမြော်အမြင် တိုးတက်မြင့်မားစေမယ့် စာပေတွေကို စိတ်စေတနာ ပြည့်ဝစွာနဲ့ ဖန်တီးရေးဖွဲ့ပေးကြပါလို့ နှိုးဆော်အပ်ပါတယ်။ စာပေပြုစုသူတွေဟာ စာဖတ်ပရိသတ်တွေ မှန်ကန်တဲ့ အသိအမြင်ရရှိဖို့နဲ့ မွန်မြတ်တဲ့ စိတ်ထားတွေ ကိန်းအောင်းဖြစ်ပေါ်စေဖို့ ဦးတည်လမ်းညွှန်ပေးဖို့ လိုအပ်တယ်လို့ ရှုမြင်ပါတယ်။

**စာပေစွမ်းအားနဲ့ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး တိုးတက်အောင် ဆောင်ရွက်ခဲ့ကြတဲ့ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးဂုဏ်ပြုခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်ပါတယ်။ ဒီအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကြပြီး မျိုးဆက်သစ်တွေထံ လက်ဆင့်ကမ်းကြရန် လိုအပ်ပါတယ်။** မျိုးဆက်သစ်တွေကလည်း စာပေဆိုင်ရာ ကျင့်ဝတ်နီတိတို့ကို ထိန်းသိမ်းပြီး ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေတဲ့ တိုင်းပြုပြည်ပြုစာပေတွေ၊ တိုင်းကျိုးပြည်ကျိုးစာပေတွေကို ရေးသားသီကုံးဖွဲ့ဆိုနိုင်ကြမယ်လို့ ယုံကြည်ပါတယ်။

ယနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ အထူးသဖြင့် အခုလို စာပေဆုတွေ အောင်မြင်စွာ ချီးမြှင့်နိုင်အောင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်တွေနဲ့အညီ အစည်းအဝေးတွေ ကျင်းပပြုလုပ်ပြီး စာပေစေတနာ အပြည့်အဝနဲ့ ဆောင်ရွက်ပေးခဲ့ကြတဲ့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနဲ့ မြန်မာစာပေလောက ခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင် ကူညီပေးကြဖို့ မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

☆ ရွှေဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံသည် စာပေကို မြတ်နိုးတန်ဖိုးထားသော နိုင်ငံဖြစ်သည့်အလျောက် စာဆိုတော်ကြီးများကို အလေးအမြတ်ပြုသည့် အစဉ်အလာသည် ရှေးယခင်ကတည်းက ရှိခဲ့ပါကြောင်း၊ ၁၉၄၄ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်တွင် မြန်မာစာပေ ပညာရှင်များနှင့် စာရေးဆရာ၊ ဆရာမကြီးများသည် နိုင်ငံတွင် နှစ်စဉ်စာဆိုတော်နေ့ အခမ်းအနားများ ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ အဲဒီနှစ်မှ စတင်ကာ နတ်တော်လဆန်း (၁)ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ပြီး စာပေဆိုင်ရာပွဲလမ်း အခမ်းအနားမျိုးစုံ ဆင်ယင်ကျင်းပခဲ့ကြပါကြောင်း၊ ထိုအခမ်းအနားများထဲတွင် သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ငယ်ရွယ်သူ စာပေသမားများက ကန်တော့သည့်ပွဲများ၊ စာအုပ်စာပေပြပွဲ၊ စာပေပြိုင်ပွဲများ၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲများ၊ စာဆိုတော်ကြီးများကို ဂုဏ်ပြုပြီး စာရေးဆရာ ဆရာမများကိုယ်တိုင် ပါဝင်သရုပ်ဆောင်သည့် ပြဇာတ်များ ကပြကြခြင်းများ၊ စာဆိုတော်နေ့အထိမ်းအမှတ်မဂ္ဂဇင်း၊ စာစောင်ထုတ်ဝေကြခြင်းများ စသဖြင့် ပါဝင်ပါကြောင်း။

### အဆင့်အမြင့်ဆုံး စာပေဆု

စာပေဆု ချီးမြှင့်ခြင်းများသည်လည်း မြန်မာနိုင်ငံတွင် ယခင်အစဉ်အဆက် ရှိခဲ့ပါကြောင်း၊ ယနေ့ ချီးမြှင့်မည့် အမျိုးသားစာပေဆုကတော့ အားလုံးသိကြသည့်အတိုင်း နိုင်ငံတော်တွင် အဆင့်အမြင့်ဆုံး စာပေဆု ဖြစ်ပါကြောင်း၊ စာပေသမားများ သိကြသည့်အတိုင်း ဤဆုသည် ၁၉၄၈ ခုနှစ်မှ စတင်ပေါ်ပေါက်ခဲ့ပါကြောင်း၊ ၁၉၄၈ ခုနှစ် တစ်နှစ်တာအတွင်း ထွက်ရှိခဲ့သည့် လုံးချင်းဝတ္ထုများထဲမှ အကောင်းဆုံးအဖြစ် ရွေးချယ်ခဲ့သည့် ဆရာမင်းအောင်၏ မိုးအောက်မြေပြင်ဝတ္ထုကို "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"အမည်ဖြင့် ချီးမြှင့်ခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ဆုအမည်ကို ယနေ့အခေါ်အဝေါ်အနေဖြင့် "အမျိုးသားစာပေဆု"အဖြစ် သတ်မှတ်ခဲ့ပြီး ဆုအမျိုးအစား အရေအတွက်ကလည်း တိုးတက်လာသည့်အတွက် ယခုအခါတွင် စာပေကဏ္ဍ ၁၈ မျိုးအတွက် ဆုများ သတ်မှတ်ထားရှိပြီး ဖြစ်ပါကြောင်း၊ ဤကဏ္ဍ သို့မဟုတ် ဘာသာရပ် ၁၈ မျိုးရှိသည့်အထဲမှ ယခုနှစ်တွင် ၁၀ မျိုးအတွက် ချီးမြှင့်နိုင်မည် ဖြစ်ပါကြောင်း။

ဆုချီးမြှင့်ငွေကိုလည်း ၁၉၄၈ ခုနှစ်တွင် တစ်ထောင်ကျပ်ချီးမြှင့်ခဲ့ရာမှ နောက်ပိုင်းတွင် ကာလအလျောက် တိုးမြှင့်ခဲ့ပြီး ယခုအခါတွင် ငွေကျပ် ၂၅ သိန်းအထိ တိုးတက်ချီးမြှင့်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

### ကျပ်သိန်း ၅၀ ချီးမြှင့်

ဘာသာရပ်အလိုက် အမျိုးသားစာပေဆုများအပြင် တစ်သက်တာလုံး စာပေဖန်တီးပြုစုသည့်အလုပ်ကို စွဲမြဲစွာဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီးများကို လေးစားဂုဏ်ပြုသောအားဖြင့် အမျိုးသားစာပေ တစ်သက်တာဆုကိုလည်း ၂၀၀၁ ခုနှစ်မှစပြီး ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်အတွက် ဆရာကြီး နှစ်ဦးနှင့်ပါဆိုလျှင် ဆရာကြီး၊ ဆရာမကြီး ၃၁ ဦးကို ချီးမြှင့်နိုင်ပြီဖြစ်ပါကြောင်း၊ တစ်သက်တာစာပေဆုကို ကျပ် သိန်း ၅၀ ချီးမြှင့်မည် ဖြစ်ပါကြောင်း။

အမျိုးသားစာပေဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဆု၏ ဂုဏ်အဆင့်အတန်းနှင့်လျော်ညီစွာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် နှစ်စဉ်စီစဉ် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ စာပေပညာရှင်ကြီးများ၊ စာရေးဆရာ ဆရာမကြီးများ၏ ဂုဏ်ရည်ကို လေးစားသတ်မှတ်သည့်အနေဖြင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ စသည့် အကြီးအကဲပုဂ္ဂိုလ်များ ကိုယ်တိုင်လည်း တက်ရောက်ချီးမြှင့်ပေးခဲ့ကြပါကြောင်း။

သို့သော် ယခုနှစ်တွင် တစ်ကမ္ဘာလုံး ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ အန္တရာယ်ကြောင့် စည်ကားသိုက်မြိုက်သည့် ပွဲလမ်းအခမ်းအနားများ ကျင်းပဖို့ရာ အင်မတန်ခက်ခဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှာရော၊ နိုင်ငံတကာမှာပါ ကြီးကျယ်စည်ကားစွာ ကျင်းပဖို့ ရည်ရွယ်ထားကြသည့် နေ့ကြီးရက်ကြီး ပွဲလမ်းအခမ်းအနားကြီးများကို ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်း၊ အကျဉ်းရုံးပြုလုပ်ကာ စတိသဘောလောက်သာ အထိမ်းအမှတ်ပြုခြင်းများ လုပ်နေကြရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများ ၂၀၁၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များနှင့် ယခင်နှစ် ဆုရရှိခဲ့သောစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အမျိုးသားစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို တစ်နှစ်ထက်တစ်နှစ် ပိုပြီးခမ်းနားပြည့်စုံစွာ ကျင်းပလိုသည့် ဆန္ဒရှိပါကြောင်း၊ ဤအခမ်းအနားသည် ဆုရပုဂ္ဂိုလ်ကြီးများအတွက်သာမက ဤဆုချီးမြှင့်ပွဲကို စီစဉ်ကျင်းပခွင့်ရသည့် မိမိတို့ဝန်ကြီးဌာနအတွက်ပါ ဂုဏ်ယူစရာ၊ အလေးအမြတ်ပြုစရာဟု ခံယူပါကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင်လည်း တတ်နိုင်သမျှ အပြည့်စုံဆုံး ကျင်းပနိုင်ရန် ရည်ရွယ်ခဲ့ပါကြောင်း။

သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လေးစားလိုက်နာရမှာဖြစ်သလို အခမ်းအနားတက်ရောက်ကြမည့် စာပေပညာရှင်ကြီးများ၊ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သော ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးသည်လည်း အလွန်အရေးကြီးသည့်အတွက် မိမိတို့အနေဖြင့် ယနေ့ပွဲကို ဖြစ်နိုင်သမျှ အတိုင်းအတာအထိ တင့်တယ်ခမ်းနားမှုလည်းရှိစေ၊ ဘေးအန္တရာယ်လည်း ကင်းစေဆိုသည့် ပုံသဏ္ဌာန်မျိုးဖြင့် ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ တကယ်တော့ ယနေ့ အခမ်းအနား ကျင်းပရာမှာသာ မဟုတ်ဘဲ ဆုစိစစ်ရွေးချယ်ရေးကော်မတီ၏ လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းက ကိုဗစ်-၁၉ ၏ အကန့်အသတ်များ ရှိနေခဲ့တာဖြစ်၍ ကော်မတီအနေဖြင့် အစည်းအဝေးများ ဖြစ်မြောက်ရန် ယခင်နှစ်များကထက် ပိုပြီးအားထုတ်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယနေ့မှာလည်း ဆုရွေးချယ်ရေး ကော်မတီဝင်များထဲမှာရော၊ စာပေဆုရပုဂ္ဂိုလ်ကြီးများထဲမှာပါ ကျန်းမာရေးနှင့် ခရီးသွားလာရေးဆိုင်ရာ အခြေအနေများကြောင့် အခမ်းအနား တက်ရောက်ရန် အခက်အခဲကြုံတွေ့နေရတာ ရှိပါကြောင်း၊ ဆုရပုဂ္ဂိုလ်ကြီးများထဲမှ ဘာသာပြန်(ရသ)ဆု ရရှိသည့် ဆရာစိန်ဝင်းစိန်သည် စာအုပ်ထုတ်ဝေပြီးနောက် ကွယ်လွန်သွားခဲ့သည့်အတွက် အထူးဝမ်းနည်းရပါသည်ဟု မှတ်တမ်းတင်အပ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ဆရာကြီး ဦးညွန့်မောင် (မောင်မောင်ညွန့်- မန်းတက္ကသိုလ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး ဦးအံ့မောင်(အံ့မောင်)ကိုယ်စား ဦးသောင်းငွေးအား ဆုပေးအပ်ချီးမြှင့်စဉ်။

မည်သို့ပင်ဖြစ်စေ ယခုအခြေအနေများကြားကပဲ ၁၃၈၂ ခုနှစ် နတ်တော်လဆန်း (၁)ရက် စာဆိုတော်နေ့ (၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်) တွင် အစဉ်အလာမပျက် ကျင်းပနိုင်ခဲ့သည့် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကိုတော့ သက်ဆိုင်သူများအားလုံး အမှတ်တရ ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ အမျိုးသားစာပေ တစ်သက်တာဆုရရှိကြသည့် ဆရာကြီး ဦးအံ့မောင်နှင့် ဆရာကြီး ဦးညွန့်မောင် (မောင်မောင်ညွန့်-မန်းတက္ကသိုလ်) တို့နှင့်တကွ ဘာသာရပ် ၁၀ မျိုးတွင် အမျိုးသားစာပေဆု အသီးသီးရရှိကြသည့် ဆရာ၊ ဆရာမကြီး ၁၀ ဦးတို့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် သက်ရှည်ကျန်းမာပြီး နိုင်ငံ့အကျိုး၊ မြန်မာစာပေ အကျိုးအတွက် ပီပြင်ပြောင်မြောက်သည့် စာကောင်းပေမွန်များ ဆက်လက်ဖန်တီးရေးသားနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၁၉ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုရရှိကြသည့် စာပေပညာရှင် ဆရာကြီး ဦးညွန့်မောင် (မောင်မောင်ညွန့်-မန်းတက္ကသိုလ်)နှင့် စာရေးဆရာကြီး ဦးအံ့မောင် (အံ့မောင်) (ကိုယ်စား) ဦးသောင်းငွေးတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက **ငါးဖမ်းသမားစာအုပ်**ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည်ဆုရ မိုးကျော်ဇင် (ကိုယ်စား) မင်းဝေဟင်၊ **လမ်းဆုံးတော့ရွာ**မဂ္ဂဇင်းဝတ္ထုရှည်များစာအုပ်ဖြင့် အမျိုးသားစာပေ ဝတ္ထုတိုဆုရ နတ်မောက် အနီချို၊ **ခရုပစ်လောင်ချာ**စာအုပ်ဖြင့် အမျိုးသားစာပေ ကဗျာဆုရ ပန်ဒိုရာ၊ **နှင်းတောင်တန်းကပန်းဥယျာဉ်စာအုပ်**ဖြင့် အမျိုးသားစာပေ စာပဒေသာဆုရ ဉာဏ်ဝေ(မြစ်သာမြေ)တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့က **ဂျဝါဟာလား နေရူး၏ လျှပ်တစ်ပြက် ကမ္ဘာ့သမိုင်း**စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်(သုတ)ဆုရ ဘိုးလှိုင်၊ **ဝါဆောကရုပ်သေးဆရာလေး**စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်(ရသ)ဆုရ စိန်ဝင်းစိန်(ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်တိုးတိုးဝင်း၊ **၂၀ ရာစု မြန်မာကဗျာများ ပြောင်းလဲဖြစ်တည်လာပုံ**စာအုပ်ဖြင့် အမျိုးသားစာပေ သုတပဒေသာ(ဝိဇ္ဇာ)ဆုရ ဒေါက်တာဇော်နိုင် (ကိုယ်စား) ဦးဝင်းချို၊ **ကင်ဆာရောဂါနှင့် မြန်မာ့အစားအစာ** စာအုပ်ဖြင့် အမျိုးသားစာပေသုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ ဒေါက်တာလှကြည် (အာဟာရ ဆရာဝန်ကြီး)၊ **မြန်မာ့နိုင်ငံခြား ဆက်ဆံရေးများ** စာအုပ်ဖြင့် အမျိုးသားစာပေ နိုင်ငံရေးစာပေဆုရ ဆင်ဖြူကျွန်းသန်းထွန်းနှင့် **ဘုရားသခင်နဲ့ ကြွေအန်ကစားသူများ အက်ဆေးစုစည်းမှု**စာအုပ်ဖြင့် အမျိုးသားစာပေ ရသစာတမ်း(အက်ဆေး)ဆုရ မောင်ခိုင်လတ်တို့ကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၅ သို့ ☆

# စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့တွင် ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)



ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား။

ဓာတ်ပုံ - သန့်ဇော်ဦး



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ ဆရာမိုးကျော်ဇင်ကိုယ်စား ဦးမင်းဝေဟင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ဝတ္ထုတိုဆုရ ဆရာမ နတ်မောက်အနီချိုအား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ကဗျာဆုရ ဆရာမ ပန်ဒိုရာအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၄ မှ

ယင်းနောက် စာပေဆုရရှိသူများကိုယ်စား ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာစာပေဆုရရှိသည့် စာပေပညာရှင်ဆရာကြီး ဦးညွန့်မောင် (မောင်မောင်ညွန့်-မန်းတက္ကသိုလ်)က ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုနှစ် စာပေဆုနှင်းသဘင်အခမ်းအနားတွင် ဆုရရှိသူများအားလုံး၏ကိုယ်စား ကျေးဇူးတင်စကား ပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

**ပီတိဖြစ်ရ**

မိမိကိုယ်တိုင် လေ့လာအားထုတ်ဖွဲ့ဆိုရေးသားခဲ့သည့် လက်ရာများကို ဆုချီးမြှင့်ခံကြရသူများ အားလုံးလည်း မိမိနည်းတူ ဝမ်းမြောက်ဂုဏ်ယူနေကြမည်ဟု မျှော်လင့်သကဲ့သို့ တက်ရောက်လာကြသူများကလည်း မုဒိတာပွားကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

မိမိအနေဖြင့် စာပေများများ ရေးခဲ့သည့်သူ မဟုတ်ပါကြောင်း၊ အဲဒီလို စာများများမရေးဘဲ ယခုလို တစ်သက်တာစာပေဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်လောက်အောင်ဖြစ်ပြီး အတိုင်းမသိဝမ်းသာကြည်နူးမိပါကြောင်း။

မိမိ အခု အသက် ၉၁ နှစ်အရွယ် ဆည်းဆာချိန်မှာ ဘဝတစ်လျှောက်လုံး မိမိဝါသနာနှင့် မိမိကျွမ်းကျင်ရာ ဘာသာရပ်ကို တစိုက်မတ်မတ် ကြိုးစားအားထုတ်သည်ကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အတွက် ပီတိဖြစ်ရပါကြောင်း။

**စာရေးသူဘဝ စတင်ခဲ့**

စာနယ်ဇင်းများထဲတွင် မိမိက စာစတင်ရေးခဲ့သည်မှာ ၁၉၆၆ ခုနှစ်လောက်က ဖြစ်ပါကြောင်း၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဆရာမောင်သိဒ္ဓိ၏ "ဖြင့်" သုံးမျိုး ဆောင်းပါး ပါလာသည့်အခါ နှစ်မျိုးက လွဲမှားနေသည့်အတွက် မိမိ၏ဆရာက မင်း အဲဒီ "ဖြင့်" သုံးမျိုးကို အမှန်ဖြစ်အောင် ဖြေရှင်းချက် ဆောင်းပါးရေးပါလားလို့ တိုက်တွန်းခြင်းကြောင့် "အမှန်ဖြစ်စေချင်သော 'ဖြင့်' နှစ်မျိုး"ခေါင်းစဉ်ဖြင့် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် ရေးထည့်လိုက်သည်မှစပြီး မိမိ၏ စာရေးသူဘဝ စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဲဒီအချိန်မှစပြီး ယခုအချိန်အထိ စာပေဘဝခရီးတစ်လျှောက် စာရေးခြင်း၊ သုတေသနပြုခြင်းနှင့် အထူးသဖြင့် မြန်မာ့ရှေးဟောင်းကျမ်းစာပေများကို အထူးလေ့လာစုဆောင်းပြီး ရေးသားခဲ့ပါကြောင်း၊ ရေးသားခဲ့သည့် စာမူများထဲတွင် ပခုက္ကူ ဦးအုံးဖေ ကျမ်းစာမူဆု လေးကြိမ်၊ ထွန်းဖောင်ဒေးရှင်းစာပေဆု တစ်ကြိမ်ရရှိခဲ့ပါကြောင်း၊ အခုအထိလည်း အကြောင်းသင့်လျှင် သင့်သလို စာပေများ ရေးသားလျက်ရှိပါကြောင်း။

**မတက်ရောက်နိုင်ခဲ့**

ယခုနှစ် မိမိနှင့်အတူ တစ်သက်တာစာပေဆုရရှိသည့် စာရေးဆရာကြီး ဦးအံ့မောင်မှာ မုံရွာတွင် နေထိုင်သဖြင့် အခမ်းအနားတက်ရန် ကြိုးစားပြီးမှ မတက်ရောက်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ် တစ်သက်တာစာပေဆုရ ပညာရှင်နှစ်ဦးတွင် တစ်ဦးက ရသစာပေများကို တစ်ဘဝလုံးရေးသားခဲ့သူဖြစ်ပြီး တစ်ဦးကတော့ သုတစာပေများကို ရေးသားခဲ့သူ ဖြစ်သည့်အတွက် ထူးခြားသည်ဟုလည်း ဆိုနိုင်ပါကြောင်း။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးတွင် သုတ၊ ရသနှစ်ဖြာ အရေးကြီးသည့်အတွက် ယင်းကဏ္ဍနှစ်ခုစလုံးကို ဖွံ့ဖြိုးရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်များကို လက်ဆင့်ကမ်းယူမည့် မျိုးဆက်သစ်များကိုလည်း လှိုက်လှဲစွာ ကြိုဆိုပါကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်များအတွက် မေတ္တာရပ်ခံချင်သည်မှာ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်စေရန်အတွက် ရှေးဟောင်းစာပေများကို ဖတ်ရှုကြပါ၊ လေ့လာသုတေသနပြုကြပါ၊ စာအုပ်စာပေအဖြစ် ထုတ်ဝေကြပါဟု အကြံပြုချင်ပါကြောင်း။

**များများဖတ်စေချင်**

ရှေးဟောင်းစာပေများကို ရေးသားရန်အတွက်ကတော့ ရှေးကထွက်ရှိခဲ့ပြီးဖြစ်သည့် ရှေးဟောင်းစာပေများဖြစ်သော ပုဂံဝန်ထောက်မင်း ဦးတင်၏ "မြန်မာမင်း အုပ်ချုပ်ပုံ" စာတမ်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ "သခင်ဋီကာ"၊ "မှာတော်ပုံ" ဝတ္ထုစသည့် ဂန္ထဝင်စာပေများကို များများဖတ်စေချင်ပါကြောင်း၊ ဖတ်ပြီးသည့်အထဲမှ ကောင်းနိုးရာရာ ဗဟုသုတ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု စာပဒေသာဆုရ ဆရာဉာဏ်ဝေ(မြစ်သာမြေ)အား ဆုပေးအပ်ချီးမြှင့်စဉ်။

တွေ့လျှင် ကိုယ့်မှတ်စုစာအုပ်ထဲမှာ တစ်ခါတည်း ကူးယူထားစေချင်ပါကြောင်း၊ ထိုမှ စာအုပ်စာပေများ ထုတ်ဝေရန် တစ်ဆင့်တက်ပြီး ဆက်လက် ကြိုးစားကြစေချင်ပါကြောင်း။

စာမျက်နှာ ၆ သို့ ☆



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ဘာသာပြန်(သုတ)ဆုရ ဆရာ ဘိုးလှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ဘာသာပြန်(ရသ)ဆုရ ဆရာ စိန်ဝင်းစိန် ကိုယ်စား ဇနီးဖြစ်သူ ဒေါ်တိုးတိုးဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု သုတပဒေသာ(ဝိဇ္ဇာ)ဆုရ ဒေါက်တာ ဇော်နိုင် ကိုယ်စား ဦးဝင်းချိအား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု သုတပဒေသာ (အသုံးချသိပ္ပံ)ဆုရ ဒေါက်တာလှကြည်(အာဟာရဆရာဝန်ကြီး)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု နိုင်ငံရေးစာပေဆုရ ဆရာ ဆင်ဖြူကျွန်းသန်းထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ရသစာတမ်း (အက်ဆေး)ဆုရ ဆရာ မောင်ခိုင်လတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၅ မှ

လက်ရှိစာပေလောက အခြေအနေကို မိမိမြင်သလောက် ပြောရမည်ဆိုလျှင် ငယ်စဉ် နဂါးနီခေတ်ကလို စာကောင်းပေမွန်များ အထွက်နည်းလာသည်ဟု မြင်မိပါကြောင်း၊ စာပေအရည်အသွေးလည်း ကျလာသည်ဟု မြင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စာပေလောကကို မြှင့်တင်ပေးချင်သည်ဆိုလျှင် နှစ်စဉ်ကဗျာစာပေပြိုင်ပွဲ၊ ဝတ္ထုတိုရှည်ပြိုင်ပွဲ၊ ကျမ်းစာပေပြိုင်ပွဲများကို ကျင်းပပေးပြီး ယခုထက် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သင့်ပါကြောင်း၊ စာမူသာရှိပြီး စာအုပ်မထုတ်ဝေနိုင်သည့် စာမူမျိုးကိုလည်း ထုတ်ဝေနိုင်အောင် ကူညီပေးသင့်သည်ဟု ကြံ့ကြိုက်တုန်း အကြံပြုချင်ပါကြောင်း။

## ဝမ်းသာကြည်နူးရ

နိုင်ငံတော်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးကြိုးစားစား ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည်မှာ စာကြည့်တိုက်ပညာရှင်တစ်ဦးအနေဖြင့် ဝမ်းသာကြည်နူးရပါကြောင်း၊ ဆက်လက်ပြီး စာကြည့်တိုက်ပညာရှင်များ၊ စာပေချစ်မြတ်နိုးသူများ၊ ပုဂ္ဂလိက စေတနာရှင်များ ပါဝင်ပြီး နိုင်ငံတွင် စာဖတ်သူများ တိုးပွားအောင် လုပ်ဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း။

ယခုနှစ် အမျိုးသားစာပေဆုရရှိသူများ၏ လက်ရာများကို ပြန်ကြည့်လျှင် အတိတ်ကာလကို ဖော်ထုတ်တင်ပြသည့် စာအုပ်များပါသလို ပစ္စုပ္ပန်ကာလ၏ သရုပ်မှန် အတွေးအမြင်များကို ဖော်ကျူးသည့်စာအုပ်များလည်း ပါဝင်ပါကြောင်း၊ အနာဂတ်ကို မျှော်မှန်းဆင်ခြင်သည့် စာအုပ်များလည်း ပါသည့်အတွက် ဆုရရှိသူအားလုံးသည် ထိုက်တန်စွာ ဆုချီးမြှင့်ခံရသူများဖြစ်ကြောင်း ဂုဏ်ယူစွာ ဖော်ပြလိုပါကြောင်း။

## စာပေရန်ပုံငွေတစ်ရပ်ထူထောင်

ဖြည့်စွက်ပြောချင်သည်မှာ အိုမင်းမစွမ်းဖြစ်နေသည့် စာပေအနုပညာရှင်များ၊ သက်ကြီးစာရေးဆရာကြီးများကို ထောက်ပံ့ရန် စာပေရန်ပုံငွေတစ်ရပ် ထူထောင်ပြီး အိုမင်းမစွမ်းရှိသူ၊ ရောဂါဝေဒနာခံစားနေရသူ စာပေသမား စာရေးဆရာများကို ထိုက်ထိုက်တန်တန် ထောက်ပံ့ကူညီပေးနိုင်မည်ဆိုလျှင် လူသာစုခေါ်၊ နတ်သာစုခေါ် လိမ့်မည်ဟု အကြံပြုလိုပါကြောင်း။

စာပေနှင့် စာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းအသီးသီးသည် ညီညွတ်စွာဖြင့် နိုင်ငံတော်နှင့်ပူးပေါင်းပြီး မြန်မာစာပေအဆင့်အတန်း မြှင့်မားရေးကို ဆောင်ရွက်ကြသလို ချို့တဲ့သက်ကြီး စာပေပညာရှင်ကြီးများ၏ ဘဝနောင်ရေး စိတ်အေးချမ်းသာဖြစ်သည်ကိုလည်း မြင်လိုလှပါကြောင်း ပြောကြားသည်။

ထို့နောက် စာပေဆုရရှိသူများကိုယ်စား အမျိုးသားစာပေ ဝတ္ထုတိုဆုရ ဆရာမကြီး နတ်မောက် အနီချိုက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုလို နိုင်ငံတော်၏ အထင်ကရပွဲတွေထဲမှ စာပေအနုပညာပွဲတစ်ခုဖြစ်သည့် အမျိုးသားစာပေဆုနှင်းသဘင်ပွဲတွင် စာပေဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကားပြောခွင့်ရသည့်အတွက် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကားဆိုချင်ပါကြောင်း။

လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်ကတည်းက စာပေဗိမာန်က စတင်ချီးမြှင့်ခဲ့သည့် ဝတ္ထုရှည်ဆုပေးပွဲကစမည်ဆိုလျှင် ဒီနှစ်ဆုပေးပွဲသည် စာပေအနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်သည့် (၇၂)ကြိမ်မြောက်ပွဲဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များထဲမှ ဆန်ခါတင်ရွေးချယ်ပြီး အသင့်တော်ဆုံး သတ်မှတ်ဆုပေးတာဖြစ်၍ ဆုရသူတစ်ဦးအနေဖြင့် လေးလေးစားစားတန်ဖိုးထား ဂုဏ်ယူမိပါကြောင်း၊ မိမိနည်းတူ ဆုလက်ခံရရှိသူအပေါင်းကလည်း ဂုဏ်ယူဝမ်းသာနေကြမည် ဖြစ်ပါကြောင်း။

## အမျိုးသမီးများ၏ လှုပ်ရှားမှုပိုင်း

တကယ်တော့ စာပေပညာရှင်များထဲတွင် အစဉ်အဆက် ဆုရလာခဲ့သည့် စာရင်းဇယားကို ကြည့်မည်ဆိုလျှင် မိမိတို့အမျိုးသမီးများက လူနည်းစုသာ ဖြစ်ပါကြောင်း၊ ဒီလူနည်းစုကလည်း ကဗျာနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်ရေးသားတာမှာ ပိုပြီးမွေ့လျော်သည့်သူတွေ ဖြစ်နေကြပါကြောင်း၊ သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုအနုပညာဆိုင်ရာ စာပေနှင့် သုတေသနလုပ်ငန်း၊ အသုံးချသိပ္ပံ၊ ဘာသာပြန်ကဏ္ဍ၊ နိုင်ငံရေးစာပေများတွင် မိမိတို့ အမျိုးသမီးများ၏ လှုပ်ရှားမှုပိုင်း၊ ရေးသားသည့်အပိုင်းသည် သိပ်ကို အားနည်းနေပါသေးကြောင်း၊ တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်းလောက်သာရှိတယ်လို့ ဆိုနိုင်ပါကြောင်း၊ စစ်မဖြစ်ခင်နှင့် စစ်ပြီးခေတ်ကာလကို ကြည့်မည်ဆိုလျှင် ဒေါ်ဒဂုန်ခင်ခင်လေးတို့လို ပုဂ္ဂိုလ်မျိုးတွေ၊ ကိုယ်တိုင် အင်မတန်ထက်မြက်ထွန်းတောက်ရုံသာမက အမျိုးသမီးကဏ္ဍကြီးတစ်ခုလုံးကို မြှင့်တင်ပေးဖို့အတွက် ယုဝတီဂျာနယ်ကို ထူထောင်ခဲ့ပြီး အမျိုးသမီးများ၏ စာပေမျိုးစေ့ကို ချပေးခဲ့သည့်သူ၊ ဒါ့အပြင် အမျိုးသမီးများအတွက် ထောင့်စုံအောင် ရေးသားပြီး နည်းပေးလမ်းပြလုပ်ပေးသည့်ပုဂ္ဂိုလ်မျိုးတွေ ရှိခဲ့ပါကြောင်း၊ ထို့ပြင် ဒေါ်ခင်မျိုးချစ်တို့လို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာစလုံးကို ကောင်းကောင်းမွန်မွန် ကျေကျေလည်လည် ရေးသားပြီး နိုင်ငံခြားစာပေမှာပါ ပေါက်ရောက်သည့် အမျိုးသမီးများ ရှိခဲ့ပါကြောင်း၊ နောက် လူထုဒေါ်အမာတို့လို သတင်းစာလောကရော၊ အတ္ထုပ္ပတ္တိစာပေရေးသားရာမှာပါ လှလှပပ၊ ကျစ်ကျစ်လျစ်လျစ်ဖြင့် စွဲလမ်းစရာဖြစ်အောင် ရေးသားထားတဲ့ပုဂ္ဂိုလ်မျိုးတွေရှိပါကြောင်း၊ နောက် ဒေါ်စောမုံညင်းတို့လို မြန်မာမှုအနုပညာနှင့်ပတ်သက်လို့ ထဲထဲဝင်ဝင် ရေးသားထားတဲ့ ပညာရှင်များရှိပါကြောင်း၊ ဒေါ်ကြန်တို့လို သမိုင်းအခြေခံသည့်၊ သမိုင်းကြောင်းနောက်ခံနှင့်၊ သမိုင်းနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းတွေရော၊ သမိုင်းကြောင်းကိုရော သေသေချာချာ ကျစ်ကျစ်လျစ်လျစ် ရေးသားနိုင်သည့် ပညာရှင်မျိုးတွေရှိပါကြောင်း၊ အဲဒီလိုနေရာမျိုးတွေကို မိမိတို့လူငယ်တွေထဲက အများကြီး အစားဝင်နိုင်အောင် ကြိုးစားကြစေချင်ပါကြောင်း။

## တိုးပွားနေတာကို တွေ့ရ

နောက်တစ်ခါ တိုင်းရင်းမေခေတ်ဟု ပြောရလောက်အောင် စစ်ပြီးခေတ်၏ နောက်ပိုင်းမှာဆိုလျှင် သမီးပျိုရှိသည့် မိဘတိုင်းမှန်သမျှသည် တိုင်းရင်းမေကို ဝယ်ပြီး တစ်ခါတည်း သမီးများကို ပေးပြီးဖတ်ကြသည်အထိ အောင်မြင်ကျော်ကြားခဲ့သည့် ဂျာနယ်ခေတ်၊ အမျိုးသမီးများ၏ လုပ်အားသက်သက်ဖြင့် ဖွဲ့စည်းအုပ်ချုပ် စီမံရေးသားထုတ်ဝေသည့်၊ ထွန်းပေါက်ခဲ့သည့်ခေတ်လည်း ရှိခဲ့ဖူးပါကြောင်း၊ ယခုခေတ်တွင်တော့ အဲဒီလောက်အထိ ထွန်းပေါက်နိုင်သည့်သူမရှိသည်မှာ ခေတ်အခြေအနေကြောင့်ရော၊ တခြားအကြောင်းရင်းမျိုးစုံကြောင့်လို့ပဲ ပြောရမည်ဖြစ်ပါကြောင်း၊ ဒါပေမယ့် ဒီကြားထဲကပဲ ကြည့်မည်ဆိုလျှင် အမျိုးသမီးစာရေးသူ၏ အင်အားများက လျော့ပါးမသွားဘဲ တိုးပွားနေတာကို တွေ့ရပါကြောင်း၊ အဲဒီတိုးပွားနေသည့် အမျိုးသမီးစာရေးသူများကို အမျိုးသားလောကကလည်း၊ အမျိုးသားစာပေ ပညာရှင်များကလည်း တစ်ခါမျှ ခွဲခြားပြီး ဆက်ဆံဖူးတာမရှိပါကြောင်း၊ စာမျက်နှာ ၇ သို့ ☆



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးညွန့်မောင်(မောင်မောင်ညွန့်- မန်းတက္ကသိုလ်)နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၆ မှ

မိမိတို့၏ မြန်မာစာပေလောကကို ကြည့်မည်ဆိုလျှင် အမျိုးသားနှင့်အမျိုးသမီးသည် တန်းခွဲတာမျိုး၊ နှိမ်ချပြီး ဆက်ဆံတာမျိုး တစ်ခါမျှ မရှိခဲ့ဖူးပါကြောင်း၊ အဲဒီလို ပံ့ပိုးမည့်သူများ၊ ကူညီမည့်သူများရှိနေချိန်တွင် ယခင်ပညာရှင်တွေကို မမီရင်တောင်မှ ယိုးစွဲနီးပါးလောက် မလိုက်နိုင်ရင်တော့ မိမိတို့အမျိုးသမီးစာပေပညာရှင်များ ညံ့နေသေးသည်ဟု ဆိုရမှာဖြစ်ပါကြောင်း။

အခုခေတ်လိုမျိုး အမျိုးသားစာပေဆုမှာရော ကလောင်သစ်များကို မြေတောင်မြှောက်ပေးနေသည့် စာပေဗိမာန်စာမူဆုတွေမှာပါ ဆုအမျိုးမျိုး ထပ်တိုး၊ ဆုငွေများလည်း တိုးပြီး ချီးမြှင့်သည်မှာ အားတက်စရာဖြစ်ပါကြောင်း၊ ထုတ်ဝေသည့် စာပေများတွင်လည်း ဟိုတစ်ခေတ်ကတော့ ချစ်တီးခေါင်း သန်းရှာသလိုမျိုးရမယ်ရှာပြီး ဟိုစာကြောင်းပယ်၊ ဒီစာပိုဒ်ဖြုတ်၊ မကျေနပ်ရင် ငွေမင်ပိတ်၊ သဘောမကျရင် စာတစ်ပိုဒ်လုံး မဂ္ဂဇင်းက အဆုတ်ခံရ၊ စာအုပ်အပိတ်ခံရအဖြစ်မျိုးတွေနဲ့ တိုးတက်တဲ့ စာပေကင်ပေတိုင်လို့ ခေါ်တဲ့ စာပေစိစစ်ရေးလည်း မရှိတော့ပါကြောင်း၊ စာပေလွတ်လပ်ခွင့်များ အများကြီးရလာသည့်အတွက် ဘက်စုံနယ်စုံ နယ်နိမိတ်ကျယ်ကျယ်ဝန်းဝန်း အကြောင်းအရာစုံ စာတွေထွက်လာတာ တွေ့ရပါကြောင်း၊ အဲဒီလိုနေရာများတွင် အမျိုးသား ပညာရှင်တွေက ခြေလှမ်းကျဲကြီးများဖြင့် တစ်ရှိန်ထိုး ချီတက်နေကြသလိုဖြစ်နေပါကြောင်း၊ မိမိတို့က အမျိုးသားပညာရှင်များ ထိုက်ထိုက်တန်တန်နှင့် ဆုယူသွားသည့် အဲဒီလို နယ်ပယ်မျိုးတွေကိုလည်း မိမိတို့အမျိုးသမီးများအနေဖြင့် တည့်တည့်မကြည့်ရဲလျှင်တောင် နည်းနည်းလေး မျက်စောင်းလေးထိုးပြီး အားကျဖို့ သင့်ပြီလို့ ထင်ပါကြောင်း၊ ကဗျာလေးတွေ၊ ဝတ္ထုတိုရှည်လေးတွေ ရေးတဲ့ ခွင်လောက်နဲ့ ကျေနပ်နေဖို့ မသင့်ပါကြောင်း။

တစ်ခါ ဒီနှစ်ဆုချီးမြှင့်ခံရတဲ့သူတွေထဲမှာ ထူးထူးခြားခြား တော်တဲ့လူငယ်လေးတွေ ဆုရွေးချယ်ခံရသည့်အထဲမှာ ပါလာတာကိုလည်း ဝမ်းသာမိပါကြောင်း၊ အထူးသဖြင့် ဝတ္ထုရှည်ဆုနှင့် စာပဒေသာဆုရသည့် စာအုပ်များကို ရွေးချယ်ဆုပေးနိုင်သည့် ခေတ်နဲ့ အခြေအနေ အရပ်ရပ်အတွက်လည်း ကျေးဇူးတင်မိပါကြောင်း။

ဆုရသူအားလုံးလိုလိုဆီက တူညီသည့် စကားသံများကို ကြားရပါကြောင်း၊ ဆရာ ဆင်ဖြူကျွန်း သန်းထွန်း ပြောသလို တစ်ခုခုကို မျှော်လင့်ပြီး ရေးသည့် စာမဟုတ်ပေမယ့် အသိအမှတ်ပြုခံရတော့ စာဆက်ရေးဖို့ အင်အားဖြစ်တယ်ဆိုတာ မှန်သော သစ္စာစကား ဖြစ်ပါကြောင်း၊ ဆရာဘိုးလှိုင် ပြောသလို ကိုယ်ကျိုးစီးပွား၊ ထင်ပေါ်ကျော်စောလိုမှုအတွက်ထက် အများဖတ်သင့်လို့ ဖတ်စေချင်သည့် စာမျိုးကိုရေးတာပါဆိုသည့် စေတနာက အဓိကဖြစ်ပါကြောင်း၊ နာဂ

○ မိမိတို့၏ မြန်မာစာပေလောကကို ကြည့်မည်ဆိုလျှင် အမျိုးသားနှင့် အမျိုးသမီးသည် တန်းခွဲတာမျိုး၊ နှိမ်ချပြီးဆက်ဆံတာမျိုး တစ်ခါမျှမရှိခဲ့ဖူး

○ အခုခေတ်လိုမျိုး အမျိုးသားစာပေဆုမှာရော ကလောင်သစ်များကို မြေတောင်မြှောက်ပေးနေသည့် စာပေဗိမာန်စာမူဆုတွေမှာပါ ဆုအမျိုးမျိုး ထပ်တိုး၊ ဆုငွေများလည်း တိုးပြီးချီးမြှင့်သည်မှာ အားတက်စရာဖြစ်

○ ဒီနှစ်ဆုချီးမြှင့်ခံရတဲ့သူတွေထဲမှာ ထူးထူးခြားခြား တော်တဲ့လူငယ်လေးတွေ ဆုရွေးချယ်ခံရသည့်အထဲမှာ ပါလာတာကိုလည်း ဝမ်းသာမိ



အမျိုးသားစာပေတစ်သက်တာဆု ရရှိသူများကိုယ်စား အမျိုးသားစာပေ တစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးညွန့်မောင် (မောင်မောင်ညွန့်- မန်းတက္ကသိုလ်) ကျေးဇူးတင်စကား ပြောကြားစဉ်။



အမျိုးသားစာပေဆုရရှိသူများကိုယ်စား အမျိုးသားစာပေဆုရ ဆရာမကြီး နတ်မောက်အနီချို ကျေးဇူးတင်စကား ပြောကြားစဉ်။

ဖတ်မိသူမှန်သမျှ ချီးကျူးပြီး အမှတ်တရပြောကြတာမို့ ရေးသားသည့် လူငယ်တွေကိုယ်စား ပီတိဖြာမိပါကြောင်း၊ ဒီလို စာကောင်းစာမွန်များကို တိုင်းရင်းသားတွေရဲ့ဒေသ၊ လူနေမှုဘဝအကြောင်းရေးသားပြီး စာပဒေသာဆုရသည့် ဆရာဉာဏ်ဝေ(မြစ်သာမြေ) စကားထဲကလို နိုင်ငံတော်ကပေးသည့်ဆုသည် ဆုယူသည့်သူ တစ်ယောက်တည်းအတွက် မဟုတ်ပါကြောင်း၊ အားလုံးအတွက် ဂုဏ်ပြုတယ်လို့ခံယူပါတယ်ဆိုတာလေးကို ကိုးကားရင်း ဆုရရှိသူအားလုံး ကိုယ်စား နိုင်ငံတော်သမ္မတကြီးနှင့် တကွ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့များနှင့် ကြွရောက်လာသည့် ဧည့်သည်တော်အပေါင်းကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများသည် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အသိအမှတ်ပြု**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၅၄ ဦးဖြင့် ဖွဲ့စည်းကာ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် အမျိုးသားစာပေဆုများကို စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀၊ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် ၂၅ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အမျိုးသားစာပေ တစ်သက်တာဆုများကို ၂၀၀၁ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ရာ ယခုနှစ်အတွက် စာပေပညာရှင်နှစ်ဦး အပါအဝင် စာပေပညာရှင် ၃၁ ဦးကို ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။ **သတင်းစဉ်**

---

❖ ကျောဖုံးမှ

ပြည်တွင်းလေယာဉ်ခရီးစဉ်များတွင် လိုက်ပါစီးနင်းမည့် ခရီးသည်များအနေဖြင့် ဓာတ်ခွဲနမူနာစစ်ဆေးပေးသည့်နေရာများသို့ လာရောက်ရာတွင် လိုက်နာရမည့်အချက်များကို ထုတ်ပြန်ကြေညာထားသည်။

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနက လေယာဉ်နှင့်လိုက်ပါမည့်သူများအား လေယာဉ်လက်မှတ်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) အခြားသက်သေခံအထောက်အထားနှင့် ခြောက်လအတွင်း ရိုက်ကူးထားသည့် ဓာတ်ပုံတစ်ပုံယူဆောင်လာမှစစ်ဆေးပေးမည်ဖြစ်ကြောင်း၊ ခရီးစတင်မထွက်ခွာမီ ၃၆ နာရီအတွင်း စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း၊ ဖော်ပြပါစစ်ဆေးရေးနေရာနှစ်ခုတွင်နေ့စဉ် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း စစ်ဆေးပေးမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းသို့လာရောက်စစ်ဆေးရာတွင် အဖော်ခေါ်ဆောင်လာခြင်းမပြုရကြောင်း၊ နှာခေါင်းစည်းနှင့် မျက်နှာအကာတပ်ဆင်လာရမည်ဖြစ်ပြီး စစ်ဆေးသည့် အချိန်မှလွဲ၍ အချိန်ပြည့်တပ်ဆင်ထားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် တစ်ဦးနှင့် တစ်ဦးကြား ခြောက်ပေခွာထားသော သတ်မှတ်နေရာများတွင် စနစ်တကျ စောင့်ဆိုင်းခြင်း၊ စောင့်ဆိုင်းနေစဉ် အစားအသောက်များ စားသုံးခြင်း ပြုရမည်မဟုတ်ကြောင်း၊ စစ်ဆေးပြီး၍ ရောဂါပိုးမတွေ့ရှိကြောင်း ထောက်ခံချက်ရပြီးပြီးချင်း အိမ်သို့ပြန်ရမည်ဖြစ်ကြောင်း။

ထို့ပြင် ခရီးသွားမည့်သူများသည်နေရပ်လိပ်စာများ (ရန်ကုန်မြို့နှင့် သွားရောက်မည့်မြို့ရှိ လိပ်စာ၊ ဖုန်းနံပါတ်များ)ကို မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းရမည်ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများအတိုင်း ကုသမှုခံယူရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြင့်မောင်**

○ (၄၆)ကြိမ်မြောက်မှ

ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်တင်လှိုင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်လှ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ) ဒေသကွပ်ကဲရေးမှူးနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မြို့မိ၊ မြို့ဖများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba ကို Virtual Meeting ဖြင့် လက်ခံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba ကို ယနေ့နံနက် ၆ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ Virtual Meeting ဖြင့် လက်ခံဆွေးနွေးသည်။

ဆွေးနွေးစဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ၂၀၁၉ ခုနှစ်အတွက် နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲဖြစ်သည့် ကလေးစစ်သည် စုဆောင်းမှုနှင့် အသုံးပြုမှုစာရင်းမှ မြန်မာ့တပ်မတော်ကို ပယ်ဖျက်ပြီးနောက်ပိုင်း စောင့်ကြည့်ကာလ တစ်နှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လမ်းပြမြေပုံ (Roadmap) အကောင်အထည်ဖော်ရေးကိစ္စအပါအဝင် မြန်မာနိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးအဖွဲ့ (The Country Task Force on Monitoring and Reporting–CTFMR) နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ စစ်ရေးချုပ်ရုံး၊ စစ်ဥပဒေချုပ်ရုံး၊ တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူးရုံးနှင့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံးတို့မှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေး ထိန်းသိမ်းရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂဘက်မှ မြန်မာနိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးအဖွဲ့ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr.Ola Almgrem နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. June Kunugi တို့ အွန်လိုင်းမှ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

သတင်းစဉ်

# တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေမူကြမ်းအပေါ် ဌာနများ၏ အကြံပြုချက်များ ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၅**

တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေမူကြမ်းအပေါ် ဌာနများ၏ အကြံပြုချက်များ ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက်၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆ ဖြင့် အတည်ပြုထုတ်ပြန်ခဲ့သော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေမူကြမ်းအပေါ် ဌာနများ၏ အကြံပြုချက်များ ညှိနှိုင်းဆွေးနွေးပွဲကို ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး လယ်ယာမြေသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက ဥပဒေမူကြမ်းတွင် ထည့်သွင်းပါဝင်သင့်သည့် အစိတ်အပိုင်းများ အလိုက် တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်ချက်များအား သုံးသပ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့် ဒုတိယဌာနေ ကိုယ်စားလှယ် Ms. Yukiko Iriyama တို့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား ၁၉၉၃ ခုနှစ်မှ စတင်၍ နှစ်ပေါင်း ၂၇ နှစ်ခန့် နှစ်ပေါင်းရှည်ကြာစွာ လက်တွဲ၍ လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များကို ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နှစ်နိုင်ငံအစိုးရနှင့်အတူ UNHCR တို့ ပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်နိုင်မှု၊ လက်ရှိအခြေအနေအရ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်စဉ်များကြောင့် ဘူးသီးတောင်၊ မောင်တောဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ၎င်းတို့ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာဖြင့် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရ MoU ရေးထိုးထားမှု၊ ရေးထိုးထားသည့် MoU အရ မိမိနိုင်ငံဘက်မှ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရေး အသင့်ပြင်ဆင်လုပ်ဆောင်ခဲ့မှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးဆောင်၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် UNDP/UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၁၈ ခုနှစ် ဇွန်လတွင် တစ်နှစ်သက်တမ်းရှိ (Exchange of Letters) ကို သုံးပွင့်ဆိုင် လက်မှတ်ရေးထိုးပြီးနောက် ၂၀၁၉ ခုနှစ် မေလနှင့် ၂၀၂၀ ပြည့်နှစ် မေလတို့တွင် MoU သက်တမ်းတိုးမြှင့် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့မှု၊ ယင်းနောက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ရခိုင်ပြည်နယ်အတွင်း နေထိုင်ခဲ့ဖူးသူများ ပြန်လည်လက်ခံခြင်းဆိုင်ရာ လုပ်ငန်းများ စိစစ်ကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံကိုယ်စားလှယ်များဖြင့် ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group – JWG) ကို ဖွဲ့စည်း၍ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိမိတို့ဌာနအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးပို့လာသည့် စာရင်းများအရ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဖူးခြင်း ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေး၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အကြောင်းပြန်ကြားမှုနှင့် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများ ကျင်းပဆောင်ရွက်နေမှု၊ UNDP/UNHCR တို့မှ ဝန်ထမ်းများသည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသများသို့ ကွင်းဆင်းလေ့လာမှုများကို အခြေခံ၍ ဆောင်ရွက်ရန်တင်ပြလာသည့် အသက်မွေးဝမ်းကျောင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများစသည်တို့နှင့်ပတ်သက်သည့် အကျိုးသက်ရောက်မှု ထိရောက်မြန်ဆန်သည့် စီမံကိန်း (Quick Impact Projects – QIPs) ၇၅ ခုအား ခွင့်ပြုဆောင်ရွက်နေမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအား ရှင်းရှင်းလင်းလင်း သိရှိနားလည်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် UNDP / UNHCR တို့မှ ထပ်မံရှင်းလင်းချပြ ပြောကြားပေးနိုင်ရေးအခြေအနေ၊ UNHCR အနေဖြင့် ရခိုင်ပြည်နယ် အရေးကိစ္စအပြင် ကချင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများမှ ပြည်သူများအား ပြန်လည်နေရာချထားရေးနှင့် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ မြန်မာများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု၊ UNHCR ဌာနေကိုယ်စားလှယ်အနေဖြင့် MoU ပါ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဝန်ကြီးဌာနနှင့် ရင်းနှီးပွင့်လင်းစွာ နီးနီးကပ်ကပ် ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် UNHCR ဌာနေကိုယ်စားလှယ်က နွေးထွေးပျူငှာစွာကြိုဆိုမှုအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် မိမိမှတ်သားသိရှိထားသည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏ လက်ရှိပကတိဖြစ်ရပ်များအပေါ် ကွင်းဆင်းလေ့လာသုံးသပ်ကာ MoU ပါ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဝန်ကြီးဌာနများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ အွန်လိုင်းစနစ်ဖြင့် ရေစီမံခန့်ခွဲမှုသင်တန်းဖွင့်

**ပဲခူး ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ(ITC)တွင် ရေစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက Zoom Application Platform စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်နှင့် သင်တန်းတာဝန်ခံများ၊ သင်တန်းနည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် ဆည်ရေစီမံခန့်ခွဲမှုဘာသာရပ်၊ စိုက်ပျိုးရေလိုအပ်ချက် တွက်ချက်ခြင်းဘာသာရပ်၊ စိုက်ကွင်းအတွင်း ရေစီမံခန့်ခွဲခြင်းဆိုင်ရာ အခြေခံဗဟုသုတဘာသာရပ်၊ ရေခွန်၊ တာတမံခွန်ဥပဒေနှင့် တာတမံဥပဒေ၊ ဆည်မြောင်းဥပဒေဘာသာရပ်အပါအဝင် သင်တန်းဘာသာရပ် ရှစ်ခုအား သက်ဆိုင်ရာဘာသာရပ်သင်ကြားရေးတာဝန်ခံ ခုနစ်ဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၈၈ ဦးတို့က Zoom Application စနစ်အသုံးပြု၍ တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းအား ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Partnership Summit 2020 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အိန္ဒိယနိုင်ငံ Confederation of Indian Industry (CII) က ကြီးမှူးကျင်းပသည့် Partnership Summit 2020 ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အွန်လိုင်းမှ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျင်းပသည့် အခမ်းအနား၏ ရည်ရွယ်ချက်ဖြစ်သော “Partnerships for Lives, Livelihood and Growth”သည် လက်ရှိကာလ ကမ္ဘာ့အသိုက်အဝန်း၏ အခြေအနေကို ထင်ဟပ်နေပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် အခြားအရေးကြီးသော ကဏ္ဍများပါ လွှမ်းခြုံပါဝင်နေသဖြင့် မိတ်ဖက်စီးပွားရေး အသိုက်အဝန်းများအကြား ပိုမိုခိုင်မာသော ဆက်သွယ်ဆက်ဆံရေးနှင့် စီးပွားရေးချိတ်ဆက်ဆောင်ရွက်မှု အခွင့်အလမ်းများ ရရှိလာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊

ကိုဗစ်-၁၉ ကပ်ရောဂါ ကြုံတွေ့နေရသော ယနေ့ အခြေအနေတွင် ဒစ်ဂျစ်တယ်နည်းပညာအား ကုန်သွယ်မှုကဏ္ဍ၌ ပိုမိုအလေးထားအသုံးပြုလာကြသဖြင့် ဒစ်ဂျစ်တယ် စီးပွားရေးနှင့်စပ်လျဉ်းသည့် အတွေ့အကြုံများနှင့် New Normal အခြေအနေအတွက် ပိုမိုဆန်းသစ်၍ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော ဖွံ့ဖြိုးတိုးတက်မှုပုံစံများကို မျှဝေဆွေးနွေးပေးစေလိုပါကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ထွန်းသစ်စဈေးကွက်များတွင် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့နေရသဖြင့် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကို ပိုမိုအားပေးမြှင့်တင်ပေးပြီး ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်လုပ်မှု ကွင်းဆက်တွင် အဆင်ပြေချောမွေ့စေရေးနှင့် ပိုမိုခိုင်မာအားကောင်းသော စီးပွားရေးပြန်လည်ကုစားနိုင်ရေးတို့အတွက် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊

**ရေးဆွဲဆောင်ရွက်နေ**

မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ရေရှည်ကာလတွင် မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးတို့အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့်ချိတ်ဆက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP)ကို ရေးဆွဲဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်ရေးကဏ္ဍတို့တွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာကောင်းများစွာရှိနေပြီး အခြားအရေးပါသောကဏ္ဍများအနေဖြင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ စွမ်းအင်၊ ခရီးသွားကဏ္ဍ၊ ကုန်ထုတ်လုပ်ငန်း၊ ကုန်ကြမ်းယူကုန်ချောပေး ဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP)၊ အခြေခံအဆောက်အဦနှင့် သတင်းအချက်အလက်နည်းပညာတို့ပါဝင်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဖင်လန်နိုင်ငံ Ministry of Development Cooperation and Foreign Trade ဝန်ကြီး၊ သီရိလင်္ကာနိုင်ငံ Ministry of Trade ၏ ဝန်ကြီး၊ ယူအေအီးနိုင်ငံ Ministry of State for Foreign Trade ဝန်ကြီး၊ အိန္ဒိယနိုင်ငံ Ministry of Commerce and Industry, Railways, Consumer Affairs, Food & Public Distribution ဝန်ကြီး၊ Confederation of Indian Industry(CII) President၊ အိန္ဒိယနိုင်ငံ၊ Department for Promotion of Investment and Internal Trade, Ministry of Commerce and Industry Secretary တို့က အဖွင့်အမှာစကား ပြောကြားကြသည်။



Partnership Summit 2020 အား ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ၄ ရက်အတွင်း Session ၄၀ ဖြင့် ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲ ၆၀ ကျော်၊ နိုင်ငံတကာကုမ္ပဏီများမှ CEO ၃၀ ကျော်နှင့် နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ် ၆၀၀၀ ကျော်တို့က အွန်လိုင်းမှ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲရေးအတွက် ဆရာသမဂ္ဂများ၊ ဆရာအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan-NESP) (2021-2030) ရေးဆွဲရေးအတွက် ဆရာသမဂ္ဂများ၊ ဆရာအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)မှ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**အထူးတန်ဖိုးထားလေးစား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပညာရေးနှင့်သက်ဆိုင်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုကို အထူးတန်ဖိုးထားလေးစားပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်သည့် ပညာရေးလုပ်ငန်းစဉ်များကို ပိုမိုအားကောင်းအောင် ဆက်လက်ဆောင်ရွက်ရန်နှင့် အခက်အခဲ၊ စိန်ခေါ်မှုများကြောင့် မအောင်မြင်သေးသည့် လုပ်ငန်းစဉ်များကိုလည်း ပြန်လည်စိစစ်ပြီး စုပေါင်းအင်အားဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဤသို့ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ပြန်လည်သုံးသပ်ခြင်းများ (Annual Performance Review) ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းအပြင် ဩစတြေးလျနိုင်ငံအစိုးရ၏ အကူအညီဖြစ်သော My-EQIP အစီအစဉ်ဖြင့် လွတ်လပ်သော တတိယအဖွဲ့အစည်းတစ်ခုကို တာဝန်ပေးအပ်၍ ကာလလယ် ပြန်လည်သုံးသပ်မှုအစီရင်ခံစာ (Mid-Term Review Report) ထုတ်ပြန်ထားမှုရှိပါကြောင်း၊

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) သည် Mid-Term Review Report ၏ တွေ့ရှိချက်နှင့် ထောက်ခံအကြံပြုချက်များကို အခြေခံကာ ဆက်လက်ဆောင်ရွက်မည့် နိုင်ငံ၏ အနာဂတ်အတွက် အရည်အသွေးရှိသောပညာရေး (Quality Education)ကို ဦးတည်အကောင်အထည်ဖော်သည့် မဟာဗျူဟာစီမံကိန်းကြီးဖြစ်ပါကြောင်း၊ လူတိုင်း မူလတန်းပြီးလျှင် ဖတ်တတ်၊ ရေးတတ်၊ တွက်တတ်ရန် လိုပါကြောင်း၊ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်ကို ခွဲခြားနိုင်မှသာ တစ်သက်လုံး သင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ မူလတန်းပြီးရုံမဟုတ်ဘဲ အလယ်တန်း၊ အထက်တန်းပြီး၍ အလုပ်မဝင်ခင်တွင် ခေတ်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် အဆင့်မြင့်ကျွမ်းကျင်မှုများရရှိအောင် ကျွမ်းကျင်မှုသင်တန်းများပေးရန်လိုပါကြောင်း၊

တက္ကသိုလ်များမှလည်း တစ်သက်တာသင်ယူမှုအခွင့်အလမ်းများ ဖော်ဆောင်ပေးရန် အရေးကြီးပါကြောင်း၊ အရည်အသွေးရှိသည့် ပညာရေးကို အကောင်အထည်ဖော်ရာတွင် မူဝါဒ၊ စံသတ်မှတ်ချက်များ သေသေချာချာ ချမှတ်ဆောင်ရွက်ရတာဖြစ်ပါကြောင်း၊ အမျိုးသားပညာအရည်အချင်းမူဘောင် (National Qualification Framework-NQF) သည် အင်မတန်အရေးကြီးပါကြောင်း၊ NQF အရ မူလတန်းပြီးပါက Level-1 ပြီးတာဖြစ်ပြီး အလယ်တန်းပြီးပါက Level-2 ပြီးတာဖြစ်ပါကြောင်း၊ အထက်တန်းပြီးပါကလည်း Level-3 ပြီးတာဖြစ်ပါကြောင်း၊ Level-3 ပြီးသည့်အခါတွင် Level-4 မှာ တစ်နှစ်နှင့် တစ်နှစ်တာအတွင်း သင်ယူရသည့် Short Cycle ကာလတို Certificate သင်တန်းများဖြစ်ပါကြောင်း၊ ၎င်းသင်တန်းပြီးဆုံးပါက သတ်မှတ်အရည်အသွေးပြည့်မီလျှင် Level-5 ကို ဆက်တက်ခွင့်ရှိပါကြောင်း၊ Level-5 သည် တစ်နှစ် သို့မဟုတ် နှစ်နှစ်အထိ တက်ရသည့် ဒီပလိုမာ (Diploma) သင်တန်းများ သို့မဟုတ် အဆင့်မြင့်ဒီပလိုမာ (Advanced Diploma) သင်တန်းများဖြစ်ပါကြောင်း၊ ထိုသင်တန်းများတွင် အရည်အချင်းသတ်မှတ်ချက် ပြည့်မီပြီးမြောက်ပါက တက္ကသိုလ်ကို ဆက်တက်ခွင့်ရပါကြောင်း၊ Level-6 သည် ရိုးရိုးဘွဲ့ (Bachelor Degree) ဖြစ်ပါကြောင်း၊ Level-7 သည် မဟာဘွဲ့ (Master Degree) ဖြစ်ပါကြောင်း၊ Level-8 သည် ပါရဂူဘွဲ့ (Doctoral Degree) ဖြစ်ပါကြောင်း၊ Level-3 ပြီးပါက Level-4 နှင့် Level-5 ကို ခုန်ပြီး Level-6 ကို တိုက်ရိုက်ဝင်ရောက်နိုင်ရန်အတွက် နိုင်ငံအသီးသီးရှိ စနစ်များကို လေ့လာပါက အင်္ဂလန်တွင် GCE A ဖြစ်ပါကြောင်း၊ USA မှာဆိုရင် SAT ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံများတွင် National Exam ဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံတွင် Cambridge ၏ GCE A ဖြစ်ပါကြောင်း၊ Level-3 မှ Level-4 နှင့် Level-5 ကိုခုန်ပြီး တိုက်ရိုက်သွားသည့်စနစ်ဖြစ်သဖြင့် နိုင်ငံတိုင်းသည် National Exam သတ်မှတ်ပြီး ဆောင်ရွက်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊



**ဆောင်ရွက်ပေးခြင်းဖြစ်**

Level-3 ပြီး၍ အခြေခံပညာအထက်တန်းဆင့်ပြီးမြောက်ကြောင်းလက်မှတ် (High School Completion Certificate) ရသူများအနေဖြင့် Level-4 ကို သွားလို့ရပါကြောင်း၊ Level-4 ပြီးလျှင် သတ်မှတ်ချက်ပြည့်မီပါက Level-5 ကို ဆက်သွားလို့ရပြီး Level-5 ပြီးလျှင် သတ်မှတ်ချက်ပြည့်မီပါက Level-6 ကို ဆက်သွားသည့် အခွင့်အလမ်းများရှိသောကြောင့် Credit Transfer System များ သတ်သတ်မှတ်မှတ်ချမှတ်ပြီး ဆောင်ရွက်ပေးရန် လိုပါကြောင်း၊ ယခုဆောင်ရွက်နေမှုများသည် တစ်သက်တာသင်ယူမှုအခွင့်အလမ်းရှိအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊

ကိုဗစ်-၁၉ ကြောင့် စဉ်ဆက်မပြတ်သင်ယူမှု (Learning Continuity) ဖြစ်ရန်နှင့် သင်ယူမှုမဆုံးရှုံးစေရေး (No Learning Loss) မဖြစ်ရန်အတွက် ဒစ်ဂျစ်တယ်သင်ယူမှု (Digital Learning) လုပ်နိုင်အောင် High-Tech Learning လုပ်ပေးရန်လိုပါကြောင်း၊ လုပ်ငန်းခွင်ထဲသို့ ဝင်ရောက်သည့်အခါတွင် သီအိုရီ (Theory) နှင့် လက်တွေ့ (Practice) ပေါင်းစပ်ပြီး လုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင်၊ စွမ်းဆောင်ရည်အမြင့်ဆုံးနှင့် အကောင်းဆုံးဆောင်ရွက်ပေးရန် လိုပါကြောင်း၊ ထိုသို့ လိုအပ်သော အရည်အချင်းများ ဖြည့်ဆည်းပေးရန် Face-to-Face Teaching learning သည် အစားထိုး၍ မရပါကြောင်း၊ ဆရာ ဆရာမများ၏ အရည်အချင်းသည်လည်း အင်မတန်အရေးကြီးပါကြောင်း၊ ဆရာဆရာမများ၏ အရည်အသွေးကို မြှင့်တင်ပေးရန် လိုပါကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများကို ဦးစားပေးပြီး နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရန် လိုပါကြောင်း၊ တစ်သက်တာပေါင်းစပ် သင်ယူမှုအခွင့်အလမ်းကို High-Tech Learning နှင့် High-Touch Learning ပေါင်းစပ်ထားသည့် Blended Learning ဖြင့်လည်း ကျောင်းသူ ကျောင်းသားများ၊ လူငယ်များကို ပေးနိုင်မှသာ အဆင့်မြင့်ကျွမ်းကျင်မှုများကို အရည်အသွေးရှိသည့် ပညာရေးက အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ Academic Performance ကလည်း အရေးကြီးသလို စိတ်နေသဘောထားများ၊ ကောင်းမွန်သော သဘောထားအမြင်များ၊ တန်ဖိုးထားမှုများကလည်း အရေးကြီးပါကြောင်း၊ ၂၁ ရာစု ကျွမ်းကျင်မှုနှင့် အရည်အသွေးများ (21st Century Skills and Competencies) တွင် ပါဝင်သည့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု (IQ) နှင့် စိတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကိုစာနာပေးနိုင်မှု (EQ) အပြည့်အဝရရှိနိုင်ရေးအတွက် အရည်အသွေးရှိသော ပညာရေး (Quality Education) ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စုပေါင်းအင်အားနှင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ဝေဖန်ပေးခြင်း၊ အကြံပြုခြင်းဖြင့် ဆွေးနွေးပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) အခန်း(၇)မှ အဆင့်မြင့်ပညာ၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆရာသမဂ္ဂများ၊ ဆရာအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရာထူးခန့်၊ တိုး၊ ပြောင်းကိစ္စရပ်များ၊ သိရှိလိုသည်များနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) အတွက် ထောက်ခံ၊ အကြံပြုချက်များကို ဆွေးနွေးခဲ့ကြကာ ညှိနှိုင်းဆွေးနွေးပွဲကို ညနေ ၇ နာရီခွဲတွင် ပြီးစီးကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုရရှိခဲ့ကြသူများနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၏ စကားသံများ

တွေ့ဆုံမေးမြန်း
ရီရီ၊ ဥမ္မာ၊ စန္ဒီ
ဓာတ်ပုံ
ဇော်မင်းလတ်၊ ရဲထွဋ်

နတ်တော်လဆန်း (၁) ရက်နေ့ကို  မြန်မာနိုင်ငံတွင် စာဆိုတော်နေ့ဟု  သတ်မှတ်ထားသည်။ စာဆိုတော်နေ့သည် နိုင်ငံတော်၏ ဘာသာသာသနာ၊  လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု အသိပညာအဖြာဖြာတို့ကို တိုးတက်အောင် ကလောင်ကိုင်စွဲပြီး ပါဝင်ကြိုးပမ်းခဲ့သည့် စာပေပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်သည်။



ဆရာဆင်ဖြူကျွန်းသန်းထွန်း



ကဗျာဆရာမ ပန်ဒိုရာ




ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)



ဒေါက်တာလှကြည်



ဦးဝင်းငြိမ်း



ဦးခင်မောင်စိုး(မောင်သာမည)

ယခုနှစ်တွင်  အမျိုးသားစာပေတစ်သက်တာဆုရှင် နှစ်ဦးနှင့် ဘာသာရပ် ၁၀ မျိုးတွင် ဆရာ ဆရာမကြီး ၁၀ ဦးတို့က အမျိုးသားစာပေဆုများ ရရှိခဲ့ကြသည်။

ယနေ့စာပေဆုချီးမြှင့်ပွဲတွင် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုရရှိခဲ့ကြသူများနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များအား မြန်မာ့သတင်းစဉ်က မေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

### ဆရာဆင်ဖြူကျွန်းသန်းထွန်း

မြန်မာ့နိုင်ငံခြားဆက်ဆံရေးများ ခေါင်းစဉ်နဲ့ ရေးထားတာပါ။ လွတ်လပ်ရေးရတဲ့ အချိန်ကနေပြီးတော့ ၂၀၁၅ အထိ မြန်မာ့နိုင်ငံခြားဆက်ဆံရေးများကို ခေတ်ကာလပိုင်းခြားပြီး ရေးသားထားတာပါ။ အခုကတော့ နိုင်ငံခြားဆက်ဆံရေးကို တော်တော်များများစိတ်ဝင်စားပြီး ဖတ်လည်းဖတ်နေကြပြီဖြစ်တယ်။ နောက်ပြီး တကယ်လည်း အရေးကြီးတဲ့အချိန်ကာလဖြစ်တယ်။ အဲဒီလို ကျွန်တော့်စာအုပ်ကို ကြိုးစားပြီးဖတ်မယ်ဆိုရင် နိုင်ငံခြားဆက်ဆံရေးအခြေအနေကို နားလည်ပြီး အကျိုးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီထက်ပိုပြီး တတ်နိုင်လို့ရှိရင် ရည်ညွှန်းထားတဲ့ စာအုပ်စာတမ်းတွေကို ရှာဖွေပြီး ဆက်ဖတ်သွားမယ်ဆိုရင်  ကျွန်တော်ရေးထားတာထက်  ပိုမိုပြည့်ပြည့်စုံစုံ နားလည်သွားနိုင်ပါမယ်။

### ကဗျာဆရာမ ပန်ဒိုရာ

အမျိုးသားစာပေဆု ကဗျာပေါင်းချုပ်နဲ့ ဆုရတာပါ။ ယနေ့ခေတ် ကဗျာဆရာတွေ အတော်များများရေးနေကြတဲ့ ခေတ်ပေါ်၊ ခေတ်ပြိုင်ကဗျာအမျိုးအစားတွေပါ။ ရိုးရာပုံစံမဟုတ်ဘူး။ ဒီလိုကဗျာမျိုးတွေ ထည့်သွင်းစဉ်းစားတယ်ဆိုတော့ ဆုပေးတဲ့အဖွဲ့တွေက  လိုသလိုဆုံးဖြတ်နိုင်တာ  တွေ့တဲ့အတွက်ကြောင့် အများကြီးဝမ်းသာပါတယ်။ လွတ်လပ်တဲ့ အစိုးရလက်ထက်မှာ လွတ်လွတ်လပ်လပ်ဆုံးဖြတ်ချက်တွေ ချနိုင်တယ်။ ကျွန်မရေးတဲ့အထဲက ကဗျာတွေက ဒီခေတ်မှာ  ကဗျာဆရာ အများအပြားက  လွတ်လွတ်လပ်လပ်ရေးကြတာများတယ်။ အဲဒီလွတ်လပ်မှုက  ဘယ်သူ့အတွက် ဘယ်ဟာအတွက် တစ်ခါတလေ အများကို ကိုယ်စားပြုပြီး အများပြည်သူမမြင်နိုင်တဲ့ သာမန်ပြည်သူတစ်ယောက်အနေနဲ့ တွေ့ကြုံပြီးတော့ ဒါကို ကဗျာအားဖြင့် ပြန်လည်ပြီးရေးလိုက်တာ မျိုးရှိတယ်။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်မှုရှိနိုင်ပါတယ်။ ကျွန်မတို့လည်း ပုံမှန်အရပ်ထဲမှာ သွားလာနေကြတဲ့သူ အဲဒီထဲမှာ ကဗျာကို ဝါသနာပါသူပေါ့။ ဒါပေမယ့် သုံးစွဲပုံတွေကတော့ ရေးခေတ်ပုံစံမျိုး မဟုတ်တော့ဘဲ ဒီခေတ်ရဲ့ ရွေ့လျားမှုအတိုင်း အာရုံခံစားမှုအတိုင်း ဒီခေတ်မှာ ကဗျာဆရာ အများအပြားက ရေးလာနေကြတယ်။ အဲဒီလို ပြည်သူအတွက်  ရည်ရွယ်ချက်ကြီးနဲ့ ရေးတာမျိုးမဟုတ်ပေမယ့်လည်း အားလုံးဖတ်ကြည့်မယ်ဆိုရင်တော့ အနည်းအများ  ဆက်သွယ်မှုရလိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်မစာအုပ်ထဲက ကဗျာတွေက အမျိုးအစားစုံပါတယ်။ နေ့စဉ်ဘဝအဖြစ်အပျက်တွေ၊ အရေးကြီးတဲ့ အချိန်ရက်စွဲတွေ ရေးထားပါတယ်။ ဒါတွေကို  ပြန်လည်ဆက်စပ်ကြည့်မယ်ဆိုရင် ဘယ်အချိန်က ဘာဆိုတာ သိနိုင်ပါလိမ့်မယ်။

### ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)

ဆုရတာက ဘာသာပြန်(သုတ)စာအုပ်ပါ။ ကျွန်တော့် ဘာသာပြန်စာအုပ်က အိန္ဒိယနိုင်ငံဝန်ကြီးချုပ်လည်းဖြစ်၊ လွတ်လပ်ရေးခေါင်းဆောင်ကြီးလည်းဖြစ်တဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး ဂျဝါဟာလားနေရူး အင်္ဂလိပ်လိုရေးတဲ့ စာအုပ်ကို ဘာသာပြန်ထားတာပါ။  စာအုပ်နာမည်က  လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်းပါ။ စာအုပ်က  တော်တော်ရှည်ပါတယ်။ အင်္ဂလိပ်လူမှုရေးမှာကိုက  စာမျက်နှာ တစ်ထောင်နီးပါးရှိတယ်။ ကျွန်တော်က စာအုပ်သုံးအုပ်ခွဲပြီးတော့ ဘာသာပြန်ရပါတယ်။  အားလုံးစာမျက်နှာ  နှစ်ထောင်နီးပါးရှိတယ်။ ဒီစာအုပ်က နေရူး လွတ်လပ်ရေးတိုက်ပွဲ လုပ်ကိုင်နေတဲ့အတွက် အင်္ဂလိပ်အစိုးရက ဖမ်းပြီးထောင်ချတယ်။ ထောင် ၉ ကြိမ်ကျတယ်။  ထောင်ထဲကနေပြီးတော့  သူ့သမီး အင်ဒီရာဂန္ဒီဖတ်ဖို့ သမီးအတွက် အလွမ်းစာလေးသဘော ၃ ရက် တစ်စောင်နှုန်းနဲ့ အခန်းဆက်ပေးစာတွေရေးတယ်။  အားလုံးပေးစာပေါင်း (၁၉၆) စောင်။ ကြုံတုန်းပြောရရင် နေရူးက သမီးထံပေးစာများဆိုတဲ့ စာအုပ်ငယ်လေးတစ်အုပ်ရှိတယ်။ အဲဒါ စာအစောင် (၃၀)လောက်ပါတယ်။ အဲဒါက သတ်သတ်ပါ။ မြန်မာနိုင်ငံမှာ အဲဒီစာအုပ်  ဘာသာပြန်လည်းရှိပြီး လူသိလည်းများတယ်။ အခု ကျွန်တော် ဘာသာပြန်တဲ့  လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်းကတော့ဖြင့်  မြန်မာနိုင်ငံမှာ ဘာသာပြန်မရှိပါဘူး။  လူသိနည်းတယ်။  အဲဒီတော့  တစ်ယောက်တလေက မထိမသိ မပြီးမစီးဘာသာပြန်တာလေးတွေတော့  တွေ့တယ်။ ကျွန်တော်ကတော့ အစအဆုံးတစ်လုံးမကျန် ဘာသာပြန်တယ်။ ဒီစာအုပ်က အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင်ကြီး ဂန္ဒီပြီးရင် အိန္ဒိယမှာ အထင်ရှားဆုံး အရေးအပါဆုံး ခေါင်းဆောင်ကြီး၊ ကမ္ဘာ့နိုင်ငံရေးမှာလည်း အင်မတန်အရေးပါတဲ့ ပုဂ္ဂိုလ်ကြီး ဒီပုဂ္ဂိုလ်က သူ့သမီးအတွက် အမွေပေးတဲ့သဘောပါ။

၁၉၃၈ ခုနှစ်အထိ ၁၉၃၉ ခုနှစ် ဥရောပ မှာ ဒုတိယကမ္ဘာစစ် စဖြစ်တယ်။ ကျွန်တော်တို့  မြန်မာနိုင်ငံမှာတော့ ၁၉၄၁  အကုန်  ဒီဇင်ဘာလထဲမှာ ဒုတိယကမ္ဘာစစ်ရောက်လာတယ်။ အဲဒီဒုတိယ ကမ္ဘာစစ်ဖြစ်အံ့ဆဲဆဲ ၁၉၃၈ ထိအောင် နေရူးက သမိုင်းကို တော်တော်ပြည့်ပြည့်စုံစုံ အချက်အလက်တွေ အဓိကကျတဲ့ အချက်တွေကို  စီကာပတ်ကုံး  ရေးထားတော့  အင်မတန်မှ  အဆီအနှစ်၊ ယဉ်ကျေးမှုရှုထောင့်၊ နိုင်ငံရေးရှုထောင့်၊ သမိုင်းရှုထောင့်ဘက်စုံကနေပြီးတော့ သမီးအတွက် ရေးတယ်။ ဒီစာအုပ်က အင်မတန်ကို နာမည်ကြီးပါတယ်။ စာအုပ်က  ရိုက်နှိပ်တာ စာအုပ်ပေါင်းက သန်း (၂၀)ကျော်သွားတယ်။

အဲဒီခေတ်  ဗြိတိသျှအစိုးရ  အုပ်ချုပ်တာဆိုတော့  နိုင်ငံရေးအကျဉ်းသားတွေက အထိုက်အလျောက် လွတ်လပ်မှုရတယ်။ စာအုပ်ဖတ်လို့ရတယ်။ စာရေးလို့ရတယ်။ ပိုက်ကောင်းတာက အိန္ဒိယက ပဏ္ဍိတ်လို့ခေါ်တဲ့ ပညာရှိကြီးတွေ၊ ဗြဟ္မဏကြီးတွေ၊ ပုဏ္ဏားကြီးတွေ၊ ပညာတတ်လူတန်းစားအလွှာ  အိန္ဒိယမှာ များတယ်။ အဲဒီက မျိုးချစ်ပုဂ္ဂိုလ်တွေလည်း ထောင်ကျတယ်။ နေရူးက ထောင်ထဲမှာ ဒီပုဂ္ဂိုလ်တွေနဲ့ ပြောဆိုဆွေးနွေးခွင့်ရတယ်။  အဲဒီတော့ ဒီစာအုပ်က ပညာနယ်ကျယ်ပြန့်ပြီး တန်ဖိုးရှိတဲ့ အသိပညာတွေပါတဲ့အတွက် ကျွန်တော် ဘာသာပြန်ရတဲ့အတွက်လည်း  ဝမ်းသာမိပါတယ်။ အထူးသဖြင့် နိုင်ငံတော်က ဒီစာအုပ်ကို အမျိုးသားစာပေဆုဘာသာပြန်ဆုပေးတဲ့အတွက်  စာအုပ်ကို  ပိုပြီးလူသိများအောင် မြှင့်တင်ပေးရာရောက်တဲ့အတွက်  ကျေးဇူးတင်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း သတိပြုလာတယ်။ အခုလို အစဉ်အလာအနေနဲ့ နှစ်စဉ် အမျိုးသားစာပေဆု စာအုပ်တွေ စာကောင်းပေမွန်တွေကို ရွေးချယ်ပြီး နိုင်ငံတော်ကပေးတဲ့ အစဉ်အလာကို    ဆက်လက်ထိန်းသိမ်းဆောင်ရွက်နေတဲ့   နိုင်ငံတော်အစိုးရ လက်တွေ့အားဖြင့် ဆောင်ရွက်နေတဲ့ ပြန်ကြားရေးဝန်ကြီးဌာနကို ကျေးဇူးတင်ပါတယ်။   ပြန်ကြားရေးဝန်ကြီးဌာန  စာပေဗိမာန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာလည်း ပါဝင်လုပ်ဆောင်ပေးနေပါတယ်။ နောက်လည်း ကောင်းတဲ့အမွေဆက်ခံပြီးတော့  နိုင်ငံတော်အစိုးရရဲ့  ကိုယ်စားပြန်ကြားရေးဝန်ကြီးဌာန  အမျိုးသားစာပေဆု    နှစ်စဉ်ဆက်လက်လုပ်သွားနိုင်ပါလိမ့်မယ်လို့   ယုံကြည်ပါတယ်။ လုပ်ဖို့လည်း တိုက်တွန်းပါတယ်။

### ဒေါက်တာလှကြည်
### အာဟာရဆရာဝန်ကြီး(ငြိမ်း)

အမျိုးသားစာပေဆုကို  ကင်ဆာရောဂါနှင့်  မြန်မာ့အစားအစာစာအုပ်နဲ့ ဆုရတာပါ။ ရေးတာကတော့ မြန်မာတွေ အစားအသောက်ကြောင့် ကင်ဆာရောဂါတွေဖြစ်တာ  အတော်များတယ်။ ဆရာဝန်တွေလည်း ပါတယ်။ လူတွေ ဆေးလိပ်သောက်ရင် အဆုတ်ကင်ဆာဖြစ်တာလောက်ပဲသိတယ်။ အစာစားရင် ဖြစ်တဲ့ ကင်ဆာကို သူတို့ မသိကြဘူး။ အစာစားရင်ဖြစ်တဲ့ ကင်ဆာအများကြီးပါ။ ရာခိုင်နှုန်းအားဖြင့်ပြောရင်  အဲဒီစာအုပ်ထဲမှာ  ဖော်မလင်တို့၊  ယမ်းစိမ်းတို့၊ ဆိုးဆေးတွေအကြောင်း  ရေးထားပါတယ်။  လူတွေက  ပေါ့ပေါ့လေးထင်တာ၊ နောက် မှိုပေါ့။ မြေပဲမှာပါတဲ့မှို၊ ပြောင်းဖူးမှာပါတဲ့မှို အဲဒီမှိုတွေကြောင့် ရောဂါဖြစ်တာလည်း ရှိတယ်။ လူတွေက မှိုဆို မြေပဲလောက်ပဲသိတာ၊  ငရုတ်သီးမှုန့်မှိုလောက်ပဲသိတာ၊ မြေပဲဆီစားရင် မှိုတက်တယ်ဆိုတော့ နှမ်းဆီ၊ ပြောင်းဆီတို့ကို ပြောင်းစားတယ်။  နှမ်းလည်း မှိုတက်ရင် ကင်ဆာဖြစ်တယ်။ ပြောင်းဆီလည်း မှိုတက်ရင် ကင်ဆာဖြစ်တယ်။ မှိုတက်နေတဲ့ ပြောင်းဖူး၊ ပဲဖတ်၊ နှမ်းဖတ် နွားကိုကျွေးရင်  နွားနို့ထဲမှာ  ကင်ဆာဖြစ်စေတဲ့  အဆိပ်ပါလာတယ်။ သူတို့ အသားမှာ အမဲသား၊ ဝက်သားမှိုပါလာရင် ဒီအသားကိုစားရင်လည်း ကင်ဆာဖြစ်တယ် အဲဒါတွေ ရေးထားတာပါ။

နောက် ဖော်မလင်နဲ့ပတ်သက်လို့ ပဲပြားမှာ ဖော်မလင်ပါတယ်။ ငါးတွေကို မပုပ်သိုးအောင် လုပ်တယ်။ ဒါကို ထုတ်လုပ်ရောင်းချသူတွေကျတော့ မစားဘူး။ ဝယ်တဲ့သူတွေကသာ စားကြတာ။ သူတို့ကိုယ်သူတို့ လွတ်ပြီလို့ထင်တာ၊ အမှုန်ကနေ အငွေ့ပြန်ရင် ရှူလို့ နှာခေါင်းကနေတစ်ဆင့် နှာခေါင်းနောက် ကင်ဆာဖြစ်တယ်။ လုပ်တဲ့သူတွေ သူတို့မစားပေမယ့်လည်း ကင်ဆာဖြစ်တယ်။ အဲဒါတွေ ရေးထားတယ်။ လူတွေ ဗဟုသုတအနေနဲ့ အစားအသောက် ဘယ်လောက် အရေးကြီးလဲဆိုရင်  အရင်တုန်းက  ဂျပန်တွေ  အစာအိမ်ရောဂါဖြစ်တယ်။ အမေရိကန်တွေ  ဆီးကျိတ်ကင်ဆာဖြစ်တယ်။  ဒါ ထုံးစံပဲ၊  ဟိုတုန်းကပေါ့။ ဒါပေမယ့် ဂျပန်တွေ အမေရိကန်ကို ပြောင်းနေပြီးတော့ နောက်မျိုးဆက်တစ်ခု နှစ်ခုဆိုရင် ဂျပန်တွေဖြစ်တဲ့ ကင်ဆာက အမေရိကန်တွေ ဖြစ်တဲ့ ကင်ဆာဖြစ်သွားရော၊ အစာအိမ် ကင်ဆာမဖြစ်တော့ဘူး။ ဘာဖြစ်လို့ဆိုတော့ ဂျပန်ပင်ဖြစ်စေကာမူ အမေရိကန် အစားစားပြီး အမေရိကန်လိုနေသောကြောင့် အမေရိကန်ကင်ဆာဖြစ်တာပါ။ ဒါကြောင့် ကင်ဆာဆိုတာ ဗီဇကြောင့် အမေမှာ ကင်ဆာပါရင် သမီးမှာလည်း ကင်ဆာဖြစ်တယ်။ ဒါလည်းမှန်တယ်။ ဒါပေမယ့် အစားအသောက်က အရေးကြီးတယ်။ အစားအသောက် ပြောင်း၊ နေရာပြောင်းရင် ဖြစ်တဲ့ကင်ဆာ အမျိုးအစား ပြောင်းသွားတယ် အဲဒါကို ရေးထားတာပါ။

### ဦးဝင်းငြိမ်း
### အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ
### အဖွဲ့ခေါင်းဆောင်(ဝတ္ထုတို)

ဝတ္ထုတိုနဲ့ပတ်သက်ရင်တော့ ရွေးချယ်တဲ့စံတွေရှိတယ်။ အချက်အလက်တွေ အားကောင်းရမယ်၊ ခေတ်ပြိုင်ခံစားချက်ရှိရမယ် စတဲ့ စံသတ်မှတ်ချက်တွေနဲ့ သတ်မှတ်တယ်။  ဒီနှစ်မှာ ဝတ္ထုတိုအနေနဲ့  အပုဒ်ရေ  ၁၀၀  ဖတ်ရှုစိစစ်ရပြီး ဒီထဲကရွေးချယ်တယ်။  ဝတ္ထုတိုက  ကျွန်တော့်အနေနဲ့ပြောရရင်  တကယ့်ကို အားကောင်းမောင်းသန်နဲ့  ရှင်သန်လာတဲ့အချိန်  ဖြစ်ပါတယ်။  ကျွန်တော်က ရွှေအမြုတေမဂ္ဂဇင်း ထုတ်တယ်။  လူငယ်တွေက ဝတ္ထုတိုကို  တော်တော်လေး အားသန်ပြီးတော့ ရေးသားကြတာ တွေ့ရတယ်။ ရွှေအသစ်ကဏ္ဍမှာ စာရေးချင်စိတ်ရှိတဲ့လူငယ်လေးတွေကို ဖိတ်ခေါ်ပြီးရေးသားတဲ့အခါမှာလည်း အင်တိုက်အားတိုက်ရေးကြတာရှိတယ်။

အွန်လိုင်းကိုပြောရရင် အွန်လိုင်းမှာက အယ်ဒီတာမရှိတော့ ခုချက်ချင်းရေး၊ ခုချက်ချင်းတင်လို့ရတယ်။ စာအုပ်နဲ့ရေးသားတာကျတော့ အယ်ဒီတာက လိုအပ်တာကို  စိစစ်ဖြတ်တောက် ဖြည့်စွက်ပေးတယ်။ တစ်ပုဒ်ချင်းစီကို ခံစားပေးပြီး ဆောင်ရွက်ပေးတာ ဆိုတော့ အချိန်ကြာတယ်ပေါ့၊ ကျွန်တော်ဖြစ်စေချင်တာကတော့ အွန်လိုင်းမှာထက်စာရင် မဂ္ဂဇင်းတွေမှာရေးစေချင်တယ်။ ရေရှည်တည်တံ့တယ်။   ကိုယ့်မျိုးဆက်တွေအထိတိုင်အောင်   အထောက်အကူပေးမှာဖြစ်ပါတယ်။

### ဦးခင်မောင်စိုး(မောင်သာမည)
### အဖွဲ့ဝင်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ

ရွေးချယ်စိစစ်ရေးအဖွဲ့မှာ ကျွန်တော်က နိုင်ငံရေးစာပေနဲ့ အင်္ဂလိပ်ဘာသာပြန် သုတ၊ ရသအပိုင်းကို အကဲဖြတ်ရတယ်။  နိုင်ငံရေးစာပေတွေအများအပြား ထွက်ပေါ်လာတာတွေ့ရသလို ဘာသာပြန်စာပေကလည်း  နှစ်စဉ်နှစ်တိုင်းလိုလို အကဲဖြတ်ရတာများလာတာ   တွေ့ရတယ်။ ဘာသာပြန်က စာဖတ်ပရိသတ်ရဲ့ အားပေးမှုကို  တော်တော်ရလာတယ်။ ဒါက တော်တော်ကိုအားရစရာကောင်းပါတယ်။ အရင်တုန်းကဆိုရင် ဘာသာပြန်စာပေက အားနည်းတယ်။ အခုအနေနဲ့ကတော့  ပိုပြီးအားကောင်းလာတယ်။  အားရမိတယ်။  ကိုဗစ်ကာလဖြစ်တော့ ကျွန်တော်တို့  အကဲဖြတ်အဖွဲ့တွေ  အွန်လိုင်းပေါ်မှာ  ဆုရွေးချယ်ရေးအတွက် အကြိမ်ကြိမ်တွေ့ဆုံပြီး ရွေးချယ်စိစစ်ရတယ်။ အကြိမ်ကြိမ် ဖတ်ရှုရတယ်။

စာမျက်နှာ ၁၁ သို့ ❐



ဦးဌေးဝင်း
(မောင်လင်းရိပ်)



စာရေးဆရာမ
မနှင်းဖွေး



စာရေးဆရာမကြီး
နတ်မောက်အနီချို



ဆရာ ဉာဏ်ဝေ
(မြစ်သာမြေ)



ဆရာကြီး မောင်မောင်ညွန့်
(မန်းတက္ကသိုလ်)



ဆရာ
မောင်ခိုင်လတ်

❒ စာမျက်နှာ ၁၀ မှ

**ဦးဌေးဝင်း(မောင်လင်းရိပ်)တွဲဖက်အတွင်းရေးမှူး(၂)၊**
**အမျိုးသားစာပေဆု ရွေးချယ်စိစစ်ရေးကော်မတီ**

ကျွန်တော်က ရွေးချယ်စိစစ်ရေးမှာ ကဗျာနဲ့သုတသိပ္ပံ အသုံးချသိပ္ပံမှာ တာဝန်ယူရပါတယ်။ ပြိုင်ပွဲဆုတော့မဟုတ်ဘူး။ တစ်နှစ်ပတ်လုံးထွက်ရှိတဲ့ စာအုပ်တွေထဲကနေ အမျိုးသားအဆင့်စာပေဆုနဲ့ထိုက်တန်တဲ့ စာအုပ်တွေကိုရွေးချယ်ပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုချက်အဆင့် အထိရောက်အောင် အဆင့်ဆင့် အဖွဲ့လိုက် ရွေးချယ်ရပါတယ်။ ကိုဗစ်ကာလ အခြေအနေမှာ အခုလိုမျိုးအခြေအနေရောက်အောင် ကျင်းပပေးတာကိုပဲ ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။

**စာရေးဆရာမ မနှင်းဖွေး**
**(အတွင်းရေးမှူး၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့)**

စိစစ်ရွေးချယ်ရေးအနေနဲ့ လူငယ်စာပေစိစစ်ရွေးချယ်ရေးမှာရော၊ ဝတ္ထုရှည် စိစစ်ရွေးချယ်ရေးအဖွဲ့မှာပါပါတယ်။ ဒီနှစ်မှာတော့ လူငယ်စာပေဆုစိစစ်ရွေး ချယ်လို့မရခဲ့ဘူး။ စာအုပ်တွေကထွက်တာနည်းတယ်။ တက်လာတဲ့အထဲမှာလည်း ဆုပေးဖို့အဆင့်မပြေတာတွေပါသလို၊ အဖွဲ့နဲ့ရွေးချယ်တဲ့အခါမှာလည်း အဖွဲ့ဝင် တွေအားလုံးလက်ခံနိုင်တဲ့ သဘောတူနှစ်သက်တဲ့ စာအုပ်တွေပဲ ရွေးချယ်ဖြစ် တာကြောင့်မို့လို့ လူငယ်စာပေကို ရွေးချယ်လို့မရခဲ့ဘူး။ ဝတ္ထုရှည်ကျတော့ အဖွဲ့ဝင်တွေအားလုံး တညီတညွတ်တည်း သဘောကျပြီး ရွေးချယ်ဖြစ်လိုက်တယ်။

လူငယ်တွေကိုစာပေများများဖတ်စေချင်တယ်။ လေ့လာစေချင်တယ်။ သုတစာပေရော၊ ရသစာပေရောဖတ်စေချင်တယ်။ သိပ္ပံစာပေကိုပါဖတ်ရင် လည်း မိမိအသိဉာဏ် ဖွံ့ဖြိုးတာပေါ့။ ရသစာပေကိုဖတ်ရင်လည်း နှလုံးသား ပြည့်ဝတာပေါ့။ ဒါပေမယ့် ခုခေတ်မှာ ရသစာပေကိုသိပ်မခံစားတော့ဘူး။ စာပေ အားလုံးမျှဖတ်ရင်တော့ ပိုကောင်းပါတယ်။

**စာရေးဆရာမကြီး နတ်မောက်အနီချို**

ဆုရတာက ဝတ္ထုတိုပေါင်းချုပ်ဆု၊ နိုင်ငံတော်ကပေးအပ်တဲ့ စာပေနဲ့ ပတ်သက်တဲ့ အမြင့်ဆုံးဆုဆိုတော့ ဂုဏ်ယူဝမ်းသာမိပါတယ်။ မိသားစုအတွက် လည်း အမှတ်တရလည်း ဖြစ်တာပေါ့။ အရင်တုန်းက ရှုမဝရယ်၊ လုံမလေးရယ် မှာပါတဲ့ ဝတ္ထုရှည်တွေကိုစုပြီးတော့ ထုတ်လိုက်တာပါ။ နောက်ဆုံးတစ်ပုဒ်ဖြစ်တဲ့ လမ်းဆုံးတော့ရွာဆိုတဲ့ ခေါင်းစဉ်တပ်ထားတဲ့ ဝတ္ထုတစ်ပုဒ်က ဗိုလ်ချုပ် အောင်ဆန်းရဲ့ ရာပြည့်မှတ်တမ်းထဲမှာ ရေးခဲ့တဲ့ဝတ္ထု၊ ၁၉၈၀ လောက်ကနေ ဒီဘက်ပိုင်းနှစ်ပေါင်း ၃၀ ကျော်၊ ၄၀ လောက်က ဝတ္ထုတွေပါ။ ဆုရလာတဲ့တောက် လျှောက် ပွဲစဉ်တွေကြည့်လိုက်မယ်ဆိုရင် အမျိုးသားစာပေပညာရှင်တွေ လူ အများစုဖြစ်ပြီး အမျိုးသမီးပညာရှင်တွေက လူနည်းစုဖြစ်နေတယ်။ အမျိုးသမီး ပညာရှင်တွေအနေနဲ့လည်း ဒီထက်ပိုပြီး ဘောင်ကျယ်ကျယ်၊ နယ်နိမိတ် ကျယ်ကျယ် လေ့လာလိုက်စားပြီး အမျိုးသားပညာရှင်တွေ ထိုက်ထိုက်တန်တန် ဆွတ်ခူးတဲ့ဆုမျိုးကို ရအောင်ယူနိုင်လို့ရှိရင် အကောင်းဆုံးပါပဲလို့ ပြောချင်ပါ တယ်။

**ဆရာဉာဏ်ဝေ(မြစ်သာမြေ)**

စာပဒေသာဆုရရှိတာဖြစ်ပါတယ်။ စာအုပ်နာမည်က “နှင်းတောင်တန်းက ပန်းဥယျာဉ်”ပါ။ ရေးဖြစ်တဲ့ အဓိကအကြောင်းရင်းက ကျွန်တော်ကိုယ်တိုင် ပညာရေးဝန်ထမ်းဖြစ်တဲ့အတွက် မြန်မာပြည်မြောက်ဖျားပိုင်းမှာရှိတဲ့ မြန်မာ တိုင်းရင်းသား တော်တော်များများလည်း အဲဒီဒေသကို အရောက်အပေါက်နည်း တယ်လို့ ပြောလို့ရမယ့် နာဂတောင်တန်းမှာ တာဝန်ကျတယ်။ အဲဒီဒေသမှာ မြန်မာပြည်သူပြည်သားတွေ သိသင့်သိထိုက်တဲ့ ချစ်စဖွယ်ကောင်းတဲ့ ဓလေ့လေး တွေ တွေ့ရပါတယ်။ သူတို့ရဲ့ လူမှုစီးပွားအခြေအနေတွေကို ကျွန်တော်တင်ပြ လိုတဲ့ ရည်ရွယ်ချက်နဲ့ အဓိကရေးဖြစ်ခဲ့တာပါ၊ ဒီစာအုပ်ထဲမှာ နာဂတောင်တန်း ဒေသက တိုင်းရင်းသားလူမျိုးတွေရဲ့ လူမှုစီးပွားအခြေအနေတွေ ရုန်းကန်ကြရပုံ၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး နောက်တစ်ချက်က ကျွန်တော်တို့ ဘဝတူ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းတွေအပေါ် ကျရာကဏ္ဍမှာ စွမ်းဆောင်နေကြတဲ့အကြောင်းကို အဓိကရေးထားပါတယ်။ ပထမဆုံးဆုရတာ ဖြစ်ပါတယ်။ အင်မတန်ပျော်ပါတယ်။ စာအုပ်ထဲမှာပါတဲ့အကြောင်းအရာတွေ ဖြစ်တဲ့ နာဂတိုင်းရင်းသားတွေရဲ့ ချစ်စရာကောင်းတဲ့ အခြေအနေတွေကို စာဖတ်သူတွေပိုပြီး သိမြင်လာရမယ်။ အဲဒီဒေသမှာ တာဝန်ကျနေတဲ့ ပြည်သူ့ ဝန်ထမ်းတွေအကြောင်း သိမြင်လာမယ်။ သူတို့ကိုယ်စား ပိုပြီးပျော်ပါတယ်။ မျိုးနွယ်စုတိုင်းရင်းသားတွေအကြောင်းကို ပိုပြီး မိတ်ဆက်ပေးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်ရေးတဲ့စာပေကိုဖတ်ပြီးမှ အဲဒီဒေသကို ခရီးသွား လုပ်ငန်းဖြစ်ဖြစ်၊ လေ့လာရေးခရီးသွားပဲဖြစ်ဖြစ်ကို နိုင်ငံတော်က အခုလုပ်နေ တာထက်ကိုပိုပြီး အလေးထားဆောင်ရွက်ပေးတာပဲဖြစ်ဖြစ် သူတို့ရဲ့ လူမှုစီးပွား တိုးတက်ဖို့အတွက် ကျွန်တော်ရဲ့စာပေက တစ်ခန်းတစ်ကဏ္ဍကနေ ကူညီပေးလိမ့် မယ်လို့ မျှော်လင့်ပါတယ်။

**ဆရာကြီးမောင်မောင်ညွန့်(မန်းတက္ကသိုလ်)**

ကျွန်တော်ရရှိတဲ့ဆုက ပခုက္ကူဦးအုံးဖေစာပေဆုလေးဆု၊ ထွန်းဖောင်ဒေးရှင်း စာပေ ဆုတစ်ဆုရခဲ့ပါတယ်။ အခု အမျိုးသားစာပေတစ်သက်တာဆုက ရသ စာပေအနေနဲ့ ရတာမဟုတ်ဘဲ သုတစာပေအနေနဲ့ ရပါတယ်။ ဆောင်းပါးပေါင်းချုပ် တွေပါပဲ။ စာပေဆုရတော့ ဝမ်းသာတာပေါ့။ စာတွေဖတ်ရင်းနဲ့ ရေးစရာအကြောင်း အရာတွေ့လာ၊ ကြုံလာရင် ဆောင်းပါးတွေရေးဖြစ်တာပါ။ ဆောင်းပါးတွေရေးတာ များပါတယ်။ ရသစာပေမရေးနိုင်ပါဘူး။ သုတစာပေပဲ ရေးတာပါ။ သုတစာပေ ဆိုတာ ရှေးခေတ်ပုရပိုက်မှာလာတဲ့ လူတိုင်းမဖတ်ဘူးဆိုတဲ့ အသိနည်းတဲ့ ရှေးဟောင်းစာပေအကြောင်းအရာတွေမျိုးပဲ အရေးများပါတယ်။ အမြင့်ဆုံး စာပေဆုဖြစ်တဲ့ အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခံရတဲ့အတွက် အတိုင်း မသိဝမ်းသာပါတယ်။ နိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာန စာပေဆု ရွေးချယ်ရေးအဖွဲ့တွေကိုလည်း ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

**ဆရာမောင်ခိုင်လတ်**

ရသစာတမ်းရေးလာတာ နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ နောက်ဆုံးထုတ်တဲ့ ဘုရားသခင်နဲ့ ကြွေအန်ကစားသူများ စာအုပ်နဲ့ဆုရတာပါ။ အားရတဲ့လက်ရာ တစ်ခုဖြစ်တဲ့အတွက် ကျေနပ်ပါတယ်။ ဆုရပြီဆိုတော့ ကိုယ်ကဒီထက်ပို ကောင်းအောင် ရေးရတော့မယ်။ ဒီစာအုပ်ထက် ညံ့လို့မရတော့ဘူး။ ပုဂ္ဂလိက ဆုတွေဖြစ်တဲ့ မန္တလေးစာဖတ်သူဆု၊ ထန်းရိပ်ညိုဆု၊ ရန်ကုန်က စာရေးဆရာတွေ ပေးတဲ့ စာရေးသူဆု ရဖူးပါတယ်။ အစိုးရပေးတဲ့ ဆုရတာ ဒါ ပထမဆုံးပါ။ စာပေ က ကိုယ်သန်ရာရေးကြတယ်။ ရသစာတမ်း (အက်ဆေး)ကို ကျွန်တော်တို့ စပြီး ရေးတယ်။ နောက်ပိုင်းလူတော်တော်များများ အက်ဆေးရေးလာကြတယ်။ အကြောင်းအရာတွေကတော့ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး မျိုးစုံပါပဲ။ နိုင်ငံ တကာနဲ့ယှဉ်ပြီး ဖြစ်ပေါ်နေတာတွေကို ရေးထားပါတယ်။

## ပန်းချီ နှင့် ပန်းယွန်း အထိမ်းအမှတ် ၂၀၀ ကျပ်တန် တံဆိပ်ခေါင်းသစ် နှစ်မျိုး ရောင်းချပေးမည်







**နေပြည်တော် ဒီဇင်ဘာ ၁၅**

မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များ အကြား ပိုမိုသိရှိအလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော ပန်းချီနှင့် ပန်းယွန်းအထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် နှစ်မျိုးအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၈ ရက် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် နတ်တော်လဆန်း ၄ ရက်(သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဒီဇင်ဘာ ၁၈ ရက်တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူလူထုအခြေပြု ကိုဗစ်ကပ်ရောဂါဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းအစီအစဉ်ကို ဝန်ဆောင်မှုပေးရန် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်တယ်လီဖုန်းနံပါတ်များသတ်မှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ပူးပေါင်း၍ ပြည်သူလူထုအခြေပြု ကိုဗစ်ကပ်ရောဂါဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းအစီအစဉ် (Online Community COVID Counselling– CCC) ကို ဝန်ဆောင်မှုပေးရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပူးတွဲပါဖုန်းနံပါတ်များဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများရှိ စိတ်ဓာတ်ရေးရာ မြှင့်တင်ခြင်းလုပ်ငန်း ဝန်ဆောင်မှုပေးသည့် Hotline ဖုန်းနံပါတ်များ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | ကချင်ပြည်နယ် | 09– 66 101 55 55 ၊ 09– 770 771 000 |
| ၂ | ကယားပြည်နယ် | 09– 88 99 000 22 ၊ 09– 66 102 55 55 |
| ၃ | ကရင်ပြည်နယ် | 09– 88 99 000 33 ၊ 09– 98 00 00 103 |
| ၄ | ချင်းပြည်နယ် | 09– 66 104 55 55 ၊ 09– 98 00 00 104 |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | 09 – 88 99 000 55 ၊ 09–770 775 000 |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | 09– 66 106 55 55 ၊ 09– 770 776 000 |
| ၇ | ပဲခူးတိုင်းဒေသကြီး | 09 – 88 99 000 77 ၊ 09– 66 107 5555 |
| ၈ | မကွေးတိုင်းဒေသကြီး | 09 – 88 99 000 88 ၊ 09– 98 00 00108 |
| ၉ | မန္တလေးတိုင်းဒေသကြီး | 09 – 88 99 000 99 ၊ 09– 98 00 00109 |
| ၁၀ | မွန်ပြည်နယ် | 09 – 88 99 111 77 ၊ 09– 98 00 00 117 |
| ၁၁ | ရခိုင်ပြည်နယ် | 09 – 88 99 111 88 ၊ 09– 98 00 00 118 |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | 09 – 88 99 111 22 ၊ 09– 66 112 55 55 |
| ၁၃ | ရှမ်းပြည်နယ် | 09 – 88 99 111 33 ၊ 09– 66 113 55 55 |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | 09– 66 114 55 55 ၊ 09– 98 00 00 114 |
| ၁၅ | နေပြည်တော် | 09 – 88 99 111 55 ၊ 09– 66 115 55 55 |

**သတင်းစဉ်**

**အများပြည်သူသို့ အသိပေးကြေညာခြင်း**

၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ “မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်” အသိပေးအပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ ကုသရေးဌာနများ၏ စီမံခန့်ခွဲအုပ်ချုပ်မှု တာဝန်ခံဆရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ ကုသရေးဌာန ၁၄ ခု၏ စီမံခန့်ခွဲအုပ်ချုပ်မှု တာဝန်ခံဆရာဝန်ကြီးများကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကုသရေးဌာနများ စတင်တည်ဆောက်သည်မှ ယခုလူနာများ လက်ခံကုသပေးနေသည်အထိ စီမံခန့်ခွဲအုပ်ချုပ်မှုလုပ်ငန်းများအား ပီပြင်စွာဆောင်ရွက်ပေးနေသော တာဝန်ခံဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကုသရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးနေသည့် ဆရာဝန်၊ သူနာပြု၊ ကုသမှုအထောက်အကူပြုပညာရှင်များနှင့် စေတနာ့ဝန်ထမ်းများအားလုံးကို ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

## ၁၄၁ နိုင်ငံမြောက်ဖြစ်

ထိုသို့ ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးရန်အတွက် ဆေးရုံများတွင် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများ တည်ထောင်ခြင်းလုပ်ငန်းများအား ပံ့ပိုးပေးသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၂-၁၂-၂၀၂၀ ရက်နေ့ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံတွင် လူဦးရေ တစ်သန်းလျှင် ကိုဗစ်-၁၉ ဖြစ်ပွားမှုသည် ၁၉၇၁ ဦးရှိပြီး ကမ္ဘာ့နိုင်ငံ/နယ်မြေ စုစုပေါင်း ၂၃၀ အနက် ၁၄၁ နိုင်ငံမြောက် ဖြစ်ပါကြောင်း၊ ကျန် ၁၄၀ နိုင်ငံ၏ လူဦးရေ တစ်သန်းလျှင် ကိုဗစ်-၁၉ ဖြစ်ပွားမှုမှာ ၂၀၇၆ ဦးမှ ၉၀၄၅၀ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်းမှာ ၁၀၇၂၁၅ ဦးရှိသည့်အတွက် ကမ္ဘာ့နိုင်ငံ/ နယ်မြေ စုစုပေါင်း ၂၃၀ အနက် ၆၈ နိုင်ငံမြောက်ဖြစ်ပါကြောင်း၊ ကျန် ၆၇ နိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာပေါင်းမှာ ၁၀၉၁၀၄ ဦးမှ ၁၅၄၀၄၈၈၉ ဦးရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် လူဦးရေ တစ်သန်းလျှင် ကိုဗစ်-၁၉ လူနာသေဆုံးမှုမှာ ၄၁ ဦးရှိသည့်အတွက် ကမ္ဘာ့နိုင်ငံ/ နယ်မြေ စုစုပေါင်း ၂၃၀ အနက် ၁၂၉ နိုင်ငံမြောက် ဖြစ်ပါကြောင်း၊ ကျန် ၁၂၈ နိုင်ငံ၏ လူဦးရေ တစ်သန်းလျှင် ကိုဗစ်-၁၉ လူနာသေဆုံးမှုမှာ ၄၂ မှ ၁၆၆၇ ဦးဖြစ်ပါကြောင်း၊ လူဦးရေ အချိုးအစားနှင့် မတွက်ချက်ဘဲ ကိန်းဂဏန်းအနည်းအများနှင့် ဆန်းစစ်ပါက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ လူနာသေဆုံးမှုမှာ ၂၂၄၅ ဦးရှိပြီး ကမ္ဘာ့နိုင်ငံ/နယ်မြေ စုစုပေါင်း ၂၃၀ အနက် ၅၇ နိုင်ငံမြောက်ဖြစ်ပါကြောင်း၊ ကျန် ၅၆ နိုင်ငံ၏ ကိုဗစ်-၁၉ လူနာသေဆုံးမှုများမှာ ၂၃၅၉ မှ ၂၉၀၁၃၃ ဦး ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ လူနာများအနက် သေဆုံးမှုရာခိုင်နှုန်း (CFR) မှာ ၂ ဒသမ ၁ ရာခိုင်နှုန်း ရှိသည့်အတွက် ကမ္ဘာ့နိုင်ငံ/ နယ်မြေ စုစုပေါင်း ၂၃၀ အနက် ၇၂ နိုင်ငံမြောက် ဖြစ်ပါကြောင်း၊ ကျန် ၇၁ နိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ လူနာများအနက် သေဆုံးမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၂ မှ ၂၉ ဒသမ ၁ အထိ ရှိပါကြောင်း။

မိမိအနေဖြင့် ယနေ့အစည်းအဝေးမှတစ်ဆင့် ပြည်သူများထံ ပြောကြားလိုသည်မှာ "မိမိတို့နိုင်ငံ လူဦးရေနှင့် နှိုင်းယှဉ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ရှိသည့် နည်းပါးသော ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ ဆရာဝန်များ၊ သူနာပြုများနှင့် အထောက်အကူပြု ပညာရှင်များသည် ဝန်နှင့်အား မမျှစွာ နေ့မအား၊ ညမနားဆောင်ရွက်နေရသည့်အချက်၊ ကိုဗစ်-၁၉ ကူးစက်မှုများ ဆက်လက်များပြားနေပါက မနိုင်မနင်းဖြစ်လာမည့် အချက်နှင့် ထိုသို့ ဆောင်ရွက်နေရသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ငဲ့ညှာသောအားဖြင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းများကို အလေးထားလိုက်နာပေးကြရန်ဆိုသည့် အချက်" တို့ဖြစ်ပါကြောင်း။

## ပိုမိုကြိုးကြပ်ဆောင်ရွက်

ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်၌ အထူးသဖြင့် ဈေးများ၊ စက်ရုံ အလုပ်ရုံများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်း မလိုက်နာသူများအား အချင်းချင်း အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ပြုလုပ်ကြစေလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များကို ပြည်သူလူထုအတွင်း ပိုမိုလိုက်နာကြစေရေး ပိုမိုကြိုးကြပ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန ၁၄ ခု၏ လိုအပ်ချက်များကို ဝန်ကြီးဌာန၏ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ ချက်ချင်းဖြည့်တင်းပေးလျက်ရှိပါကြောင်း၊ ထပ်မံလိုအပ်ချက်များ ရှိပါက ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသို့ ချက်ချင်း ဆက်သွယ်၍ တောင်းခံနိုင်ပါကြောင်း၊ အမြန်ဆုံးဆောင်ရွက်ပေးရန်ကိုလည်း မိမိတို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

## ဆက်လက်လိုက်နာ

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုများဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီမှ ပြည်သူများ လူမှုစီးပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ဖြေလျှော့မှုများကို တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ဖြေလျှော့မှုများ ပြုလုပ်ပေးပြီးပါကလည်း ပြည်သူများအနေဖြင့် လူမှုစီးပွားရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) တပ်ခြင်းအပါအဝင် COVID-19 ကာကွယ်ရေး စည်းကမ်းများကို ဆက်လက်လိုက်နာကြရမည်ဖြစ်ပါကြောင်း၊ လိုက်နာမှုအားနည်းကာ ရောဂါဖြစ်ပွားမှုနှုန်းများလာပါက မိမိတို့အနေဖြင့် လိုအပ်မည့် စည်းကမ်းအချို့ကို ပြန်လည်၍ ထပ်မံချမှတ်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာနများသို့ လာရောက်ရသည့် လူနာအရေအတွက် နည်းပါးသွားစေရန်နှင့် ကူးစက်မှုကွင်းဆက်ကို အမြန်ဆုံးဖြတ်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်း (mask) စနစ်တကျ မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက်အောင်မြင်စေရေးအတွက် ပြည်သူများမှ မိမိနှင့် မိမိ၏ မိသားစုအရေးကဲ့သို့ သဘောထားကာ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း။

ကိုဗစ်-၁၉ ကုသရေးဌာနတစ်ခုမှ ဆောင်ရွက်နေသော ကောင်းမွန်သည့် လုပ်ငန်းပုံစံများနှင့် စိန်ခေါ်မှုများကို ကျော်လွှားသည့် ပုံစံများကိုလည်း အချင်းချင်းမျှဝေ၍ ဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာနများ၏ စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းများ ပိုမိုကောင်းမွန်ပြီး လုပ်ငန်းပမာဏလည်း နည်းပါးသွားစေရန်အတွက် လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်၍ ပိုမိုကောင်းမွန်ထိရောက်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန ၁၄ ခု၏ သတင်းအချက်အလက်စနစ်များကို ယခုထက်လွယ်ကူကောင်းမွန်စေရေးကိုလည်း ဝိုင်းဝန်းဆွေးနွေးအကြံပြုစေလိုပါကြောင်း၊ လူနာများလိုက်နာရမည့် စည်းကမ်းများနှင့် ဆေးရုံမှဆင်းသည့်အခါ ဆက်လက်လိုက်နာဆောင်ရွက်ရမည့် အချက်များအား လူနာဆောင်အသီးသီးတွင် နံရံကပ်ပိုစတာများနှင့် QR Code များ ကပ်ထားရမည်ဖြစ်ပါကြောင်း၊ မကူးစက်နိုင်သော ရောဂါများ၊ HIV/ AIDS နှင့် တီဘီရောဂါရှိသူများအတွက် ဆေးဝါးပြတ်လပ်မှုမရှိစေရေးအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## ဆွေးနွေးအကြံပြု

ယနေ့တွေ့ဆုံဆွေးနွေးရာတွင် ကိုဗစ်-၁၉ ကုသရေးဌာနများ၌ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ အတွေ့အကြုံများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ၎င်းတို့ကို ကျော်လွှားဖြေရှင်းပုံများ၊ လိုအပ်ချက်များကို ပွင့်လင်းစွာ ဆွေးနွေးအကြံပြု တင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ကုသရေးဌာန ဖောင်ကြီး၊ ဒဂုံဆိပ်ကမ်း (၁)၊ ဒဂုံဆိပ်ကမ်း (၂)၊ လှိုင်၊ လှိုင် - မြတ်လေး၊ သုဝဏ္ဏ၊ ဒဂုံတောင် (၁)၊ ဒဂုံတောင် (၂)၊ ရန်ကင်းပညာရေးကောလိပ်၊ အဘိဓမ္မာရတနာဃရသံဃာ့ဆေးရုံ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ မရမ်းကုန်း၊ သာကေတနှင့် ဗုဒ္ဓသာသနာဆေးရုံတို့၏ စီမံခန့်ခွဲအုပ်ချုပ်မှု တာဝန်ခံ ဆရာဝန်ကြီးများဖြစ်သည့် ဒေါက်တာကိုကိုနိုင်၊ ဒေါက်တာအေးအောင်၊ ဒေါက်တာမိုးမိုးအေး၊ ဒေါက်တာသီဟမောင်မောင်တင်၊ ဒေါက်တာကောင်းမြတ်စိုး၊ ဒေါက်တာခင်မောင်၊ ဒေါက်တာကျော်ကျော်သိန်း၊ ဒေါက်တာချမ်းမြအုန်း၊ ဒေါက်တာရီရီအောင်၊ ပါမောက္ခဒေါက်တာအောင်သိန်းငွေ၊ ဒေါက်တာအောင်မြင့်ထွန်းနှင့် ဒေါက်တာအောင်ထွန်းမင်းတို့က ကုသရေးဌာနအလိုက် လူနာထားရှိနိုင်မှု၊ High Dependency Unit နှင့် Intensive Care Unit တို့တွင် လူနာထားရှိကုသနေမှု၊ ကိုဗစ်-၁၉ လူနာများအား လွှဲပြောင်းကုသပေးမှုအခြေအနေ၊ ကိုဗစ်-၁၉ လူနာများအား လွှဲပြောင်းပေးရာတွင် လူနာ၏ ရောဂါအခြေအနေအရ လွှဲပြောင်းရခြင်းထက် လူနာမိသားစုဝင်များ တစ်နေရာတည်းတွင် တက်ရောက်ကုသမှုခံယူနိုင်ရန် တောင်းဆိုမှုများကြောင့် လွှဲပြောင်းပေးနေရခြင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲဆောင်ရွက်နေမှု ပုံစံများ၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုဗစ်-၁၉ ကုသရေးဌာနများတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ၊ ပုဂ္ဂလိကအထွေထွေရောဂါကုဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆရာဝန်များနှင့် စေတနာ့ဝန်ထမ်းများက လာရောက်ကူညီနေမှု၊ အလှူရှင်များလှူဒါန်းထားသည့် လူနာများအတွက် တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ နည်းပါးလာမှု၊ စေတနာ့ဝန်ထမ်း အရေအတွက်နည်းပါးလာမှု၊ ကုသရေးဌာနများ၏ အဆောက်အဦ၊ ရေ၊ လျှပ်စစ်မီးဆိုင်ရာ ပြုပြင်ထိန်းသိမ်းရန် အင်ဂျင်နီယာနှင့် ကျွမ်းကျင်ပညာရှင်များ လိုအပ်နေမှု၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် အောက်ဆီဂျင်ပေးကုသနိုင်သော လူနာခန်းများ တိုးချဲ့ဆောက်လုပ်နေသည့် ကိစ္စရပ်များနှင့် အဆိုပါ လူနာဆောင်များအတွက် လိုအပ်သည့် ဆေးပစ္စည်းကိရိယာများ၊ ကုသရေးဌာနများအတွက် လုံခြုံရေးပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ နိုင်ငံခြားသား ကိုဗစ်-၁၉ လူနာများ၏ တောင်းဆိုမှုများ၊ ကိုဗစ်-၁၉ ကုသရေးဌာနတွင် တက်ရောက်နေသည့် ကိုဗစ်-၁၉ လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သဘောထားစစ်တမ်းကောက်ယူခဲ့မှု ကနဦးတွေ့ရှိချက်များ၊ ကိုဗစ်-၁၉ ပိုးတွေ့လူနာများအား ဆေးရုံ (သို့မဟုတ်) ကုသရေးဌာနတွင် ရက်အတိုင်းအတာ တစ်ခုထားရှိပြီးနောက် ၎င်းတို့၏ ရောဂါအခြေအနေ အသက်အရွယ်၊ ရောဂါအခံ ရှိ/မရှိ အခြေအနေ၊ နေအိမ်အခြေအနေ၊ အတူနေမိသားစုအရေးအတွက် အနည်းအများ၊ သီးခြားအခန်းတွင် ခွဲကာနေထိုင်နိုင်မှု အခြေအနေ စသည့် အချက်များအပေါ် မူတည်၍ နေအိမ်တွင်သာ ဆက်လက်၍ သီးခြားထားရှိခြင်း (Home Isolation) ပြုလုပ်သွားနိုင်ရန်နှင့် ၎င်းတို့အား Video Call စနစ်ဖြင့် ပုံမှန်ဆက်သွယ်ကာ ရောဂါအခြေအနေ စောင့်ကြပ်ကြည့်ရှုသွားရန် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကိုဗစ်-၁၉ ကုသရေးဌာနအလိုက် လိုအပ်သည့် ဆေးပစ္စည်းကိရိယာများအား တတ်နိုင်သမျှ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ ရေးဆွဲထားသည့် အင်တာနက်အခြေပြု COVID-19 Database Management System Application ကို ကိုဗစ်-၁၉ ကုသရေးဌာနများ၊ ဓာတ်ခွဲစစ်ဆေးရာနေရာများနှင့် အသွားအလာကန့်သတ်ရာနေရာများတွင် အသုံးပြုသွားစေလိုပါကြောင်း ပြောကြားသည်။

## ကျေးဇူးတင်ရှိ

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က အခက်အခဲနှင့် စိန်ခေါ်မှုများကြား အစွမ်းကုန်ကြိုးစားကာ စိတ်ရှည်သည်းခံမှုများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ ကုသရေးအထောက်အကူပြု ပညာရှင်များ၊ စေတနာ့ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ကုသရေးဌာနများ၏ ဘက်စုံအခြေအနေ စစ်တမ်းကို စနစ်တကျ အမြန်ဆုံးကောက်ယူနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာနများတွင် တက်ရောက်နေသော ကိုဗစ်-၁၉ ပိုးတွေ့လူနာများမှ ရောဂါလက္ခဏာနှင့် ရောဂါအခံတို့လည်းမရှိဘဲ သင့်တော်သည့် အိမ်အခြေအနေရှိသောသူအချို့အား ကိုဗစ်-၁၉ ကုသရေးဌာနတွင် ရက်အတိုင်းအတာတစ်ခု ထားရှိပြီးနောက် နေအိမ်တွင်သာ ဆက်လက်၍ သီးခြားထားရှိခြင်း (Home Isolation) ပြုလုပ်သွားနိုင်ရန်နှင့် ၎င်းတို့အား Video Call စနစ်ဖြင့် ပုံမှန်ဆက်သွယ်ကာ ရောဂါအခြေအနေ စောင့်ကြပ်ကြည့်ရှုသွားရန် အကြံပြုခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ပါမောက္ခဆရာဝန်ကြီးများ ပူးပေါင်းဆွေးနွေးပြီး ကနဦး ရှေ့ပြေးစမ်းသပ်မှု (pilot) ပုံစံဖြင့် စတင်ဆောင်ရွက်သွားစေလိုပါကြောင်း။

## ပံ့ပိုးပေးသွားမည်

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လူနာနှင့် လူနာမိသားစုများ၏ စည်းကမ်းလိုက်နာမှုအခြေအနေအား စောင့်ကြပ်ကြည့်ရှုရန်အတွက် သက်ဆိုင်ရာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပြီး လူနာ၏ ရောဂါအခြေအနေအား စောင့်ကြပ်ကြည့်ရှုရန်အတွက် မြို့နယ်ဆရာဝန်မှ ဦးစီးတာဝန်ယူဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် လျင်မြန်စွာ ကူးစက်သဖြင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်ချရန် လိုအပ်ပါကြောင်း၊ ဆုံးဖြတ်ချက် နောက်ကျပါက များစွာသော နောက်ဆက်တွဲဆိုးကျိုးများ ရနိုင်ပါကြောင်း၊ ထပ်မံလိုအပ်သည်များကို ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံးနှင့် အမြန်ဆုံး ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## တောင်အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဝင်ရောက်လာခဲ့ခြင်းကြောင့် အပန်းဖြေကမ်းခြေများကို ပိတ်ထားရန် သမ္မတ ရာမာဖိုဆာ ညွှန်ကြား



**ကိတ်တောင်း ဒီဇင်ဘာ ၁၅**

တောင်အာဖရိကနိုင်ငံ သမ္မတ ရာမာဖိုဆာသည် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် အားလပ်ရက်ကာလတွင် အပန်းဖြေကမ်းခြေများကို ပိတ်ထားရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

အပန်းဖြေကမ်းခြေများကို ဇန်နဝါရီလအစောပိုင်းအထိ ပိတ်သွားမည်ဖြစ်ကြောင်းလည်း သမ္မတရာမာဖိုဆာက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။ ထို့ပြင် သမ္မတရာမာဖိုဆာသည် ညမထွက်ရသည့် အချိန်ကိုလည်း တိုးမြှင့်သတ်မှတ်ခဲ့ပြီး စားသောက်ဆိုင်များနှင့် ဘားများကိုလည်း ည ၁၀ နာရီတွင် ပိတ်သိမ်းရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံသည် နွေရာသီအားလပ်ရက်ကာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် နိုင်ငံ၏ ကမ်းခြေများသည်လည်း အပန်းဖြေလူငယ်များနှင့် ပြည့်နှက်လျက်ရှိကြောင်း သိရသည်။ တောင်အာဖရိကနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည်လည်း ဒီဇင်ဘာလအစောပိုင်းကတည်းက မြင့်တက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ထုတ်ပြန်ကြေညာချက်များကို အပြည့်အဝလိုက်နာရန် သမ္မတရာမာဖိုဆာက ပြည်သူများအား တိုက်တွန်းခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုဒုတိယလှိုင်းသည် ပထမလှိုင်းထက် ပိုမိုပြင်းထန်ကြောင်းလည်း သတိပေးပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် နိုင်ငံ၏ စီးပွားရေးပြန်လည်စတင်ရန်အလို့ငှာ အောက်တိုဘာလအတွင်းက နိုင်ငံ၏ နယ်စပ်ဒေသများကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**



## ကနေဒါနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးနှံမှုစီမံချက် စတင်

**တိုရွန်တို ဒီဇင်ဘာ ၁၅**

ကနေဒါနိုင်ငံသည် ကျန်းမာရေးလုပ်သားများ၊ သက်ကြီးဂေဟာနေထိုင်သူများကို ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကာကွယ်ဆေးထိုးနှံရေး စီမံချက်စတင်ခဲ့ရာ ကမ္ဘာပေါ်တွင် Pfizer နှင့် BioNTech တို့ ပူးတွဲထုတ်လုပ်သော ကာကွယ်ဆေးထိုးနှံသည့် တတိယမြောက်နိုင်ငံဖြစ်လာခဲ့သည်။

ကနေဒါနိုင်ငံ၏ အကြီးမားဆုံးမြို့တော် တိုရွန်တိုမြို့ရှိ သက်ကြီးဂေဟာမှ အမျိုးသမီးဝန်ထမ်းတစ်ဦးက ဗိုင်းရပ်စ်ကာကွယ်ဆေး ပထမဆုံး ထိုးနှံခံရသည့်အတွက် စိတ်လှုပ်ရှားခဲ့ကြောင်း ပြောကြားသည်။ ကျန်းမာရေးဝန်ထမ်းများက အဆိုပါအမျိုးသမီး ကာကွယ်ဆေးထိုးနှံပြီးနောက် လက်ခုပ်သြဘာပေးခဲ့ကြသည်။ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကို တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူဒေါက ပြောသည်။

ကနေဒါနိုင်ငံတွင် လက်ရှိအချိန်ထိ ကိုဗစ်ကူးစက်သူ ၄၆၀၇၄၃ ဦးရှိပြီး ကူးစက်မှုအများစုမှာ လူနေအထူထပ်ဆုံး အွန်တာရီယိုနှင့် ကွီးဘက်ပြည်နယ်များမှဖြစ်သည်။ "ဗိုင်းရပ်စ်ကာကွယ်ဆေး စတင်ထိုးနှံမှုက ကနေဒါနိုင်ငံအတွက် တကယ့်သတင်းကောင်းဖြစ်ပါတယ်" ဟု မွန်ထရီရယ်မြို့ရှိ ကျန်းမာရေးစင်တာတစ်ခုပြင်ပ၌ ကျန်းမာရေးဝန်ကြီး ပတ်တီဟတ်ဒူက ပြောသည်။ ဇန်နဝါရီ ၄ ရက်မတိုင်မီ ကွီးဘက်ပြည်နယ်နေ ပြည်သူ ၅၀၀၀၀ ကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံပေးမည်ဟု ပြည်နယ်ကျန်းမာရေးဝန်ကြီး ခရစ်ရှန်ဒူဘေးက ပြောသည်။

ကနေဒါနိုင်ငံက ယခုနှစ်မကုန်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စုစုပေါင်း အလုံးရေ ၂၄၉၀၀၀ ရရှိမည်ဟု မျှော်မှန်းရသည်။

**ကိုးကား - စထရိတ်တိုင်းမ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

## အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၅ သန်းကျော်အထိရှိလာ

**ဗျူနိုအေးရိစ် ဒီဇင်ဘာ ၁၅**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၆၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၅၀၃၂၂၂ ဦး ရှိလာခဲ့ကြောင်း အာဂျင်တီးနား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း သေဆုံးသူ ၂၇၅ ဦး ရှိခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၄၁၀၄၁ ဦး အထိရှိလာခဲ့ကြောင်းလည်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၁၃၄၀၁၂၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ဗျူနိုအေးရိစ်ပြည်နယ်သည် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ကူးစက်ခံရသူ စုစုပေါင်း ၆၃၉၅၆၁ ဦး ရှိကြောင်း သိရသည်။

ထို့ကြောင့် အာဂျင်တီးနားအစိုးရက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို ဒီဇင်ဘာ ၂၀ ရက်အထိ သက်တမ်းတိုးမြှင့်လိုက်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## ၂၀၂၁ ခုနှစ် ဇွန်လကုန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံလိုသည့် အမေရိကန်ပြည်သူများအားလုံး ကာကွယ်ဆေးရရှိမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုရေးရာဝန်ကြီး ကတိပြု

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံလိုသူ ပြည်သူများအားလုံးသည် ၂၀၂၁ ခုနှစ် ဇွန်လကုန်တွင် ကာကွယ်ဆေးရရှိမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဝန်ကြီး အဲလက်စ်အက်ဇာက ယမန်နေ့တွင် ကြေညာခဲ့သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းစဉ်ကို စတင်ခဲ့ချိန်နှင့် ချိန်ကိုက်၍ ဝန်ကြီးက အထက်ပါအတိုင်း ကတိပြုစကား ဆိုခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို မူလမျှော်မှန်းထားသည့်အတိုင်း ဒီဇင်ဘာ ၁၄ ရက်တွင် စတင်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အကုန်တွင် ကာကွယ်ဆေးအလုံးရေ သန်း ၄၀ ကို ထိုးနှံပေးပြီးဖြစ်နေစေရန် အစီအစဉ်ချထားပြီးဖြစ်သည်။ လက်ရှိအချိန်တွင် ပထမအသုတ်ရောက်ရှိလာသည့် Pfizer နှင့် BioNTech တို့ပူးပေါင်းထုတ်လုပ်သည့် ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၉ သန်းကို ထိုးနှံပေးခြင်းလုပ်ငန်းစဉ် စတင်နေခြင်းဖြစ်ကာ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ရှောက်ရေးဂေဟာနေ သက်ကြီးရွယ်အိုများကို ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခဲ့သူ သူနာပြုဆရာမ ဆန်ဒရာလင်ဆေးက "ကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်နိုင်တယ်ဆိုတာ ကျွန်မတို့တိုင်းပြည်အတွက် ဆိုးရွားတဲ့ ကပ်ဆိုးကာလကို အဆုံးသတ်ရေး မြေလှမ်းသစ်ဖြစ်ပါတယ်"ဟု ဆိုသည်။ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်အထိ ကာကွယ်ဆေး အလုံးရေ သန်း ၄၀ကို ထိုးနှံပေးမည့်အနက် ၂၅ သန်းမှာ Pfizer/BioNTech ဆေးဖြစ်ကာ ကျန် ၁၅ သန်းမှာ Moderna ဆေးဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - မေလွဲ့သင်း**



## ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၀၀၀ ကျော်ရှိခဲ့

**မော်စကို ဒီဇင်ဘာ ၁၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၆၈၉ ဦးအထိရှိခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၇၀၇၉၄၅ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၁၈ ဦးရှိခဲ့ကာ မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၇၀၃၅၀၂ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၄၈၁၃ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၂၁၄၉၆၁၀ ဦး ရှိလာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၅၇၇ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် သေဆုံးသူ စုစုပေါင်း ၄၇၉၆၈ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။ လက်ရှိတွင် ရုရှားနိုင်ငံတစ်ဝန်းရှိ ပြည်သူ ၈၃ ဒသမ ၄ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | | |
|---|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၇၃၂၉၂၄၅၅ | ဦး |
| | သေဆုံးသူ | ၁၆၃၀၅၈၁ | ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၅၁၄၃၂၆၈၁ | ဦး |



# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၅**

Zeya and Associates Co., Ltd ၏ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနန၌ ကျင်းပသည်။

ရှေးဦးစွာ Zeya and Associates Co., Ltd ၏ ဥက္ကဋ္ဌ ဦးဇေယျာသူရမွန်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်စပ်လုပ်ကိုင်နေသည့် Zeya and Associates Co.,Ltd အနေဖြင့် လူမှုတာဝန်သိစိတ် (Corporate Social Respon–sibility (CSR)) ဖြင့် မြန်မာနိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် Injection Remdesivir များနှင့် Flat Pack Container Camp များ လှူဒါန်းခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ ကုမ္ပဏီအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင်လည်း ဆက်လက်ပါဝင်လှူဒါန်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ လှူဒါန်းမှုများသည် မြန်မာနိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် များစွာ အကျိုးရှိမည်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများ အနေဖြင့်လည်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လှူဒါန်းမှုများ ပြုလုပ်နေရုံသာမက ဆက်စပ်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီနှင့်အဖွဲ့အစည်းများအား လှူဒါန်းမှုများ ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ပေးနေမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးသည် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တာဝန်ကိုယ်စီ ဘက်ပေါင်းစုံမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ရေးအတွက် အဓိကအရေးအကြီးဆုံးအချက်မှာ ပြည်သူများ၏ တာဝန်သိစွာဖြင့် ကိုဗစ်–၁၉ ကာကွယ်ရေးစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Zeya and Associates Co., Ltd ၏ ဥက္ကဋ္ဌ ဦးဇေယျာသူရမွန်က ငွေကျပ် ၇၂၃ သိန်းတန်ဖိုးရှိ Injection Remdesivir (100 mg) ၁၀၀၂ ပုလင်းနှင့် Flat Pack Container Camp ငါးခုတို့အား လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ ရှေ့မှောက်တွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး (၁) အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အမြဲတမ်းအတွင်းဝန်က မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

သတင်းစဉ်




# မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင် ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင် ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် မူဆယ်မြို့ ကောင်းမှုတုံ ရပ်ကွက်နေ မသီ(ခ)ငြိမ်းငြိမ်းအေး(မိ)၊ ကိုဇင်မင်းထွန်း(မိ)၊ ဝိန်းနားကျေးရွာနေ မလှလှဝင်း(မိ)၊ နမ့်ခမ်းမြို့နေ မပလောင်မ (တိမ်းရှောင်)၊ တရုတ်နိုင်ငံနေ ကျောက်ယွန်ကျင်း(မိ)နှင့် ယောင်ကျန်းဟွေ့ (တိမ်းရှောင်)တို့က နမ့်ခမ်းမြို့ ကောင်းကတ်ကျေးရွာနေ အသက် ၁၈ နှစ်အရွယ် မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား မူဆယ်မြို့မရဲစခန်း (ပ) ၇၁၈/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ (က)ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်တွင် ပြစ်မှုကျူးလွန်သူ မသီ(ခ)ငြိမ်းငြိမ်းအေး၊ ကိုဇင်မင်းထွန်း၊ မလှလှဝင်းနှင့် ကျောက်ယွန်ကျင်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံနှစ်ဦးကို တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၄) ကြိမ်မြောက် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၄)ကြိမ်မြောက် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ သည်။

**ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်**

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Muhammed Ahsanul Jabber ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Muhammed Ahsanul Jabber က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က (၄) ကြိမ်မြောက် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကို ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါအခြေအနေကြောင့် အွန်လိုင်းစနစ်ဖြင့် ကျင်းပပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ပြီး နိုင်ငံအသီးသီးက နည်းလမ်းမျိုးစုံဖြင့် တိုက်ဖျက်လျက်ရှိပါကြောင်း၊ နည်းပညာတိုးတက်လာမှုနှင့်အတူ မူးယစ်ဂိုဏ်းများ၏ ပုံစံပြောင်းလဲလာမှုသည်လည်း အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ကို အထူးသတိပြုရမည်ဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုများသည် ဒေသတွင်း အဓိကပြဿနာတစ်ရပ် ဖြစ်သော်လည်း ယခုအချိန်တွင် လူလုပ်မူးယစ်ဆေးဝါး (Synthetic Drugs) ထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော ပရီကာဆာ ဓာတုပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှုများသည် လွန်စွာမြင့်မားလာသည်ကို ဖမ်းဆီးရမိမှုများအရ တွေ့ရှိရပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ မရှိစေရေးအတွက် နှစ်နိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့များ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုအရေးကြီးပါကြောင်း။

ပရီကာဆာဓာတုပစ္စည်းများနှင့် ပရီ – ပရီကာဆာ ဓာတုပစ္စည်းများ ထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် ရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေး အချက်အလက်များ၊ အသစ်ပေါ်ထွက်လာသော စိတ်ပြောင်းဆေးဝါးများ သယ်ဆောင် ရောင်းဝယ်မှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးခြင်းနှင့် တရားခံပြေးများ ဖမ်းဆီးရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

အစည်းအဝေးတွင် မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအစည်းအဝေးများ အလှည့်ကျ ကျင်းပခဲ့မှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊ ရာဘာဆေးပြားများ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့် ပုံစံများ၊ လမ်းကြောင်းများ၊ ပြစ်မှုကျူးလွန်ပုံ နည်းလမ်းများနှင့် ပတ်သက်၍ သတင်းဖလှယ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တစ်လျှောက် ရေကြောင်းအသုံးပြု မူးယစ်ဆေးဝါးသယ်ဆောင်မှု ကြိုတင်ကာကွယ်ရေးများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ နှစ်နိုင်ငံအောက်ခြေအဆင့် တားဆီးနှိမ်နင်းရေး အရာရှိများ အစည်းအဝေးကျင်းပနိုင်ရေး လိုအပ်လျက်ရှိမှုအပေါ် ဆွေးနွေးခြင်း၊ နှစ်နိုင်ငံအကြား စစ်ဆင်ရေး ဆောင်ရွက်မှု၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အတွေ့အကြုံကောင်းများ ဖလှယ်ခြင်း၊ တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် လျှို့ဝှက်ဓာတ်ခွဲခန်းများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ (၅)ကြိမ်မြောက် အစည်းအဝေးအတွက် ကျင်းပမည့်နေရာ ရွေးချယ်သတ်မှတ်ခြင်းနှင့် (၄)ကြိမ်မြောက် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (၁၅)နှစ်ပြည့် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (၁၅)နှစ်ပြည့် အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**အွန်လိုင်းဖြင့်ပါဝင်တက်ရောက်**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်စိုး၊ ပါမောက္ခဌာနမှူးများ၊ ဆရာဆရာမများ၊ အရာထမ်းအမှုထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (၁၅)နှစ်ပြည့် အထိမ်းအမှတ်သည် နောင်နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲ၍ အရည်အချင်းပြည့်ဝသော ဘွဲ့ရလူငယ်မောင်မယ်များ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ပေးခြင်းများကို ၂၀၀၅ ခုနှစ်မှ ယနေ့အချိန်အထိ B.Tech ဘွဲ့ရ ၁၂၃၃၀၊ BE/ B.Arch ဘွဲ့ရ ၁၁၅၄၅ ဦး၊ ME/ M.Arch ဘွဲ့ရ ၆၁၉ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မဟာဘွဲ့ရများ ယခုထက် ပိုမိုပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

သိပ္ပံနှင့်နည်းပညာ အခန်းကဏ္ဍဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ သုတေသနပညာရှင်များဖြင့် International Paper များ ဖတ်ကြားခွင့်ရရှိနိုင်ရန် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတကာ စာတမ်းဖတ်ပွဲ ပထမအကြိမ်၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ဒုတိယအကြိမ် ကျင်းပနိုင်ခဲ့သည်ကိုသိရပါကြောင်း၊ အဆိုပါ စာတမ်းများ အပေါ်အခြေခံ၍ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သုတေသနစာတမ်းဖတ်ပွဲများကို နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များတွင် ကျင်းပနေသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ပါကြောင်း။

**ဝမ်းသာဂုဏ်ယူ**

မွေးထုတ်လိုက်သည့် အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များအတွက် အရည်အသွေး အာမခံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှ ၂၀၁၅ ခုနှစ်မှစတင်၍ Quality Management System စတင်ထူထောင်ကာ ၂၀၁၈ ခုနှစ်တွင် AUN-QA Associate Member တက္ကသိုလ်တစ်ခု ဖြစ်ခဲ့ပြီး ယနေ့အချိန်အထိ အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းစဉ်တွေ ဆောင်ရွက်နေခြင်းအတွက် အထူးပဲဝမ်းသာဂုဏ်ယူပါကြောင်း။

နည်းပညာတက္ကသိုလ်များ အနေဖြင့် မွေးထုတ်ပေးလိုက်တဲ့ ဘွဲ့ရကျောင်းသူ၊ ကျောင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရေးအတွက် လုပ်ငန်းခွင်နှင့် ပိုမိုပြီးတော့ နီးစပ်စွာ ဆောင်ရွက်နိုင်ရေး School Industry Partnership လုပ်ငန်းစဉ်သည် အရေးကြီးပါကြောင်း၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အနေဖြင့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများအတွက် Internship Programme လုပ်ငန်းစဉ် ဆောင်ရွက်နေပြီး ရှစ်ပတ်ဆက်တိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သည် ကောင်းမွန်ပါကြောင်း၊ Internship Programme သည် ကျောင်းသားကျောင်းသူများအတွက် သင်ကြားမှု၊ သင်ယူမှုကို အထောက်အကူပြုစေပြီး စက်ရုံ အလုပ်ရုံများမှ တန်ဖိုးရှိသောအတွေ့အကြုံများ၊ ပညာရပ်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စက်ရုံ အလုပ်ရုံများတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည့်အပြင် ကျောင်းသား ကျောင်းသူများ Internship ဆင်းနိုင်ရေးအတွက် ဝန်ကြီးဌာနများမှ စက်ရုံ/အလုပ်ရုံများ၊ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် အလွန်ကောင်းမွန်ပါကြောင်း၊ အထူးသဖြင့် အင်ဂျင်နီယာ/ ဗိသုကာ ကျောင်းသား၊ ကျောင်းသူများ Internship ဆင်းနိုင်ရေးအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်တို့မှ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးနေခြင်းကိုလည်း အထူးပဲကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ကူညီဆောင်ရွက်ပေးရန်လည်း မေတ္တာရပ်ခံပါကြောင်း။

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းသား ကျောင်းသူဟောင်းများ အခန်းကဏ္ဍသည် အင်မတန်အရေးပါကြောင်း၊ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပြင်ပလုပ်ငန်းခွင်များကို ရောက်ရှိသည့်အခါ သင်ကြားပို့ချပေးလိုက်သည့် သင်ခန်းစာနှင့် လုပ်ငန်းခွင်ဆောင်ရွက်ချိန်တွင် လိုအပ်ချက်များ၊ လုပ်ငန်းခွင်တွင် သုံးစွဲနေသော ခေတ်မီစက်ကိရိယာများ၊ နည်းပညာများ၊ Stake-holder များ၏ လိုအပ်ချက်များကို မိမိတို့ သက်ဆိုင်ရာတက္ကသိုလ်တွင် ပြန်လည်အကြံပြုဆွေးနွေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား Seminar ပေးခြင်း၊ ပြင်ပလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းစဉ်များသည် အင်မတန် ကောင်းမွန်ပါကြောင်း၊ ကျောင်းသားဟောင်းများကိုလည်း ကျေးဇူးတင်ပါကြောင်း။



**ကမ္ဘာတည်သရွေ့တည်တံ့ပါစေ**

ပညာရေးတွင် အရေးအကြီးဆုံး တန်ဖိုးအရှိဆုံးသည် သင်ယူခြင်း (Learning) ဖြစ်ပါကြောင်း၊ သင်ယူခြင်းသည်သာ အနန္တရတနာသိုက်ဖြစ်ပါကြောင်း၊ နည်းပညာတက္ကသိုလ်အနေဖြင့် အမြင့်ဆုံးစွမ်းဆောင်ရည်ရှိသော ဘွဲ့ရလူငယ်မောင်မယ်များ မွေးထုတ်၍ ဒေသ၏အကျိုး၊ နိုင်ငံ၏အကျိုးကို စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် တက္ကသိုလ်အဖြစ် နှစ်ပေါင်းရာထောင်ချီ ကမ္ဘာတည်သရွေ့ တည်တံ့ပါစေကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ဂုဏ်ပြုအမှာစကားပြောကြား၍ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ ဆောင်ရွက်မှုများ ပါဝင်သည့် (၁၅)နှစ်ပြည့် အထိမ်းအမှတ် မှတ်တမ်းတင် Video Clip ကို ပြသသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသရှိ IDP စခန်းများ ပိတ်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသရှိ IDP စခန်းများ ပိတ်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ဆောင်ရွက်လျက်ရှိ**

ဆွေးနွေးပွဲတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့အနေဖြင့် ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသရှိ IDP စခန်းများတွင် နေထိုင်သူများအား ပြန်လည်နေရာချထားရေး၊ စခန်းများပိတ်သိမ်းရေးကို ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရက ဦးတည်ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက် ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမည့် လုံခြုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍအလိုက် ကြိုးစားအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ အစည်းအဝေးက ချမှတ်ထားသော ပြည်ထောင်စုသဘောတူစာချုပ်များ၏ လူမှုရေးကဏ္ဍတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ခွဲခြားဆက်ဆံမှုမရှိဘဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်ရေးကို ဦးတည်၍ စနစ်တကျ ဆောင်ရွက်ရန်နှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများအား မိမိနေရပ် (သို့မဟုတ်) အခြားသင့်တော်သည့် အားလုံးသဘောတူညီသော နေရာတစ်ခုတွင် လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချပြန်လည်နေထိုင်ရန်ဆိုသည့် အချက်များကို အကောင်အထည်ဖော်ခြင်းလည်း ဖြစ်ပါကြောင်း၊ မြိုင်ကြီးငူအထူးဒေသရှိ IDP စခန်းများတွင် နေထိုင်ကြသူများအား ပြန်လည်နေရာချထားရေး၊ စခန်းများ ပိတ်သိမ်းရေးနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ အမျိုးသားအဆင့် မဟာဗျူဟာကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ အတည်မပြုမီကပင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မဟာဗျူဟာပါ လုပ်ငန်းစီမံချက်များကို ရေးဆွဲရန်နှင့် ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်းရန်ကိုလည်း ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ကရင်ပြည်နယ်အနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့် ကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ မြိုင်ကြီးငူအထူးဒေသရှိ မြတ်ပန်းဝတ်မှုံစခန်းနှင့် အေးလင်းမြတ်ရှင်(ကျောက်စာတိုင်ကွင်း) စခန်းများရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး မဟာဗျူဟာပါ ကဏ္ဍအလိုက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ကနဦး ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလနှင့် ကြုံဆုံခဲ့သော်လည်း အမျိုးသားအဆင့်ကော်မတီအနေဖြင့် လုပ်ငန်းများရပ်တန့်သွားခြင်း မရှိစေရေးအတွက် ပုံမှန်အစည်းအဝေးများကို Virtual Meeting ဖြင့် ဆောင်ရွက်ခြင်း၊ ပြည်နယ်အဆင့် ကော်မတီအနေဖြင့်လည်း ကွင်းဆင်းညှိနှိုင်းမှုများကို ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်နေစဉ်ကာလအတွင်း လိုအပ်သောထောက်ပံ့မှုများကိုလည်း ပြည်နယ်အစိုးရနှင့် မိမိတို့ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအစည်းအဝေးတွင် လက်ရှိဆောင်ရွက်ပြီး အခြေအနေများကို ဆန်းစစ်ပြီး ရှေ့ဆက်၍ ပိုမိုတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့်ကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လက်ရှိတွင် မြိုင်ကြီးငူအထူးဒေသရှိ IDP စခန်းများတွင် နေထိုင်ကြသည့် အိမ်ထောင်စုတချို့အား ပြန်လည်နေရာချထားပေးနိုင်သည့် အခြေအနေများ၊ ကျန်ရှိသည့် အိမ်ထောင်စုများအတွက်လည်း အားလုံးသဘောတူသည့် မြေနေရာ ရွေးချယ်၍ လျာထားဆောင်ရွက်နေသည့် အခြေအနေများ၊ ဝန်ကြီးဌာနနှင့် ပူးပေါင်းထောက်ပံ့ပေးနေသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မြိုင်ကြီးငူအထူးဒေသသို့ ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် IDP စခန်းများရှိ နေရပ်စွန့်ခွာဒေသခံပြည်သူများက ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ၎င်းတို့၏ ဆန္ဒများ၊ လိုအပ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူက ဆောင်ရွက်ထားရှိသည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကရင်ပြည်နယ်လူမှုရေးဝန်ကြီး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တိုက်ပွဲရှောင်ပြည်သူများအတွက် ဘေးကင်းလုံခြုံသော၊ ဂုဏ်သိက္ခာရှိသော၊ အမှီခိုကင်းသောဘဝများ ပြန်လည်တည်ဆောက်နိုင်ရေး၊ ပြန်လည်နေရာချထားမည့် နေရာဒေသများရှိ နေထိုင်သူများအားလုံး၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံဝန်ဆောင်မှုများ၊ နေအိမ်အဆောက်အအုံများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ရရှိရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိနေထိုင်သူများသည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း၌ အိမ်ထောင်စု ၆၇၅ စု၊ လူဦးရေ ၃၈၇၄ ဦး ရှိခဲ့ကာ ၂၀၁၇ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင်မူ အိမ်ထောင်စု ၃၃၂ စု၊ လူဦးရေ ၁၆၅၂ ဦးသို့ ပြန်လည်လျော့ကျခဲ့ကြောင်း၊ သို့ရာတွင် နယ်မြေအခြေအနေအရ ၂၀၁၇ ခုနှစ်၊ မတ်လအတွင်းမှစ၍ အိမ်ထောင်စု ၁၀၀၇ စု၊ လူဦးရေ ၅၅၂၆ ဦးအထိ ပြန်လည်များပြားလာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အိမ်ထောင်စု ၈၇၁ စု၊ လူဦးရေ ၅၂၈၁ ဦးရှိကြောင်း၊ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်နေ့ စာရင်းအရ အိမ်ထောင်စုပေါင်း ၇၂၄ စု၊ လူဦးရေ ၄၅၇၄ ဦးရှိကြောင်း သိရသည်။

အဆိုပါ နေရပ်စွန့်ခွာ တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာထောက်ပံ့ခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် ထောက်ပံ့ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ထောက်ပံ့ခြင်း၊ မိုင်းထိဒဏ်ရာရသူများအား ထောက်ပံ့ခြင်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၂၁၇ သန်းကျော်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၅၅ သန်းကျော် ထောက်ပံ့ကူညီပေးခဲ့ပြီးဖြစ်သည်။ ညှိနှိုင်းဆောင်ရွက်ထားရှိမှုများအရ လက်ရှိတွင် ပြန်လည်နေရာချထားရန် အိမ်ထောင်စု ၄၉၉ စု ကျန်ရှိပြီး ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခွင့်အရေးကို မိမိရရကိုင်ဆုပ်ပြီးတော့ သုံးနိုင်မှ အကျိုးရှိမယ်



ကိုဗစ်ရောဂါထိန်းချုပ်တယ်ဆိုတာ ပြည်သူတွေ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်တာပါပဲ။ ရောဂါမဖြစ်အောင်နေပါ။ ကျွန်မတို့အစိုးရအနေနဲ့ နိုင်ငံတော်အနေနဲ့ကတော့ ကာကွယ်ဆေးကို အမြန်ဆုံး ပြည်သူတွေဆီကို ရောက်အောင်လို့၊ ပြည်သူတွေကို ထိုးပေးနိုင်အောင်လို့ ကျွန်မတို့စီစဉ်ပါ့မယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ကနေပြီး ပြန်လည်ပြီး စီးပွားရေးလုပ်ငန်းတွေ ပြန်ပြီးလည်ပတ်နိုင်အောင်လို့၊ ကျွန်မတို့ရဲ့စီးပွားရေး ပြန်ပြီးတိုးတက်လာနိုင်အောင်လို့၊ အရင်တုန်းကထက်တောင်မှ ပိုပြီးကောင်းသွားနိုင်အောင်လို့ဆိုပြီး ကျွန်မတို့ ကြိုးစားပါမယ်။ အခုအချိန်မှာဆိုရင် ကိုဗစ်ရောဂါနောက်ပိုင်းအချိန်မှာ အရင်တုန်းက ရောဂါမဖြစ်ခင်တုန်းက အချိန်နဲ့စာလို့ရှိရင် မရှိခဲ့တဲ့အခွင့်အရေးတွေ ကျွန်မတို့ ရဖို့ဖြစ်ပါတယ်။ ဒါပေမယ့် အခွင့်အရေးဆိုတာ၊ အခွင့်အရေးရလာပေမယ့် ဒီအခွင့်အရေးကို ကျွန်မတို့ကနေပြီး မိမိရရကိုင်ဆုပ်ပြီးတော့ သုံးနိုင်မှ အကျိုးရှိမှာပါ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၃၀)နာရီ**

၁။ (၁၄-၁၂-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ(၁,၁၇၀) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန် | ၃၈ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၆ |
| | | မြောက်ဥက္ကလာပ | ၃၂ |
| | | ဒေါပုံ | ၃၁ |
| | | ရွှေပြည်သာ | ၃၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၈ |
| | | မင်္ဂလာဒုံ | ၂၆ |
| | | လှိုင်သာယာ | ၂၀ |
| | | သင်္ဃန်းကျွန်း | ၂၀ |
| | | လှိုင် * | ၂၂ |
| | | ဗဟန်း | ၂၀ |
| | | လှည်းကူး | ၁၈ |
| | | မရမ်းကုန်း * | ၁၇ |
| | | ခရမ်း | ၁၆ |
| | | ကမာရွတ် | ၁၄ |
| | | စမ်းချောင်း | ၁၂ |
| | | သာကေတ | ၉ |
| | | တောင်ဥက္ကလာပ | ၈ |
| | | ရန်ကင်း | ၈ |
| | | တိုက်ကြီး | ၇ |
| | | သန်လျင် | ၆ |
| | | ထွန်းကြီးကျွန်း | ၆ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၄ |
| | | လမ်းမတော် | ၄ |
| | | ထန်းတပင် | ၄ |
| | | သုံးခွ | ၄ |
| | | မင်္ဂလာတောင်ညွန့် | ၄ |
| | | တာမွေ | ၄ |
| | | ဆိပ်ကြီးခနောင်တို | ၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃ |
| | | ကြည့်မြင်တိုင် | ၃ |
| | | ဒလ | ၃ |
| | | လှော်ကား | ၃ |
| | | ဗိုလ်တထောင် | ၂ |
| | | ပုဇွန်တောင် | ၂ |
| | | ပန်းဘဲတန်း | ၂ |
| | | အလုံ | ၂ |
| | | အင်းစိန် | ၂ |
| | | ကော့မှူး | ၁ |
| | | ကျောက်တံတား | ၁ |
| | | စုစုပေါင်း | ၅၄၀ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံ | ၆၀ |
| | | အောင်မြေသာဇံ | ၄၄ |
| | | ချမ်းမြသာစည် | ၃၀ |
| | | မဟာအောင်မြေ | ၃၅ |
| | | အမရပူရ | ၁၂ |
| | | ပြည်ကြီးတံခွန် | ၁၀ |
| | | ပုသိမ်ကြီး | ၈ |
| | | မတ္တရာ | ၅ |
| | | မလှိုင် | ၅ |
| | | ကျောက်ပန်းတောင်း | ၅ |
| | | မြင်းခြံ | ၄ |
| | | မြစ်သားတွင်း | ၄ |
| | | တောင်သာ | ၄ |
| | | မိုးကုတ် | ၃ |
| | | မိတ္ထီလာ | ၃ |
| | | စဉ့်ကိုင် | ၃ |
| | | သပိတ်ကျင်း | ၂ |
| | | ပျော်ဘွယ် | ၂ |
| | | မြစ်သား | ၂ |
| | | ဝမ်းတွင်း | ၂ |
| | | ရမည်းသင်း | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ငါန်ဇွန်း | ၁ |
| | | စုစုပေါင်း | ၂၄၄ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ပန်းတနော် | ၅၇ |
| | | ဒေးဒရဲ | ၁၆ |
| | | ပုသိမ် | ၁၆ |
| | | ဖျာပုံ | ၁၂ |
| | | သာပေါင်း | ၃ |
| | | မော်လမြိုင်ကျွန်း | ၅ |
| | | ညောင်တုန်း | ၂ |
| | | အိမ်မဲ | ၁ |
| | | ကျုံပျော် | ၁ |
| | | စုစုပေါင်း | ၁၀၉ |
| ၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၃၄ |
| | | ချောက် | ၉ |
| | | တောင်တွင်းကြီး | ၉ |
| | | စလင်း | ၈ |
| | | နတ်မောက် | ၈ |
| | | မြို့သစ် | ၈ |
| | | ဂန့်ဂေါ | ၄ |
| | | ပခုက္ကူ | ၃ |
| | | ရေနံချောင်း | ၃ |
| | | မြိုင် | ၂ |
| | | ငဖဲ | ၂ |
| | | စုစုပေါင်း | ၈၈ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၅၅ |
| | | ဒိုက်ဦး | ၄ |
| | | ရွှေကျင် | ၃ |
| | | ကြို့ပင်ကောက် | ၂ |
| | | ကဝ | ၂ |
| | | ပြည် | ၁ |
| | | ဖြူး | ၁ |
| | | စုစုပေါင်း | ၆၈ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၆ |
| | | ကလေး | ၁၁ |
| | | ရွှေဘို | ၈ |
| | | ဒီပဲယင်း | ၄ |
| | | မုံရွာ | ၂ |
| | | ခင်ဦး | ၁ |
| | | စုစုပေါင်း | ၄၀ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် * | ၈ |
| | | ပေါင် | ၄ |
| | | သထုံ | ၃ |
| | | ရေး | ၃ |
| | | ကျိုက်မရော | ၂ |
| | | စုစုပေါင်း | ၂၀ |
| ၈။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ၆ |
| | | စစ်တွေ | ၅ |
| | | ရမ်းဗြဲ | ၃ |
| | | ကျောက်ဖြူ | ၂ |
| | | ဘူးသီးတောင် | ၁ |
| | | ကျောက်တော် | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၉။ | နေပြည်တော် | လယ်ဝေး | ၂ |
| | | ဇမ္ဗူသီရိ | ၂ |
| | | ပျဉ်းမနား | ၂ |
| | | ဥတ္တရသီရိ | ၁ |
| | | ဒက္ခိဏသီရိ | ၁ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၉ |
| ၁၀။ | ကချင်ပြည်နယ် | ဗန်းမော် | ၄ |
| | | ဝိုင်းမော် | ၃ |
| | | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၁။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၅ |
| | | မြဝတီ | ၁ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၂။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၃။ | ရှမ်းပြည်နယ် | သီပေါ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁၄-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၁၇၀)ဦး |

* လှိုင်မြို့နယ်မှ (၂) ဦး၊ မရမ်းကုန်းမြို့နယ်မှ (၁)ဦးနှင့် မော်လမြိုင်မြို့နယ်မှ (၁)ဦးတို့သည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

**မှတ်ချက်။** (၁၄-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၇၀)ဦးတွင် အနံ့မရရှိသူ (၂၀၃) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် ထုတ် လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

အစီအစဉ်မှူး။ ။ ကိုဗစ် – ၁၉ ရောဂါဟာ ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ကူးစက်မှုတွေ ပိုမိုများပြားလာလျက်ရှိပြီး သေဆုံးမှုတွေ မြင့်မားနေဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လတ်တလော ကိုဗစ်–၁၉ ရောဂါပိုးကူးစက်ခံထားရသူ တစ်သိန်းကျော်အထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ခံရခြင်းမရှိအောင် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေနဲ့ လမ်းညွှန်ချက်တွေကို မဖြစ်မနေ မပျက်မကွက် လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ပြည်သူတွေသိရှိလိုတဲ့ ကိုဗစ် – ၁၉ ရောဂါနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သမားတော်ကြီးတွေ၊ ပါမောက္ခကြီးတွေနဲ့ ပညာရှင်ကြီးတွေက အပတ်စဉ် ဆွေးနွေးပေးလျက်ရှိပါတယ်။ အခု တစ်ပတ်မှာ **ပါမောက္ခ ဒေါက်တာဝင်းမေသိန်း [ပါမောက္ခ(အပူပိုင်း/ကူးစက်)၊ ဆေးတက္ကသိုလ် (မန္တလေး)]၊ ဒေါက်တာဌေးလွင် [ညွှန်ကြားရေးမှူး၊ ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး]တို့နဲ့အတူဦးဆောင်ဆွေးနွေးသူအဖြစ် ဒေါက်တာခင်ခင်ကြီး [ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန]** က ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**ဒေါက်တာခင်ခင်ကြီး။** ။ ယနေ့အထိ ကိုဗစ် – ၁၉ ရဲ့ ရောဂါကူးစက်မှုဟာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် ဖြစ်ပွားနေပြီး ရောဂါကူးစက်ခံရသူပေါင်း ၇၂ သန်းကျော်ရှိကာ သေဆုံးသူအနေနဲ့ ၁ ဒသမ ၆ သန်းကျော်နေပြီ ဖြစ်ပါတယ်။ လက်ရှိအနေအထားကလည်း ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေရော၊ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေမှာပါ ရောဂါဖြစ်ပွားမှုဟာ ဆက်လက် ရှိနေဆဲဆိုတာကို ပြည်သူတွေ အသိပေးချင်ပါတယ်။

ဒီဟာနဲ့ပတ်သက်ပြီး ပြည်သူတွေအနေနဲ့ မေးမြန်းလာတဲ့ မေးခွန်းတော်တော်များများကို တွေ့ရှိရပါတယ်။ မေးခွန်းတွေကိုသက်ဆိုင်ရာပါမောက္ခသမားတော်ကြီးတွေ၊ ပြည်နယ်ကျန်းမာရေးမှူးတို့အပြင် ရောဂါဗေဒနဲ့ ပတ်သက်တဲ့ မေးခွန်းကို ကျွန်မက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ပါမောက္ခဒေါက်တာဝင်းမေသိန်း အနေနဲ့ ကိုဗစ် – ၁၉ နဲ့ပတ်သက်တဲ့ ရောဂါဝေဒနာ လက္ခဏာတွေအကြောင်း မေးမြန်းထားတဲ့ မေးခွန်းတွေကို ဖြေကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာဝင်းမေသိန်း။** ။ ပထမဦးဆုံးအနေနဲ့ ကိုဗစ် – ၁၉ ရောဂါရဲ့ လက္ခဏာတွေကို ပြည်သူတွေကြားမှာ တချို့လည်း သိပ်ပြီးမသိတာတွေရှိပါတယ်။ အဲဒါတွေကို မေးမြန်းထားတာဖြစ်ပါတယ်။ အဓိက ဖျားနာခြင်း၊ အသက်ရှူလမ်းကြောင်းနဲ့ သက်ဆိုင်တဲ့ လက္ခဏာတွေ ဖြစ်ပါတယ်။ ချောင်းဆိုးတယ်၊ နှာရည်ကျတယ်၊ အနံ့ပျောက်သွားတယ်၊ လည်ပင်းနာတယ်၊ သလိပ်ထွက်တယ်၊ မောတယ်၊ အသက်ရှူကျပ်တယ်၊ အသက်ရှူမဝဘူးဆိုပြီး လာကြပါတယ်။

ဒါပေမယ့် တချို့လူတွေမှာ ဒီလိုလက္ခဏာတွေ မရှိဘဲ၊ ဝမ်းပျက်တယ်၊ ဝမ်းလျှောတယ်၊ ပျို့တယ်၊ အန်တယ်၊ တချို့ဆို ကယောင်ကတမ်းတွေပြောတယ်၊ သတိလစ်တယ်၊ လက်အား/ ခြေအားတွေ ပျော့တယ်၊ မလှုပ်နိုင်ဘူး ဆိုပြီး ဒီလိုလက္ခဏာတွေနဲ့ လာကြတာရှိပါတယ်။ ဒါကြောင့် ကိုဗစ်ရဲ့ လက္ခဏာတွေက အသက်ရှူလမ်းကြောင်းဆိုင်ရာသာမက အခြားဟာတွေရှိတယ်ဆိုတာကို ပြည်သူတွေကို သိစေချင်ပါတယ်။ ရုတ်တရက် အနံ့မရတာ၊ အနံ့ပျောက်တာ၊ အနံ့ပြင်းတာတွေကို သိရှိပြီး အနံ့ပျော့တာတွေကို သိပ်ပြီးမရတဲ့ လူတွေလည်း တော်တော်များများတွေ့ရပါတယ်။

ကျွန်မက မန္တလေးကဆိုတော့ မန္တလေးရဲ့ အနေအထားတွေကို ပြောရမယ်ဆိုရင် ၅၀ / ၆၀ ရာခိုင်နှုန်းလောက်က ဒီလိုလက္ခဏာတွေနဲ့ လာကြပါတယ်။ ဒါပေမယ့် တချို့က ရုပ်ရှာထဲမှာ ငါက အနံ့မပျောက်ဘူး၊ ကိုဗစ်မဖြစ်ဘူးဆိုပြီး ယူဆကြတာရှိပါတယ်။ တကယ်တမ်းက အနံ့မပျောက်



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ပါမောက္ခ ဒေါက်တာဝင်းမေသိန်း၊ ဒေါက်တာဌေးလွင်နှင့် ဒေါက်တာခင်ခင်ကြီးတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

လည်း ကိုဗစ်ဖြစ်နိုင်ပါတယ်။ ဒါတွေကို သူတို့ရဲ့ လက္ခဏာတွေအနေနဲ့ သိစေချင်ပါတယ်။

နောက်မေးခွန်းအနေနဲ့ အများစုမေးမြန်းကြတာက ဒီလိုတွေဖြစ်ရင် ဘာလုပ်ရမလဲဆိုပြီး မေးကြပါတယ်။ အဓိကအနေနဲ့ ဒီလက္ခဏာတွေ ရှိပြီဆိုရင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းတွေမှာ တိကျတဲ့ စမ်းသပ်မှုတွေ၊ ကုသမှုတွေ လုပ်ဖို့လိုပါတယ်။ ဆောင်းရာသီရောက်ရှိလာတဲ့အတွက် ရာသီဥတု အေးတာနဲ့အမျှ ရာသီတုပ်ကွေးဆိုတာလည်း ရှိလာပါတယ်။ ရာသီတုပ်ကွေးနဲ့ လက္ခဏာတွေက အများစု တူညီပါတယ်။ ဒါကြောင့် စနစ်တကျ စမ်းသပ်စစ်ဆေးမှသာ ဒါသည် ကိုဗစ် ဟုတ် / မဟုတ် ပြောနိုင်ပါတယ်။ ဒါပေမယ့် သတိထားရမှာက ကိုယ့်ကိုယ်ကိုယ် ရာသီတုပ်ကွေးနဲ့ တူတယ်ဆိုပြီး သတိထားရင်းနဲ့ ကိုဗစ်ရောဂါတွဲပြီး ဖြစ်တဲ့လူတွေဆိုရင် ပိုပြီးဆိုးနိုင်ပါတယ် ဆိုတာကို သိစေချင်ပါတယ်။

ဆေးရုံတက်တဲ့အခါမှာ ကိုဗစ်ရောဂါလက္ခဏာ သိပ်မဆိုးတဲ့သူတွေကို ၁၁ ရက်မှာ ပေးဆင်းပါတယ်။ ရောဂါလက္ခဏာတွေဆိုးတယ်၊ အခံရောဂါတွေလည်းရှိတယ်ဆိုရင် သူတို့ကို ဆေးရုံရောက်တာနဲ့ ရောဂါအဆင့်လိုက် ခွဲလိုက်ပါတယ်။ ရောဂါလက္ခဏာဆိုးတဲ့သူတွေ အနေနဲ့ ရက် ၂၀ သို့မဟုတ် ဒီထက်ပိုပြီး နေရတာရှိပါတယ်။ အများစုက တစ်ပတ်လောက်ဆိုရင် အနံ့ပြန်ရပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်အနေနဲ့ ရောဂါဖြစ်ပွားပြီး ပျောက်ကင်းတာချင်း မတူညီပါဘူး။ တချို့က ၁၀ ရက်ကျော်မှ၊ တချို့လည်း နှစ်ပတ်ကျော်မှ၊ တချို့လည်း ဆေးရုံက ဆင်းတာတောင်မှ နှစ်ပတ်၊ သုံးပတ်နေမှ အနံ့ပြန်ရတာတွေ ရှိပါတယ်။

ဆေးရုံက ဆင်းသွားတဲ့အခါ အိမ်မှာ တစ်ပတ်နေရပါမယ်။ အိမ်မှာ မိသားစုနဲ့ နီးနီးကပ်ကပ်မနေဘဲ သီးသန့်နေမယ်။ အဓိက သူ့ရဲ့ကိုယ်ခံအားကို မြှင့်တင်ပြီး ကောင်းကောင်းအိပ်မယ်၊ စားမယ်၊ နားမယ် ဒီလို အနေအထားတွေနဲ့ ကိုယ့်ရဲ့ ကိုယ်ခံအားကို ပြန်ပြီးမြှင့်တင်တဲ့ အနေအထားအတိုင်း ဖြစ်စေချင်တာပါ။

ကူးစက်နှုန်းအနေနဲ့ နိုင်ငံတကာ စမ်းသပ်ချက်တွေအရ ၁၀ ရက်လောက်ဆိုရင် ကျွန်မတို့ ခန္ဓာကိုယ်ဟာ တခြားသူကို ကူးစက်တဲ့ ကူးစက်နှုန်းက ကျသွားပါပြီ။ အဲဒီတော့ ကူးစက်မှုနှုန်းက အတော်ကို နည်းသွားပါပြီ။ ဒါကြောင့် ကျွန်မတို့က ၁၁ ရက်မှာ ဆေးရုံက ပေးဆင်းတယ်ဆိုတဲ့ ညွှန်ကြားချက်တွေ ဖြစ်လာတာပါ။ တကယ်လို့ ဆေးရုံကဆင်းပြီး အိမ်မှာ ၇ ရက်လည်း နားနေပြီးပြီ ကိုယ့်ရဲ့ အလုပ်တွေကို ပုံမှန်လုပ်ကြမယ်ဆိုရင် Mask တွေ တပ်ရမယ်၊ စက္ကန့် ၂၀ လက်ဆေးတာ၊ ၆ ပေအကွာ နေထိုင်တာ ဒါတွေကို ကျင့်သုံးနေရမှာ ဖြစ်ပါတယ်။

ရောဂါပိုးတွေ့သူ ၈၀ ရာခိုင်နှုန်းရဲ့ သဘောသဘာဝ အရ အများစုက ပြန်ကောင်းပါတယ်။ ဘာလက္ခဏာမှလည်း မပြဘူး။ နောက်ဆက်တွဲလည်း ဘာမှမဖြစ်ဘူး။ ဒါပေမယ့် တချို့သောသူတွေ အထူးသဖြင့် အသက်ကြီးတဲ့သူတွေ၊ ရောဂါအခံရှိတဲ့သူတွေမှာ နောက်ဆက်တွဲ ပြဿနာတွေရှိပါတယ်။ ဒီလူတွေသည် သေချာကုသမယ်၊ သောက်နေကျဆေးတွေကို ပုံမှန်သောက်မယ်ဆိုရင် ဒါတွေက ပြန်ပြီးကောင်းလာမှာ ဖြစ်ပါတယ်။

ရောဂါပိုးကြောင့် အဆုတ်မှာ အဆုတ်ရောင်တဲ့ ရောဂါဖြစ်တယ်၊ ရောဂါပျောက်သွားရင် အနာရွတ်တွေ ကျန်ရစ်ခဲ့တယ်၊ ဒါတွေကြောင့် အဆုတ်သည် အရင်လို မလုပ်နိုင်တဲ့အတွက်ကြောင့် မောပန်းတဲ့ လက္ခဏာတွေ၊ အသက်ရှူရတာ ခက်တာတွေ၊ အောက်ဆီဂျင်ကျတာတွေ ရှိနိုင်ပါတယ်။ ဒါကြောင့် ပြန်ဆင်းသွားတဲ့ လူနာတွေကို ရက်ချိန်းပေးပါတယ်။ သူ့ရဲ့ ရက်ချိန်းအလိုက် မှန်မှန်လာပြဖို့ ကျွန်မတို့ ညွှန်ကြားလိုက်ပါတယ်။ သက်ဆိုင်ရာ အထူးကုတွေကလည်း ဆက်လက်ပြီး ကုသပေးသွားမှာ ဖြစ်ပါတယ်။

ရောဂါပိုးတွေ့တဲ့သူတွေရဲ့ ခန္ဓာကိုယ်မှာ ကိုယ်ခံအားက တစ်ပတ်ကျော်လောက်ကစပြီး ကိုယ်ခံအားတွေက တက်ပါတယ်။ တဖြည်းဖြည်းနဲ့ ကိုယ်ခံအားတွေက ရက်ပေါင်း ၉၀ အထိတက်လာပြီး ရက် ၉၀ ကျော်ရင် ပြန်ပြီးကျလာပါတယ်။ ဒါကြောင့် လူတွေမှာ ပိုးပြန်ဝင်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိပါတယ်။ ဒါတွေကို ဘယ်လို ပြန်ပြီး ကာကွယ်မလဲဆိုရင် တစ်ကိုယ်ရေ ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှုတွေလုပ်ရမယ်။ အဓိက တုပ်ကွေးရဲ့လက္ခဏာ ဖြစ်တဲ့ အဆုတ်ရောင်တယ်၊ အဆုတ်နဲ့ပတ်သက်ပြီး ဖြစ်ပေါ်တဲ့ လက္ခဏာတွေ၊ ရာသီတုပ်ကွေးရဲ့ လက္ခဏာတွေ ဖြစ်လို့ရှိရင် နီးစပ်ရာ ဆေးရုံဆေးခန်းတွေကို ပြပါ။ မိမိဘာသာ ဆေးတွေ၊ ဆေးမြီးတိုတွေ မသောက်ပါနဲ့၊ ကုသမှုတွေ နောက်ကျကုန်မှာစိုးလို့ပါ။

နောက်တစ်ခုက လူတိုင်း လိုက်နာကျင့်သုံးရမယ့် ခုနကပြောတဲ့ အချက် ၃ ချက်ဖြစ်တဲ့ Mask တပ်ပါ၊ လက်ဆေးပါ၊ ၆ ပေအကွာ ခပ်ခွာခွာနေပါအပြင် လူစုလူဝေးကို ရှောင်ပါ၊ စုပေါင်းစားသောက်တာတွေကို ရှောင်ပါလို့ ကျွန်မ ပြောချင်ပါတယ်။ တတ်နိုင်တဲ့ လူငယ်ပိုင်းတွေအနေနဲ့ အားကစားတွေ လုပ်ဖို့လိုပါတယ်။ အနားယူရမယ်၊ အားရှိတဲ့အစားအစာတွေ စားရပါမယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အသိပညာပေးလမ်းညွှန်တွေကိုလည်း ဖတ်ရှုပြီး ပြည်သူအားလုံးက လိုက်နာပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မယ်ဆိုတာကို ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာခင်ခင်ကြီး။** ။ဆက်လက်ပြီး ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်အနေနဲ့ ကယားပြည်နယ်မှာ ရောဂါကူးစက်ခံရမှု မရှိအောင် ဘယ်လို ဆောင်ရွက်ခဲ့တယ်၊ လက်ရှိအခြေ အနေမှာ ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာတွေကို ရှင်းပြပေးပါဦး။

**ဒေါက်တာဌေးလွင်။** ။ ဒီရောဂါသည် အခုအချိန်မှာ တိတိကျကျ ကုသနိုင်တဲ့ဆေး မရှိသေးပါဘူး။ ကာကွယ်ဆေးဆီကိုလည်း မရောက်သေးဘူး။ ပြည်သူလူထုကြားမှာ ဒီရောဂါဖြစ်တယ်။ နောက်တစ်ယောက်ကနေ တစ်ယောက် ပိုးကလည်း

### ထက်လျှံ

အသွင်ပြောင်းသွားတဲ့အခါ ကူးစက်လွယ်တဲ့ အနေအထား ဖြစ်ပါတယ်။

အခုသေဆုံးတဲ့ လူတွေထဲက သူ့မှာ နောက်ခံရောဂါဖြစ်တဲ့ ဆီးချိုတို့၊ သွေးတိုးတို့၊ နှလုံးရောဂါတို့ ဒီလိုရောဂါတွေရှိတယ်။ ကျောက်ကပ်လဲထားရတဲ့သူတွေ ဒီလူတွေမှာ သေဆုံးတတ်တဲ့အတွက်ကြောင့် အန္တရာယ်ရှိတာကို သိစေချင်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ရှိတဲ့သူတွေ၊ နီးနွယ်အဖွဲ့တွေနဲ့ ပူးပေါင်းပြီး လက်ကိုင်စပီကာတွေနဲ့ ပြည်သူတွေကြားမှာ အသိပညာပေးတဲ့ လုပ်ငန်းတွေကို တောက်လျှောက် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေထဲမှာ ကယားပြည်နယ်သည် နောက်အကျဆုံးမှာ စဖြစ်ပါတယ်။ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပိုးစတွေ့တာပါ။ ကျွန်တော်တို့က ထိုင်းနယ်စပ်ဖြစ်တာကြောင့် တရားဝင်လမ်းကြောင်းတွေ မဖွင့်ပါဘူး။ ပြည်နယ်ထဲမှာ လူဦးရေက ၃ သိန်းပဲရှိတဲ့အတွက် လူနေကျဲပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေကို စနစ်တကျ အသိပညာပေး ဆောင်ရွက်ပေးနိုင်တဲ့အပြင် ပြည်သူတွေကလည်း Mask တွေကို စနစ်တကျ တပ်ကြတဲ့အတွက်ကြောင့် ကယားပြည်နယ်မှာ ပိုးတွေ့တာလည်း နည်းတယ်။ ဖြစ်ပွားမှုတွေလည်း နည်းတယ်။ ကယားပြည်နယ်ထဲကို ဝင်ရောက်လာတဲ့ မည်သူမဆို Facility Quarantine တွေ ထားရှိပေးတယ်။ စနစ်တကျ Swab စစ်ဆေးပေးတယ်။ ဒီလိုလုပ်တာတောင် အောက်တိုဘာ ၁၅ ရက်ကနေ ဒီနေ့အထိ ပိုးတွေ့လူနာ ၅၅ ဦးရှိပါတယ်။

ဒီ ၅၅ ဦးထဲမှာ ၁၇ ဦးက ယာဉ်မောင်းတွေပါ။ ကျန်တဲ့ ၃၆ ယောက်က တခြား Stay at Home နဲ့ Stay at Home မဟုတ်တဲ့ မြို့နယ်တွေက ပြန်လာတဲ့သူတွေ ဖြစ်ပါတယ်။ ကယားပြည်နယ်ထဲမှာ ဖြစ်တဲ့သူအနေနဲ့ မရှိသေးပါဘူး။ အဲဒီတော့ ရောဂါကူးစက်တဲ့အနေအထားကို ကြည့်လိုက်ရင် သိပါတယ်။ ကိုယ့်အိမ်ထဲသာ ကိုယ်နေရင် ဒီရောဂါပိုးက ခြေထောက်ပေါက်ပြီး ရောက်မလာဘူး။ အိမ်ထဲကနေ လူတစ်ယောက်က အပြင်ထွက်မယ်၊ လျှောက်သွားနေမယ်ဆိုရင် ဒီရောဂါကူးစက်မယ်။

ကူးစက်မှုတွေမရှိအောင် လူတွေတစ်ယောက်နဲ့ တစ်ယောက်သာ မထိတွေ့ကြဘူးဆိုရင် အထူးသဖြင့် အများဆုံးကူးတာက လူတွေ တစ်ဦးကနေ တစ်ဦးကို ကူးကြတာတွေပဲ များပါတယ်။ အစုလိုက်အပြုံလိုက်နေရင် အစုလိုက်အပြုံလိုက် ကူးပါတယ်။ ဘယ်နေရာကို ဘယ်လိုပဲသွားသွား ကိုယ့်အိမ်ထဲက အပြင်ကိုထွက်ပြီဆိုတာနဲ့ Mask တပ်ဖို့၊ စနစ်တကျလက်ဆေးဖို့ ဒါတွေကိုလည်း စပြီးပြောနေတာ နှစ်ပေါက်အောင်ဖြစ်လာပါပြီ။ ဒါပေမယ့် အချို့နေရာတွေမှာ လိုက်နာမှု အားနည်းတာတွေကြောင့်လည်း ကူးစက်မှုကို မတားဆီးနိုင်သေးတာလည်း ဖြစ်ပါတယ်။

ပြီးရင် Social Distancing တွေကို ဆောင်ရွက်ဖို့လည်း လိုပါတယ်။ ကူးစက်မှုတွေ ဖြတ်တောက်ဖို့အတွက် မူဝါဒတွေ ချမှတ်ထားတာတွေကို လိုက်နာကြဖို့ ပြည်သူလူထုကို ပြောလိုပါတယ်။ ဒီလို လိုက်နာဖို့အတွက် အဓိက အရေးအကြီးဆုံးသည် ပြည်သူလူထု ပူးပေါင်းပါဝင်ဖို့ ဖြစ်ပါတယ်။ ပြည်သူလူထု တစ်ဦးချင်း၊ တစ်ယောက်ချင်း လိုက်နာမယ်ဆိုရင် ကူးစက်မှုက နည်းမှာဖြစ်ပါတယ်။

ကယားပြည်နယ်က သာဓကတစ်ခုပြောချင်ပါတယ်။ ပြည်သူတွေ စိုးရိမ်လို့မေးတဲ့ မေးခွန်းတွေထဲမှာလည်း ပါပါတယ်။ ကယားပြည်နယ်ကို ရန်ကုန်ကနေ ကုမ္ပဏီဝန်ထမ်း မိန်းကလေး လေးယောက်လာပါတယ်။ အဲဒီလေးယောက်ကို စစ်လိုက်တဲ့အခါ အဲဒီအထဲက တစ်ယောက် Positive ထွက်ပါတယ်။ ကျန်တဲ့ သုံးယောက်က Negative ဖြစ်တယ်။ သေချာပြန်ပြီး Trace လိုက်တဲ့အခါ အဲဒီအထဲက တစ်ယောက်က ပြီးခဲ့တဲ့ တစ်လက ရန်ကုန်ရိုးမရိပ်သာမှာ အနံ့ပျောက်သွားလို့ ဆေးရုံသွားပြတယ်။ အဲဒီမှာနေတယ်။ စစ်လိုက်တဲ့အခါ Positive ဖြစ်တယ်။ ၁၁ ရက်နေပြီး ပြန်သွားတယ်။ အိမ်မှာ ၇ ရက် စနစ်တကျနေပြီး နောက် ၂ ပတ်လောက်ကြာမှ ကယားပြည်နယ်ကို ထွက်လာကြတယ်။ **စာမျက်နှာ ၁၉ သို့ ❖**




## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး / အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

COVID-19 ရောဂါဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာ မျှဝေပေးမည့် “ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်”ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒီဇင်ဘာ ၁၆ ရက်(ဗုဒ္ဓဟူးနေ့) ညနေတွင် ဒစ်ဂျစ်တယ်နည်းပညာဖြစ်သည့် E-Commerce စနစ်ကိုသုံးပြီး ကုန်စည်စီးဆင်းမှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်အား City Holdings Ltd (Group CEO) ဒေါ်ဝင်းဝင်းတင့်နှင့် Online travel Company flymya.com and IT Company BOD Tech Ventures (Founder) ဦးသန်းထွန်းဝင်းတို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၁၈ မှ

အတူတူ လာတယ်၊ အတူတူအိပ်တယ်၊ အဲဒီလို လူတွေကို ဘာလို့မကူးသလဲဆိုတော့ သူသည် ပိုးတွေ့ပြီးတာ တစ်လကျော်သွားတဲ့အတွက် မကူးစက်ဘူးဆိုတဲ့ အနေအထားကို ပြည်သူလူထုကို ပြောပြချင်တာဖြစ်ပါတယ်။ ဒါက ကူးစက်နိုင်မှုအပိုင်း ဖြစ်ပါတယ်။ အများကြီးလည်း စိတ်ပူဖို့ မလိုသလို ကျွန်တော်တို့တွေက ပေါ့ပေါ့ဆဆလည်း နေလို့မရပါဘူး။ အခု ဒီဇင်ဘာ ၁၆ ရက်ဆိုရင် ပြည်တွင်းလေကြောင်းလိုင်းတွေလည်း ပြန်ဖွင့်မှာဖြစ်ပါတယ်။ ဒီလေကြောင်းလိုင်းတွေမှာ လိုအပ်တဲ့ SOP တွေကို ထုတ်ပြန်ထားပြီး စနစ်တကျ သွားကြလာကြမယ်။ ပြည်သူလူထုကြားမှာ တအားကြီး ပိတ်ထားလို့လည်း မရသလို အားလုံးညီညွတ်မျှတအောင် လုပ်နိုင်ဖို့အတွက် လိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာက ကိုဗစ်ရောဂါသည် စနစ်တကျ ကာကွယ်တားဆီးမယ်၊ ပြည်သူတစ်ဦးချင်း လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် မိသားစုတစ်စုချင်းမှာ ရောဂါကူးစက်မှုမရှိဘဲ ဒီရောဂါကို တွန်းလှန်နိုင်မှာဖြစ်ပါတယ်။ အဓိက ပြည်သူလူထုသည် အရေးအကြီးဆုံးဖြစ်ပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေ၊ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေကို စနစ်တကျ လိုက်နာကြမယ်ဆိုရင် ပြည်သူလူထုတွေအားလုံး ကိုဗစ်ရောဂါဘေးကြီးကနေ အမြန်ဆုံးကျော်လွှားပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွေကို ဆက်လက်ပြီး ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာခင်ခင်ကြီး။** ။ မေးထားတဲ့ မေးခွန်းတွေကို အဓိက အပိုင်းအလိုက်ခွဲလိုက်မယ်ဆိုရင် ပြည်သူတွေ သိချင်နေတဲ့အကြောင်းက ၄ ပိုင်း ရှိပါတယ်။ ပထမဦးဆုံးက ကာကွယ်ဆေးဖြစ်ပါတယ်။ နံပါတ် ၂ က ကွာရန်တင်းကိစ္စဖြစ်ပါတယ်။ နံပါတ် ၃ က Mask တွေတပ်တဲ့ ကိစ္စကို သိချင်တာဖြစ်ပါတယ်။ နံပါတ် ၄ ကတော့ Test တွေနဲ့ စစ်ဆေးတဲ့ကိစ္စဖြစ်ပါတယ်။

ကာကွယ်ဆေးနဲ့ပတ်သက်ရင် လူတွေမှာ စမ်းသပ်တဲ့အဆင့်ကို ၃ ဆင့်ခွဲပြီး ပြောရမှာ ဖြစ်ပါတယ်။ Clinical Phase 1 မှာဆိုရင် လူ ၁၀ ဂဏန်းကို စမ်းသပ်ပါတယ်။ ကာကွယ်ဆေးဟာ စိတ်ချရမှုရှိသလား။ Safety ကို စမ်းပါတယ်။ ပြီးရင် ကာကွယ်ဆေးရဲ့ ပမာဏ Dosage ကို စမ်းပါတယ်။ ကာကွယ်နိုင်တဲ့ အာနိသင် Immune System ဘယ်လောက် တက်လာသလဲ။ ဒါတွေကို စမ်းသပ်တာဖြစ်ပါတယ်။

နံပါတ် ၂ မှာ ကလေးတွေရော၊ အသက်ကြီးသူတွေရော ကာကွယ်ဆေးရဲ့ စမ်းသပ်တဲ့သဘောအရ ပါဝင်လာတာဖြစ်ပါတယ်။ အဓိကက စိတ်ချရမှုကို စမ်းတာဖြစ်ပါတယ်။ နံပါတ် ၃ အဆင့်က လူသောင်းနဲ့ချီပြီး စမ်းသပ်တာ ဖြစ်ပါတယ်။ ဒီကာကွယ်ဆေးထိုးထားပြီးတဲ့သူမှာ ရောဂါပိုးဝင်ရောက်ခြင်း ရှိ/မရှိကို စောင့်ကြည့်တဲ့စနစ်တွေ ပါပါတယ်။ ကာကွယ်ဆေးစမ်းသပ်တဲ့အခါ စေတနာ့ဝန်ထမ်းတွေ အများကြီးပါဝင်ပါတယ်။

သူတို့တွေကို ကာကွယ်ဆေးစမ်းသပ်တဲ့ဆေးနဲ့ ကာကွယ်ဆေးလိုမျိုး အသွင်တူတဲ့ Placebo အဲဒီလို ဆေးတစ်မျိုးနဲ့ စမ်းသပ်ပြီးတဲ့အခါ Placebo ရတဲ့သူမှာ ကာကွယ်နိုင်တဲ့ အာနိသင်ဘယ်လောက်လဲ။ တစ်နည်းအားဖြင့် ကာကွယ်ဆေးထိုးတဲ့သူမှာ ကာကွယ်နိုင်တဲ့ အာနိသင်ဘယ်လောက်လဲ။ အဲဒီလို စမ်းသပ်တာဖြစ်ပါတယ်။ အသက်အရွယ်ပေါင်းစုံ၊ ကလေး၊ လူကြီး၊ ရောဂါအခံရှိသူ၊ ကိုယ်ခံအားကျနေသူ၊ အုပ်စုလိုက် အသားအရောင်ပေါ်မှာ၊ နေတဲ့ဒေသပေါ်မှာ မူတည်ပြီး ဒါတွေကို ပြည့်ပြည့်စုံစုံ စမ်းသပ်ရတာဖြစ်ပါတယ်။

Phase 1 မှာ စမ်းသပ်နေတဲ့ ကာကွယ်ဆေးက အမျိုးပေါင်း ၄၀ ရှိပါတယ်။ Phase 2 မှာ စမ်းသပ်နေတဲ့ ကာကွယ်ဆေးက ၁၇ မျိုးရှိပါတယ်။ Phase 3 မှာ ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်နေတဲ့ ကာကွယ်ဆေးက ၁၅ မျိုးရှိပါတယ်။ စောစောစီးစီးသုံးနိုင်ဖို့ အတိုင်းအတာတစ်ခုနဲ့ ကန့်သတ်ပြီး သုံးနိုင်တဲ့ ကာကွယ်ဆေးအနေနဲ့ ၅ မျိုးရှိနေပြီ ဖြစ်ပါတယ်။ Approved ဖြစ်သွားတဲ့ ကာကွယ်ဆေးက ၂ မျိုးရှိပြီဖြစ်ပါတယ်။

The University of Queensland က ထုတ်တဲ့ ကာကွယ်ဆေးကတော့ မလိုလားအပ်တဲ့ အခြားတွေ့ရှိမှုတွေ ဖြစ်ရတဲ့အတွက် ကာကွယ်ဆေးကနေ ဖယ်ထုတ်လိုက်ပါပြီ။ ပြောချင်တာက ကာကွယ်ဆေးတစ်ခု ပုံမှန်အားဖြင့် ထုတ်နိုင်ဖို့က နှစ်နဲ့ချီပြီး ကြာပါတယ်။ ဆယ်နှစ်ကနေ ၁၅ နှစ်၊ နှစ် ၂၀ အထိကြာပါတယ်။ ကာကွယ်ဆေးသမိုင်းမှာ ပါးချိတ်ရောင်ကာကွယ်ဆေးကို ၁၉၆၀ ပြည့်နှစ် ဝန်းကျင်မှာ ရတာတော့ အစောဆုံးပါပဲ။ သို့သော် ကိုဗစ် - ၁၉ ကာကွယ်ဆေးဟာဆိုရင် သူစဖြစ်တာကနေ တစ်နှစ်အတွင်းမှာပဲ ကာကွယ်ဆေးရလာတယ်ဆိုတဲ့ အနေအထားဟာ ကမ္ဘာ့သမိုင်းမှာရော၊ ကာကွယ်ဆေးသမိုင်းမှာရော အမြန်ဆုံးရတဲ့ ကာကွယ်ဆေးအဖြစ် အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေး ၂ ခုကတော့ Approved ဖြစ်ပါတယ်။ Pfizer ထုတ်တဲ့ ကာကွယ်ဆေးကို အမေရိကန်နိုင်ငံရဲ့ FDA က Approved ပေးလိုက်တာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Sinovac ဆေးက UAE မှာ Approved ပေးလိုက်တာ ဖြစ်ပါတယ်။ ဒီ ၂ ခုကတော့ လောလောဆယ် Approved ပေးထားတဲ့ ကာကွယ်ဆေးတွေ ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေကို ထိုးပေးတဲ့လူတွေက ရောဂါဖြစ်တဲ့လူတွေ မဟုတ်ပါဘူး။ လူကောင်းတွေကို ထိုးပေးမှာဖြစ်ပါတယ်။

အဲဒီတော့ ကာကွယ်ဆေးရဲ့စိတ်ချရမှု၊ ဘေးကင်းမှု၊ အာနိသင်ထက်မြက်မှုကို အထပ်ထပ်အခါခါ အစစ်ဆေးခံနိုင်တဲ့ကာကွယ်ဆေးကိုပဲ Approved အဖြစ်ရမှာ ဖြစ်ပါတယ်။

Mask နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် Surgical Mask တွေ၊ အဝတ် Mask တွေကတော့ သာမန်ပြည်သူလူထု သွားလာဖို့အတွက် သင့်တော်ပါတယ်။ N 95 Mask နဲ့ KN95 Mask တွေကတော့ ကျန်းမာရေးဝန်ထမ်းတွေ၊ လူနာတွေ ပြုစုကုသပေးနေရတဲ့ ဝန်ထမ်းတွေအတွက်ကတော့ မရှိမဖြစ် လိုအပ်ပေမယ့် သာမန်ပြည်သူလူထုအနေနဲ့ကတော့ Surgical Mask တွေ၊ အဝတ် Mask တွေကို သာတပ်ပြီး တခြားသော လက်ဆေးခြင်း၊ လူအုပ်စုရှောင်ကြဉ်ခြင်းတွေကို ဆောင်ရွက်မယ်ဆိုရင် ရောဂါကို ကာကွယ်နိုင်မယ်လို့ ပြောကြားချင်ပါတယ်။

နောက်တစ်ခုက Mask တွေတပ်ခြင်းဖြစ်ပါတယ်။ Mask တပ်ခြင်းက ရောဂါပိုးကို ကာကွယ်နိုင်တယ်။ ဖြစ်ရင်တောင်မှ ဆိုးဆိုးရွားရွားမဖြစ်ဘူး။ CDC ရဲ့ Guideline အရဆိုရင် ရောဂါဖြစ်ပွားပြီး ၃ လအထိကတော့ စစ်လိုက်ရင် ပိုးတွေ့နိုင်ပါတယ်။ သူများကို ကူးစက်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ် မဟုတ်ပါဘူး။ ကိုဗစ်ကုသရေးစင်တာ၊ ကိုဗစ်ကုသရေးဆေးရုံတွေက ပြန်လာပြီးသားဆိုရင် နောက်ပိုင်းမှာ ဆေးစစ်ဖို့မလိုတဲ့ ကိစ္စမျိုးတွေ လုပ်ဖို့လည်း အစီအစဉ်ရှိပါတယ်။

ကိုဗစ်ဖြစ်ပြီး ဆေးရုံကဆင်းပြီးရင် သူများဆီက ကိုယ့်ဆီကို ကူးစက်နိုင်သလားဆိုတာက ၃ လ နောက်ပိုင်းဆိုရင်တော့ ကိုယ့်ရဲ့ကိုယ်ခံအားတွေက ကျသွားမယ်ဆိုရင်တော့ ကူးစက်ဖို့ အခွင့်အလမ်း ရှိပါတယ်။ ပြန်မဖြစ်နိုင်ဘူးလားဆိုတော့ ပြန်ဖြစ်နိုင်ပါတယ်။ မပေါ့ဆစေလိုပါဘူး။ ဒါကိုသိစေချင်ပါတယ်။ ခုနပြောသလို ရောဂါကာကွယ်ရေးနည်းလမ်းတွေကို မလိုက်နာဘဲ ပေါ့သွားချိန် ကိုယ့်ရဲ့ကိုယ်ခံအားကလည်း နည်းသွားတဲ့အချိန် ပြန်ကူးစက်နိုင်ပါတယ်။ ပြန်ကူးစက်တဲ့ အထောက်အထားတွေလည်း ရှိတဲ့အတွက် အထူးဂရုစိုက်ဖို့ လိုပါတယ်။

ကိုဗစ် Positive ဖြစ်ပြီးတဲ့သူတွေအနေနဲ့လည်း ဖြစ်ပြီးလို့ ကိုယ်ခံအားရှိတာပဲဆိုပြီး ပေါ့ပေါ့ဆဆ နေလို့မရပါဘူး။ အများပြည်သူလိုက်နာရမယ့် စည်းကမ်းချက်တွေကိုလည်း ဆက်လက်လိုက်နာဖို့ လိုပါတယ်။ မိမိအနားမှာရှိတဲ့ မည်သူမဆို ရောဂါပိုးရှိနေနိုင်တယ်လို့ သဘောထားပြီး ရောဂါကာကွယ်ရေးနည်းလမ်းတွေကို စနစ်တကျကျင့်သုံးဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။ ရောဂါလက္ခဏာရှိပြီဆိုတာနဲ့ သက်ဆိုင်ရာကျန်းမာရေးဌာနကို သတင်းပေးပို့ပြီး ကျန်းမာရေးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်တာတော့ အကောင်းဆုံးဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

အခြားပိုးရှိတဲ့သူက ကူးနိုင်သလားဆိုတာတော့ လိုက်နာရမယ့် စည်းကမ်းချက်တွေကို တိတိကျကျ လိုက်နာမယ်ဆိုရင်တော့ ကူးစက်နိုင်ဖို့ အခွင့်အလမ်းနည်းပါတယ်။ သို့သော် လိုက်နာရမယ့် စည်းကမ်းချက်တွေကို ပျက်ကွက်တယ်၊ အားနည်းချက်တွေ ရှိနေတယ်ဆိုရင်တော့ ကူးစက်နိုင်တဲ့သဘောရှိပါတယ်။

ဒါကြောင့် ကျွန်မအနေနဲ့ နိဂုံးချုပ်ပြီး ပြောရမယ်ဆိုရင် ပြည်သူတွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ တစ်သဝေမတိမ်း တက်ညီလက်ညီ တစ်စိတ်တစ်ဝမ်းတည်း လိုက်ပါပြီး စည်းကမ်းချက်တွေကို သေချာလိုက်နာဆောင်ရွက်မယ်၊ နိုင်ငံတော်အစိုးရက ကိုယ့်ပြည်သူတွေ အကျိုးအတွက် အကောင်းဆုံး လုပ်ဆောင်ပေးနေတယ်ဆိုတာ သိရှိပြီး မိမိနိုင်ငံသားတွေအတွက် မိမိစည်းကမ်းကို လိုက်နာမယ်၊ တစ်ယောက်စီတိုင်းက လိုက်ပါဆောင်ရွက်ပြီး စည်းကမ်းချက်တွေကို လိုက်နာဖို့လိုပါတယ်။

ဒါကြောင့် ကိုယ့်နိုင်ငံအစိုးရသည် နိုင်ငံသားတွေအတွက် အကောင်းဆုံး ဆောင်ရွက်ပေးနေတယ်ဆိုတာကို ယုံကြည်လက်ခံပြီး နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်ကို တစိုက်မတ်မတ် ယုံကြည်စွာနဲ့ လိုက်နာပြီး ချမှတ်ထားတဲ့ စည်းကမ်းချက်တွေဟာ မိမိအကျိုးအတွက်ဖြစ်တယ်ဆိုတာကို နားလည်လက်ခံပြီး လိုက်နာခြင်းဖြင့် နိုင်ငံရဲ့ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုတွေ၊ သေဆုံးမှုတွေ အမြန်ဆုံးထိန်းချုပ်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးတွေ ရရှိလာပြီဆိုရင်လည်း ဖြစ်ပွားသေဆုံးနှုန်းတွေကလည်းနည်းပြီး ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးကိုလည်း မြန်မြန်နာလန်ထူအောင်၊ တိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံသူ နိုင်ငံသားတိုင်းအားလုံး၊ ကမ္ဘာသူကမ္ဘာသားအားလုံး ကိုဗစ် - ၁၉ ကူးစက်ရောဂါဘေးက အမြန်ဆုံးကင်းဝေးနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။



# ဘဝသစ်ဖန်တီးပေးသော ရန်ကုန်တက္ကသိုလ်

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

လွတ်လပ်ရေးရပြီးခါစ ၁၉၅၂ ခုနှစ် ဩဂုတ်လ ၄ - ၁၇ ရက်အတွင်း တိုင်းပြုပြည်ပြုလွှတ်တော် ပြည်တော်သာ ညီလာခံကျင်းပရာမှာ ဘဝသစ်ဖန်တီးမှု ပညာရေး စီမံကိန်းတစ်ရပ် တင်သွင်းခဲ့တယ်လို့ မှတ်တမ်းတစ်ခု အရ သိရပါတယ်။ အဓိကရည်ရွယ်ချက်(၃)ရပ်ကို အောက်ပါအတိုင်း ဖတ်ရှုရပါတယ် -

(က) ပြည်ထောင်စုသားမှန်သမျှ အရေး၊ အဖတ်၊ အတွက်အချက် နားလည်သူများဖြစ်စေရန်၊

(ခ) လိုအပ်သော စက်မှုလုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်လာစေရန်၊

(ဂ) ပြည်ထောင်စုအတွင်း စာမတတ်သူဦးရေ နည်းပါးသွား၍ ဗလငါးတန်နှင့် ပြည့်စုံသူ ပြည်ထောင်စုသားများ ပေါများလာစေရန်တို့ ဖြစ်ပါတယ်။

### ငွေရတုကို ကျော်လွန်ခဲ့

ဘဝသစ်ဖန်တီးမှု ဒီစီမံကိန်းဟာ ရိုးရိုးနဲ့ ရှင်းရှင်း လေးပဲ ဖြစ်ပါတယ်။ ၁၉၅၂ ခုနှစ်ဆိုတော့ ရန်ကုန် တက္ကသိုလ်ဟာ ငွေရတုကို ကျော်လွန်ခဲ့ပြီး ၃၂ နှစ်အရွယ် ရင့်ကျက်နေပြီ ဖြစ်ပါတယ်။ သမိုင်းကိုလေ့လာရင် တိုင်းပြည်တိုးတက်ဖို့၊ လွတ်လပ်ရေးရဖို့ ပညာတတ်တွေ ရှိမှ ဖြစ်မယ်၊ တိုင်းပြည်မှာလည်း ပညာတတ်တွေ အများကြီးလိုတယ်ဆိုပြီး မြန်မာ့ခေါင်းဆောင်တွေက ကာလကတ္တားတက္ကသိုလ်ရဲ့ လက်အောက်က ကင်းလွတ်တဲ့ သီးခြားတက္ကသိုလ် တည်ထောင်ပေးဖို့ ၁၈၉၂ ခုနှစ် ကတည်းက တောင်းဆိုခဲ့ကြောင်း တွေ့ရပါတယ်။ ၁၉၂၀ ပြည့်နှစ်ရောက်တော့ ရန်ကုန်တက္ကသိုလ်ရယ်လို့ ပေါ်ပေါက်လာတဲ့အခါ ကျောင်းသား ၈၂၉ ဦး တက်ရောက်ခဲ့ပြီး "နတ္ထိဝိဇ္ဇာ သမံမိတ္တံ" ပညာသင်ယူ ခြင်းနှင့်တူသော မိတ်ဆွေသည်မရှိဆိုတဲ့ စကားနဲ့အညီ တာထွက်ခဲ့ပါတယ်။

ငယ်စဉ်အခါက ရန်ကုန်ဆိုတာ ဘယ်မှာရှိမှန်း မသိတာ မဆန်းပါဘူး။ ရန်ကုန်တက္ကသိုလ်ဆိုတာလည်း မကြားဖူးဘူး။ ရန်ကုန်တက္ကသိုလ်သို့ ကျွန်တော် ရောက်လာမယ်ဆိုတာ သိနိုင်ဖို့ဝေးစွ။ သို့သော် ဒီစီမံကိန်း ဟာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဒီပအထိ သက်ရောက်ခဲ့ပါတယ်။ ဆရာတော်နဲ့ ဆရာဦးညီပုတို့က ကိုရင်ကျော်လို့ အမည်ရတဲ့ ကျွန်တော့်ကို ဒေါင်းဖတ် စာအုပ်ထဲက မြန်မာစာကို ရေးတတ်၊ ဖတ်တတ်၊ နားလည် သဘောပေါက်သည်အထိ အရှိန်မြှင့် သင်ပေးခဲ့ပါတယ်။ မူလတန်းပြဆရာအသစ်ရောက်လာတော့ သင်္ချာဝတ် ကိုရင်ကျော်ကို အရေး၊ အဖတ်၊ အတွက်၊ အချက်တော်တာ ကို အကြောင်းပြုပြီး အစိုးရစစ် ၄ တန်း စာမေးပွဲဖြေမယ့် စာရင်းထဲထည့်ပေးခဲ့တဲ့ ဆရာဦးကြည်တင်၊ ဆရာ့ ကြောင့် အလယ်တန်းကို မြန်မြန်ရောက်ခဲ့ပါတယ်။ အစိုးရအထက်တန်းကျောင်းရောက်တော့ ကျွန်တော် တို့ရဲ့ ဆရာတွေဟာ ပညာရေးကောလိပ်ဆင်း၊ ရန်ကုန် တက္ကသိုလ်ဆင်း ဆရာတွေဆိုတာ သိရပါတယ်။

ဘုန်းကြီးကျောင်းသား ကိုရင်ကျော်ဘဝမှာ ဆွမ်းဟင်းချိုင့်နှုတ်ခမ်းနဲ့ အဖုံးမှာ U.S.B ဆိုပြီး အတိုကောက်ရေးတာ ကျွန်တော့်အဖေ (U San Ba) ဦးစံဘလို့ စဉ်းစားတတ်ပေမယ့် U.S.A လို့ အတိုကောက် ရေးတာတွေတွေ့တော့ ဘာအဓိပ္ပာယ်လဲပေါ့။ မြန်မာပြည် မြေပုံကိုဆွဲတတ်ဖို့ လေ့ကျင့်ခဲ့ရတာတွေ၊ သက်သေပြချက် တွေ ကောင်းတော့ ကမ္ဘာကြီးလုံးတယ်ဆိုတာ လက်ခံ ခဲ့တဲ့ ကျောင်းသားဘဝ၊ မြန်မာပြည်အလယ်ပိုင်းဟာ သဲကန္တာရဖြစ်မယ့် အလားအလာများကြောင်း ပထဝီ ဆရာက သင်တော့ ကျွန်တော်တို့ အညာဒေသကို ဘယ်လို ကာကွယ်နိုင်မလဲ၊ ကာကွယ်နိုင်မယ့်နည်းတွေ ဘယ်မှာ သင်ယူနိုင်မလဲ စဉ်းစားရင်း ရန်ကုန်စာစစ် မင်းကြီးရုံးက ကျင်းပတဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို မလှိုင်မြို့ စာစစ်ဌာနက သင်္ချာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ ကျွန်တော့်အတွက် မိခင် ရန်ကုန်တက္ကသိုလ်ကြီးက ပေါက်ဖွားလာတဲ့ တက္ကသိုလ်၊ မိဘတွေနေရပ်နဲ့အလှမ်းမဝေးတဲ့ မန္တလေးတက္ကသိုလ်မှာ



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။ ဓာတ်ပုံ - မြင့်မောင်မောင်

တက်ရောက်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကိုတော့ ၁၉၆၈ ခုနှစ် နိုဝင်ဘာလထဲမှာ ဆရာ၊ ကျောင်းသား နှစ်ဘဝနဲ့ ရောက်ခဲ့ပါတယ်။

### ပို၍အရေးကြီးလာမှန်း သိရ

"To every action, there is an equal and opposite reaction" အစချီတဲ့ Newton's Law ကို ရူပဗေဒ ဆရာကထိက ဦးကျော်မြင့်ရဲ့ သင်ကြားပုံတွေဟာ စွဲမက် စေခဲ့ပါတယ်။ ဓာတုဗေဒသင်ပေးတဲ့ ကျွန်တော့်ဆရာ ဒေါက်တာခင်မောင်၊ လက်ချာကို အင်္ဂလိပ်လို သင်တဲ့ခေတ်၊ တစ်နေ့ရောက်တော့ "alam" လို့ ပြောလိုက်ပြီး မြန်မာလို "ကျောက်ချဉ်"လို့ ထည့်ပြောလိုက်ပါတယ်။ တပည့်တွေဟာ လောကဓာတ်ပညာနဲ့ ထိတွေ့စမို့ ကျောက်ချဉ်ကို ဘယ်လိုဒြပ်ပစ္စည်းတွေနဲ့ ဖွဲ့စည်းထားပါ လိမ့်ဆိုတာ သိချင်လာပါတယ်။ ဆရာဒေါက်တာ ခင်မောင်ရဲ့ Carbohydrate Chemistry လက်ချာတွေမှာ Amylose, Amylopectin ပါဝင်မှုတွေ ပြောင်းလဲတာနဲ့အမျှ ဆန်၊ ဂျုံ ပြောင်းတို့ရဲ့ အရည်အသွေးတွေ ပြောင်းလဲပုံတွေဟာ နောင်သောအခါမှ ပို၍အရေးကြီးလာမှန်း သိရပါတယ်။

### လောကဓာတ်ပညာရပ်တွေကြောင့်ပဲဖြစ်

နေရောင်ခြည်ဟာ လျှပ်စစ်သံလိုက် ရောင်ခြည်၊ စွမ်းအင်အထုပ် (Energy Packets) လေးတွေနဲ့ ဖွဲ့စည်း ထားကြောင်း၊ စွမ်းအင်ထုပ်တွေရဲ့ လှိုင်းအလျားမတူတာ နဲ့အမျှ ရောင်စဉ်ခုနစ်မျိုးဖြစ်လာကြောင်း စမ်းသပ်မှုတွေက သိရတော့ ဒီလိုအရောင်မတူညီတာတွေ ပေါင်းစပ်သွားတဲ့ နေရဲ့ရောင်ခြည်ဟာ အရောင်ကင်းစင်သွားတာကို ထူးဆန်းခဲ့ရပါတယ်။ ဒီတွေ့ရှိချက်တွေဟာ ဆန်းကြယ်မှု တစ်ခုအဖြစ် သိရုံသက်သက်မဟုတ် ဒီကနေ WWW ဆိုတဲ့ သင်္ကေတကြီးနဲ့ ကမ္ဘာ့ဆက်သွယ်ရေးကွန်ရက်ကြီး ပေါ်ပေါက်လာတာ၊ ကမ္ဘာကြီးဟာ ရွာကြီးဖြစ်လာတာ၊ တစ်ဦးနဲ့တစ်ဦး အနေဝေးပေမယ့် ခရီးနီးတာဟာ ဒီလို လောကဓာတ်ပညာရပ်တွေကြောင့်ပဲ ဖြစ်တယ်။ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒစသဖြင့် ဘာသာရပ်အသီးသီးရဲ့ ပညာရပ်တွေကို တက္ကသိုလ်တွေမှာပဲ စုစုစည်းစည်း လေ့လာနိုင်တာဖြစ်ပါတယ်။ ဓာတ်ခွဲခန်းအသီးသီးမှာပဲ ထဲထဲဝင်ဝင် နှိုက်နှိုက်ချွတ်ချွတ် လုံလုံခြုံခြုံလေ့လာမှု၊ သုတေသနပြုမှုတွေ ပြုလုပ်နိုင်တာဖြစ်တာမို့ တက္ကသိုလ် ဟာ ပညာရပ်ပေါင်းစုံရဲ့ ဗိမာန်ပဲ ဖြစ်ပါတယ်။ ဗလငါးတန်နဲ့ ပြည့်စုံတဲ့ပညာ၊ လူသားတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေး နှလုံးရည်တိုးတက်ရေးအတွက် ပညာရပ်တွေဟာ တက္ကသိုလ်မှာပဲ ရှိပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးဟာ ရှေးယခင်ကတည်းက ယခုတိုင် နိုင်ငံရဲ့ဘဏ္ဍာ၊ ပြည်သူလူထုရဲ့ငွေနဲ့ ထူထောင် နေရဆဲ ဖြစ်ပါတယ်။ ရှိရင်းစွဲ အမြင့်ဆုံးပညာရပ်တွေနဲ့ ၂၁ ရာစုမှာ ပေါ်ထွန်းလာတဲ့ပညာရပ်တွေကို တိုးချဲ့ သင်ကြားပို့ချခြင်းပြုလုပ်နိုင်တဲ့ ပြည်ထောင်စုရဲ့ တက္ကသိုလ်ကြီးအဖြစ် ရပ်တည်လျက်ရှိပြီး နိုင်ငံအတွက် လိုအပ်တဲ့ အဆင့်မြင့်ပညာရှင်တွေ၊ သုတေသီတွေ မွေးထုတ်ပေးလျက် ရှိပါတယ်။

### ဘဝသစ် ဖန်တီးနိုင်ဖို့ တာစူခဲ့ကြ

ဓာတုဗေဒပညာရပ်ကို စတင်မိတ်ဆက်ပို့ချ ပျိုးထောင်သူ၊ ကျွန်တော်တို့ တပည့်တွေ လေးစားရသူ ကတော့ ဆရာ ဒေါက်တာမောင်ဒီ ဖြစ်ပါတယ်။ ဆရာဟာ ၁၉၇၇ ခုနှစ် ဇူလိုင်၊ ဩဂုတ်လထဲမှာ ရန်ကုန်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ် ဖြစ်လာခဲ့ပါတယ်။ ဆရာဟာ သိပ္ပံအရာမှာ ကြိုးပမ်းအားထုတ်လေ့လာဆည်းပူးခဲ့တဲ့ John Dalton, Periodic Table of Elements ကို ရေးဆွဲခဲ့တဲ့ ရုရှား လူမျိုး D.Mendeleev နဲ့ အဏုမြူဒြပ်စင်တွေကို ထူးထူးခြားခြား လေ့လာဆည်းပူးတွေ့ရှိခဲ့သူ ပိုလန်လူမျိုး အမျိုးသမီး Madam Curie တို့အကြောင်းကို ထည့်သွင်း သင်ကြားပေးတော့ ကျွန်တော်တို့ လူငယ်ကျောင်းသား တွေဟာ ဒို့ကြိုးပမ်းအားထုတ်ကြရမယ်ဆိုတဲ့ အသိစိတ်တွေ ကိန်းအောင်းခဲ့ပါတယ်။ နိုင်ငံ့သားကောင်း ရတနာတွေဖြစ်ဖို့၊ ဘဝသစ်ဖန်တီးနိုင်ဖို့ တာစူခဲ့ကြပါတယ်။

လူ့ဘဝမှာ ဆရာစွဲ၊ ဝါဒစွဲ မရှိသင့်ဘူးလို့ ဆိုကြ သော်လည်း လောကဓာတ်ပညာတွေကို အတိမ်းအစောင်း မရှိ မျိုးစေ့ချပေးခဲ့တဲ့ ဆရာဒေါက်တာမောင်ဒီ၊ ဒေါက်တာ ခင်မောင်၊ ပါမောက္ခ ဆရာကြီး ဦးအောင်ခင်၊ ရူပဗေဒ ကထိက ဆရာဦးကျော်မြင့်၊ သင်္ချာပါမောက္ခ ဆရာကြီး ဦးနက်တို့ရဲ့ ထူးခြားတဲ့အမြင်တွေ၊ ရင့်ကျက်တဲ့စိတ်နေ စိတ်ထားတွေနဲ့ သင်ကြားမှုကိုရယူခဲ့ရတာမို့ အခုလို အမည်နာမတပ်ရခြင်း ဖြစ်ပါတယ်။

၁၉၆၄ ခုနှစ် ပညာရေးစနစ်သစ်မှာ အင်္ဂလိပ်လို သင်ခဲ့ရာမှ မြန်မာလိုသင်ဖို့ ဖြစ်လာခဲ့ပါတယ်။ ဓာတုဗေဒ ဆိုင်ရာ ဝေါဟာရတွေကို မြန်မာလိုပြန်ခဲ့ကြပြီး သင်ကြား ရတဲ့ ကာလမှာ ဆရာဒေါက်တာမောင်ဒီဟာ "Element သည် ဒြပ်စင်လော" ဟူသည့် ခေါင်းစဉ်နဲ့ တက္ကသိုလ် ပညာပဒေသာစာစောင်မှာ ရေးသားခဲ့ပါတယ်။ သိပ္ပံဆရာ တွေ မြန်မာလိုဘာသာပြန်ဖို့၊ ဝေါဟာရတွေ ဖန်တီးဖို့ ခက်ခဲကြောင်း မီးမောင်းထိုးပြတဲ့ ဆောင်းပါး ဖြစ်ပါတယ်။

ဆရာရဲ့ လက်ချာတစ်ခုမှာ "Entropy is increasing, the Universe is expanding" အင်ထရိုပီ ဟာ မြင့်တက်တဲ့သဘောရှိတယ်၊ စကြဝဠာကြီးဟာ ကျယ်ပြန့်နေတယ်၊ စကြဝဠာကြီးဟာ ကျုံ့လာစရာ အကြောင်းမရှိ၊ စကြဝဠာတစ်ခုနဲ့တစ်ခုဟာ ဝေးကွာဖို့ပဲ ရှိတယ်။ စားပွဲပေါ်က စက္ကူထုပ်ဟာ ကြမ်းပြင်ပေါ် ကျသွားရင် ဖွာဆန်ကြဲသွားတဲ့ စက္ကူစာရွက်တွေဟာ အလိုအလျောက် စားပွဲပေါ် ပြန်ရောက်လာစရာမရှိဆိုတဲ့ ဥပမာနဲ့ အင်ထရိုပီကို ရှင်းပြတဲ့အခါ ကျွန်တော်တို့ တပည့်တွေရဲ့ စူးစမ်းလိုစိတ်ဟာ ဒီဂရီမြင့်တက် လာပါတယ်။ ရေမွှေးပုလင်းကို အလှပြင်ခန်းထဲမှာ ဖွင့်ထားရင် ရနံ့သင်းတဲ့ ရေမွှေးမော်လီကျူးတွေဟာ အလိုအလျောက် ထွက်လာပါတယ်။ အလှပြင်ခန်းအတွင်း ပျံ့လွင့်သွားတဲ့ ရေမွှေးမော်လီကျူးတွေဟာ ရေမွှေး ပုလင်းထဲသို့ ပြန်လည်လာရိုးထုံးစံမရှိဆိုတဲ့ အဓိပ္ပာယ် ပါပဲ။

### စက်မှုထွန်းကားဖို့အထိ တွန်းပို့နိုင်ခဲ့

ရုပ်ဝတ္ထုဒြပ်ပစ္စည်းတို့မည်သည် အနေးနှင့်အမြန် မလွဲဧကန် ဖောက်ပြန်လိမ့်မယ်ဆိုတဲ့ သဘောဟာ အင်ထရိုပီပါပဲ။ ဒြပ်ပစ္စည်းတို့သည် ဓာတ်ပြောင်းလဲ ကြရာတွင် ပုံမှန်နေသားတကျ ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းထားတဲ့ အနေအထားမှ အပြောကျယ်စွာ ဖြန့်ကြက်ပြောင်းလဲလေ့ ရှိတယ်ဆိုတဲ့ သဘောပဲ။ ဒီလို နက်နဲတဲ့ သိပ္ပံဆိုင်ရာ တွေ့ရှိချက်တွေဟာ လူမှုရေး သိပ္ပံကိစ္စတွေကို ထင်ဟပ်သလို ဥရောပတစ်ခွင်မှာ စက်မှုထွန်းကားဖို့အထိ တွန်းပို့နိုင်ခဲ့ကြောင်း သိနားလည် ခဲ့ရပါတယ်။ ဆရာဒေါက်တာမောင်ဒီဟာ ချောက်ရေနံမြေ သယံဇာတကို အခြေပြုပြီး (Petroleum and Natural Gas Industry) ရေနံနဲ့ ရေနံဓာတ်ငွေ့ စက်မှုလုပ်ငန်း ထူထောင်ဖို့ စိတ်ကူးစိတ်သန်းတွေရှိခဲ့ကြောင်း တပည့် တစ်ယောက်အနေနဲ့ သိခဲ့ရပါတယ်။ အမိမြေက သယံဇာတတွေကို တန်ဖိုးမြှင့်နိုင်အောင် လူ့စွမ်းအား အရင်းအမြစ်တွေ မွေးဖွားဖို့ စိတ်ကူးစိတ်သန်းပဲ ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဆရာဟာ မကွေးဒီဂရီ ကောလိပ်ကျောင်းအုပ်၊ မော်လမြိုင်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးဘဝမှာ ရောက်တဲ့ဒေသဝန်းကျင်ရဲ့ ထူးခြားမှုတွေကို ရှုတတ်၊ မြင်တတ်၊ သုံးသပ်နိုင်တဲ့ ဉာဏ်ရည်ဉာဏ်သွေး ခွန်အားတွေ ရှိခဲ့ပါတယ်။ ရန်ကုန် တက္ကသိုလ် ပါမောက္ခချုပ် ဖြစ်လာဖို့ အကြောင်းတရားတွေ ဖြစ်ပါတယ်။

ဆရာဒေါက်တာမောင်ဒီဟာ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဘဝနဲ့ တာဝန် ထမ်းဆောင်တဲ့အခါ ရုံဖန်ရံခါ သူ့ရဲ့ကျောင်းသားကတ်ကို ထုတ်ပြလေ့ရှိပါတယ်။

ဘဝသစ်ဖန်တီးနိုင်ဖို့ ကျွန်တော့်ကို ဆွဲတင်သူ ဆရာကြီးတစ်ဦးကတော့ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒ ပါမောက္ခ ဆရာကြီးဦးအောင်ခင် ဖြစ်ပါတယ်။ ရန်ကုန် တက္ကသိုလ် ဓာတုဗေဒဌာနမှာ အသေးစားအဏုမြူ ဓာတ်ခွဲခန်း တည်ဆောက်ရာမှာ အမျိုးသားလူငယ် ဆရာ တစ်ဦး လိုအပ်တာကြောင့် ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ကုန်မှာ ရန်ကုန်တက္ကသိုလ်ကို ရောက်ရှိလာတာဖြစ်ပါ တယ်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၁ -၇၂ ခုနှစ်အထိ International Atomic Energy Agency အကူအညီနဲ့ ရောက်လာတဲ့ Dr. S.S Krishnan, Dr. RW Thiele တို့ရဲ့ ကြီးကြပ်မှုနဲ့ ရေဒီယိုအိုင်ဆိုတုပ် တချို့ကိုသုံးပြီး အဏုမြူဓာတ်ခွဲခန်း ကို တည်ထောင်ခဲ့ရပါတယ်။

IAEA အကူအညီနဲ့ အိန္ဒိယနိုင်ငံ ဘဟာဘာ အက်တမ်မစ်စင်တာ (Bahaba Atomic Research Centre)နဲ့ပူးပေါင်းပြီး သုတေသနဆောင်ရွက်ခွင့် ရရှိခဲ့ပါ တယ်။ ဒီသုတေသနလုပ်ငန်းဟာ ကျွန်တော့် မဟာဘွဲ့ အတွက် ကျမ်းတစ်ဆူဖြစ်ခဲ့ပြီး ရေးဖြေအောင်မြင်ခဲ့တဲ့ မန္တလေးတက္ကသိုလ်က ဘွဲ့ချီးမြှင့်ခဲ့တဲ့ကိစ္စဟာ အဆင့်မြင့် ပညာရေးမှာ ကိုယ်ပိုင်စီမံခွင့် (Academic Autonomy) ရရှိခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။ တက္ကသိုလ် နှစ်ခုက ဆီးနိတ်တာ ဆရာကြီး ဦးအောင်ခင်၊ ဆရာဒေါက်တာ မောင်ဒီတို့ရဲ့ အဆုံးအဖြတ်ပေးနိုင်တာကြောင့် ဆရာ၊ ကျောင်းသားတပည့်တွေက လေးစားခံရတဲ့ ဆီးနိတ်တာ ကြီးတွေ ဖြစ်ခဲ့ကြပါတယ်။ ဒီမဟာသိပ္ပံဘွဲ့ကို ၁၉၇၁ ခုနှစ်မှာ ရရှိခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ရွှေရတုအခမ်းအနားကို ဒီဇင်ဘာလ ၁ ရက်၊ နှင်းမိုးဖွဲဖွဲ အောက်မှာ ချမ်းစိမ့်စိမ့် ကျင်းပခဲ့ပါတယ်။ ပညာရေး ဝန်ကြီး၊ တက္ကသိုလ်များ ဗဟိုကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှဟန်က ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင် အခမ်းအနားကို နိုင်ငံတော်အဆင့်နဲ့ သိုက်သိုက် ဝန်းဝန်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ်က ရူပဗေဒပါမောက္ခ ဒေါက်တာ မောင်မောင်ခ ဖြစ်ပါတယ်။

စာမျက်နှာ ၂၁ သို့ ■

■ စာမျက်နှာ ၂၀ မှ

၁၉၇၀ ပြည့်နှစ် ရွှေရတုသဘင် အခမ်းအနားကျင်းပတဲ့ရက်တွေမှာ ကျွန်တော်ကိုယ်တိုင် ကျောင်းသားလူငယ်တပည့်တွေနဲ့အတူ ဓာတုဗေဒပြခန်း၊ ပြခန်းဆိုသော်လည်း သိပ္ပံဆောင် (Science Building) မျက်နှာစာမှာ ပါဝင်ခဲ့ပါတယ်။ အပန်းဖြေရိပ်သာအပေါ်ထပ် ဈေးရောင်းပွဲတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ ကျောင်းသားဟောင်းကြီးတွေလည်း ပါဝင်ဆင်နွှဲခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ဆိုတဲ့ သံယောဇဉ်က အဓိက သစ်ပုပ်ပင်ကြီးကိုလည်း သတိရ၊ သူငယ်ချင်း အပေါင်းအဖော်တွေနဲ့လည်း တွေ့ချင်၊ ဆရာတွေကိုလည်း ကန်တော့ချင်ဆိုတဲ့ ဆန္ဒပေါင်းများစွာနဲ့ လာရောက်ကြတာပဲ ဖြစ်ပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက်ပိုင်းမှာ စက်မှုလက်မှုတိုးတက်မှုဟာ လျင်မြန်ကြီးထွားလာခဲ့ပါတယ်။ ဥရောပတစ်ခွင်၊ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု နိုင်ငံတွေမှာ တက္ကသိုလ်နဲ့ တက္ကသိုလ်ပညာရေး အယူအဆတွေ ပြောင်းလဲလာတာ တွေ့ရပါတယ်။ တက္ကသိုလ်တွေဟာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေဖြစ်ဖို့ တာစူလာတာ တွေ့ရပါတယ်။ Ph. D ဘွဲ့အတွက် ကျွန်တော်တက်ခဲ့တဲ့ Salford University သည်ပင် ၁၉၆၀ ပြည့်နှစ် မတိုင်မီက အင်္ဂလန်ရဲ့ အကောင်းဆုံး ပေါ်လီတက်ကနိ (Polytechnic) ဖြစ်ခဲ့ပါတယ်။ စက်မှုလက်မှုနဲ့ နည်းပညာအရာမှာ ကျွမ်းကျင်သူတွေ မွေးထုတ်ခဲ့တဲ့ အစဉ်အလာကောင်းတွေကို အကြောင်းပြုပြီး တက္ကသိုလ်အဆင့် တိုးမြှင့်ခဲ့တာ ဖြစ်ပါတယ်။

### ဒေသကောလိပ်တွေ ပေါ်ပေါက်ခဲ့

အမေရိကန်ပြည်ထောင်စုမှာလည်း ၁၆၃၆ ခုနှစ်က တည်ထောင်ခဲ့တဲ့ ဟားဗတ် (Harvard) တက္ကသိုလ်၊ ထင်ရှားတဲ့ ဘောစတန်(Boston) တက္ကသိုလ်ကြီးတွေ ရှိသကဲ့သို့ နိုင်ငံရဲ့ အရှေ့အနောက်က လူထုရဲ့ လိုအင်တွေ ဖြည့်ဆည်းနိုင်ဖို့ လူထုအခြေပြုကောလိပ်(Community College)တွေ ဖွင့်လှစ်ခဲ့တာကို ဖတ်ရှုရပါတယ်။ အင်္ဂလန်၊ အမေရိကန်နဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ရဲ့ တက္ကသိုလ်နဲ့ တက္ကသိုလ်ပညာရေးအယူအဆတွေဟာ မြန်မာ့ပညာရေးကို ထင်ဟပ်ခဲ့ပါလိမ့်မယ်။ ဒါကြောင့် ၁၉၇၀ ပြည့်နှစ်တွေမှာ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဟု အမည်နာမ ပြောင်းလဲခဲ့သော်လည်း အနှစ်သာရကတော့ အောက်စဖို့ဒ်၊ ကင်းဘရစ်ချ်၊ လန်ဒန်တက္ကသိုလ်ကဲ့သို့ပါပဲ။ နောက်ပိုင်းမှာ ဒေသကောလိပ်တွေ ပေါ်ပေါက်ခဲ့ပါတယ်။

၁၉၈၀ ပြည့်နှစ်တွေမှာ ရန်ကုန်တက္ကသိုလ်ဆိုတဲ့ မူလအမည်နာမကို ပြန်လည်ပြောင်းလဲခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော်ဟာ ၁၉၇၂ ခုနှစ်မှာ နိုင်ငံခြားပညာသင်ဆုကို ရရှိခဲ့ပါတယ်။ ဘဝသစ်ဖန်တီးမှု စီမံကိန်းမှာ ထူးချွန်သူအပေါင်းဟာ အကျိုးဝင်ခဲ့ပါတယ်။ ဒီစီမံကိန်း အကောင်အထည်ဖော်တဲ့ ပညာရေးအဖွဲ့အစည်းကတော့ ရန်ကုန်တက္ကသိုလ်ပဲ ဖြစ်ပါတယ်။ အကဲဖြတ် အဆုံးအဖြတ်ပေးခဲ့တဲ့ ဆရာကြီးတွေကတော့ ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခ၊ ဓာတုဗေဒပါမောက္ခ ဆရာကြီး ဦးအောင်ခင်၊ မန္တလေးတက္ကသိုလ် ရုက္ခဗေဒပါမောက္ခ ဒေါက်တာသန်းထွန်းနဲ့ ပညာရေးဝန်ကြီးဌာန အုပ်ချုပ်ရေးမှူး ဒေါက်တာညီညီတို့ပဲ ဖြစ်ပါတယ်။

### အဓိပ္ပာယ်အပြည့် ရှိစေခဲ့

ကျွန်တော့်ဆရာ ဒေါက်တာမောင်ဒီက မော်လမြိုင်ဒီဂရီကောလိပ်မှာ အဏ္ဏဝါသိပ္ပံဌာနကို ဖွင့်လှစ်ဖို့ စိုင်းပြင်းနေတဲ့ကာလဖြစ်ပါတယ်။ မကြာခင်မှာပဲ အဲဒီဌာန ဖွင့်လှစ်ခွင့်ရခဲ့ပါတယ်။ ပင်လယ်ကမ်းခြေတစ်ဝိုက်က သဘာဝရေသယံဇာတပစ္စည်းတွေကို နည်းပညာပေါင်းထည့်ပြီး နက်နက်နဲနဲ လေ့လာနိုင်တဲ့ မော်လမြိုင်တက္ကသိုလ်ရှိတာဟာ မွန်ပြည်နယ် လူ့အဖွဲ့အစည်းအတွက် အဓိပ္ပာယ်အပြည့် ရှိစေခဲ့ပါတယ်။

ဆရာ ဒေါက်တာမောင်ဒီဟာ ပညာရေးလောကမှာ ဆရာဒီဆိုပြီး နာမည်ကြီးခဲ့သူဖြစ်ပါတယ်။ ၁၉၇၇ ခုနှစ်အတွင်းမှာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဖြစ်လာပါတယ်။ ကျွန်တော်က အဲဒီနှစ်အစပိုင်းမှာ နိုင်ငံခြားပညာသင်က ရန်ကုန်တက္ကသိုလ်ကို ပြန်ရောက်နေပြီမို့ ဆရာနဲ့ တပည့် ပြန်လည်ဆုံခွင့်ရခဲ့ပါတယ်။ ဆရာကြီး ဦးအောင်ခင် အနားယူတော့ ဓာတုဗေဒပါမောက္ခဆရာကြီးက ဒေါက်တာကိုကိုကြီး ဖြစ်ပါတယ်။ ဆရာကြီး ဦးအောင်ခင်ကဲ့သို့ ဩဇာတိက္ကမကြီးသူ ဆရာကြီးဖြစ်ပါတယ်။

ပါမောက္ခဆရာကြီး ဒေါက်တာကိုကိုကြီးဟာ ဆရာကြီးဦးအောင်ခင်ကဲ့သို့ ပညာအရာမှာ ထူးချွန်ထက်မြက်သူဖြစ်ပါတယ်။ ဆရာ့လက်အောက်မှာ သရုပ်ပြ၊ လက်ထောက်ကထိကနဲ့ ကထိကအဆင့် နှစ်ပေါင်း ၁၁ နှစ်နီးပါး ထမ်းဆောင်ခွင့်ရခဲ့ပါတယ်။ ဆရာကြီးလက်ထက်က ဆရာကြီးတွေကတော့ ဒေါက်တာသိန်းအောင်၊ ဒေါက်တာသန်းသန်းညိမ်း၊ ဒေါက်တာလှဝေ၊ ဆရာ ဦးညွန့်ဝင်း၊ ဦးယုဌေး၊ ဒေါက်တာစိုးဝင်းတို့ရဲ့ သင်ကြားသင်ယူမှုတွေဟာ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်ခဲ့ပါတယ်။ ဘောလုံးအသင်းကဲ့သို့ နှိုင်းရရင် ရှေ့တန်းတိုက်စစ်မှူးတွေ ဖြစ်ပါတယ်။ အလယ်တန်းတိုက်စစ်မှူးတွေက ဒေါက်တာမြင့်ထွန်း၊ ဒေါက်တာမြင့်ဦး၊ နောက်တန်းတိုက်စစ်မှူးတွေကတော့ ဒေါက်တာခင်မာထွန်း၊ ဒေါက်တာအောင်မြင့်၊ ဒေါက်တာဦးအောင်နဲ့ ကျွန်တော်ပဲ ဆိုပါတော့။ ဂိုးသမားတွေကတော့ ကျွန်တော်တို့ရဲ့ တပည့်တွေပဲ။ ရန်ကုန်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ်တွေကတော့ ကပ္ပတိန်တွေကဲ့သို့ တင်စားလိုပါတယ်။

ဆရာဒေါက်တာမောင်ဒီဟာ တက္ကသိုလ်ကောလိပ်တွေရဲ့ ဖွဲ့စည်းပုံကို ပါမောက္ခချုပ်ဘဝမှာ ရေးဆွဲခဲ့ပြီး ပညာရေး ဒုတိယဝန်ကြီးဖြစ်လာတဲ့အခါ အကောင်အထည်ဖော်ခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်မှာ ဖွဲ့စည်းပုံသစ်အရ ရန်ကုန်တက္ကသိုလ်မှာ ကျွန်တော်ဟာ ကထိကဖြစ်လာပါတယ်။ ဆရာတည်ထောင်ခဲ့တဲ့ တက္ကသိုလ်များ သိပ္ပံသုတေသနဌာနမှာ သိပ္ပံပညာရပ်ပေါင်းစုံပါဝင်တဲ့ သုတေသနတွေကို ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ပါတယ်။ ဖွဲ့စည်းပုံသစ်အရ ဆရာဆရာမတွေဟာ ရာထူးတွေတိုးပြီး နိုင်ငံတစ်နံတစ်လျားက ကျောင်းသား လူငယ်တို့ဘဝသစ် ထူထောင်နိုင်ဖို့ သမိုင်းပေးတာဝန်ကို ထမ်းရွက်ခဲ့ကြပါတယ်။

ပါမောက္ခချုပ် ဒေါက်တာကျော်စိန်၊ ဒေါက်တာချစ်ဆွေနဲ့ ဆရာဦးတင်ဦးလှိုင်တို့ကာလအထိ ရန်ကုန်တက္ကသိုလ်မှာ ကျွန်တော်ဟာ ကထိကတာဝန်နဲ့ ၁၉၉၁ ခုနှစ်အထိ ရှိနေခဲ့ပါတယ်။ ၁၉၆၈ ခုနှစ် နှောင်းပိုင်းကစပြီး ၁၉၉၁ ခုနှစ် ဇူလိုင်လအထိ ၂၃ နှစ်တာကာလအတွင်းမှာ ဓာတုဗေဒပညာဆည်းပူးတဲ့ တပည့်ပေါင်း တစ်သောင်းနီးပါးနဲ့ ဘဝမှာ ရေစက်ဆုံခဲ့ရပါတယ်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်ဒီဟာ ၁၉၈၀ ပြည့်နှစ်အထိ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဘွဲ့ရတွေကို ဘွဲ့အပ်နှင်းရသလို ၁၉၈၁–၈၃ ခုနှစ်တွေမှာတော့ ရန်ကုန်တက္ကသိုလ် ဘွဲ့ရတွေကို ဘွဲ့အပ်နှင်းခဲ့ပါတယ်။ လှိုင်၊ ကြည့်မြင်တိုင်နဲ့ ဗိုလ်တထောင် ဒေသကောလိပ်တွေဟာလည်း ရန်ကုန်ပင်မ မိခင်တက္ကသိုလ်ကြီးနဲ့ ပေါင်းစည်းဖွဲ့စည်းခဲ့ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ဒေသကောလိပ်တို့ဟာလည်း ထိုနည်းနှင်နှင် ပေါင်းစည်းခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနားကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကျင်းပခဲ့ပါတယ်။ ငွေရတု၊ ရွှေရတု၊ စိန်ရတုအခမ်းအနားတို့မည်သည် ၂၅ နှစ်ကြာတိုင်း တက္ကသိုလ်ရဲ့ အမြင့်ဆုံးပညာရေး ဆောင်ရွက်ချက်တွေ၊ ပညာရေး ပြုပြင်ပြောင်းလဲနိုင်မှုတွေ၊ စာပေ၊ ဂီတ၊ အနုပညာနဲ့ သုတေသနကဏ္ဍရလဒ်တွေကို မျိုးဆက်သစ်ကျောင်းသားလူငယ်သာမက ပြည်သူသို့ ချပြတဲ့ အခမ်းအနားသဘင်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အကြီးအကဲတွေ၊ ဝန်ကြီးချုပ်တွေ တက်ရောက်ချီးမြှင့်တဲ့ အစဉ်အလာမို့ နိုင်ငံတော်အဆင့်ပဲ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ မိခင်တက္ကသိုလ်ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ ရတုသဘင်ဟာ နိုင်ငံတော်အဆင့်ပဲ ဖြစ်ပါတယ်။

### ဆန္ဒပြုခဲ့

ပါမောက္ခချုပ်ဆရာ ဦးတင်ဦးလှိုင်၊ ပါမောက္ခဆရာ ဦးညွန့်ဝင်းတို့ လက်ထက်မှာ တွဲဖက်ပါမောက္ခ ရာထူးတိုးဖို့ကြုံလာတဲ့အခါ နိုင်ငံရပ်ခြားကို ပညာသင်ခွင့်ရတဲ့ ကျွန်တော်ဟာ ကချင်၊ ရခိုင်နဲ့ ရှမ်းပြည်နယ်တို့ဆိုသည် ဝေးလံခေါင်ဖျားဟုယူဆရန် အကြောင်းမရှိ၊ အဲဒီဒေသမှာ ရှိတဲ့ ဒီဂရီကောလိပ်တွေမှာ လစ်လပ်တဲ့ တွဲဖက်ပါမောက္ခ ရာထူးအတွက် ဆန္ဒပြုခဲ့ပါတယ်။ ဒီအကျိုးဆက်ဟာ ရာထူးတိုး ရထားတွဲနောက်ဆုံးက လိုက်ပါခွင့်ရပြီး မြစ်ကြီးနားဒီဂရီကောလိပ်ကို ရောက်သွားခဲ့ပါတယ်။

အဲဒီမှာပဲ ကျောင်းအုပ်ကြီးတာဝန်နဲ့ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလအထိ၊ ကျောင်းအုပ်ကြီးတာဝန်နဲ့ပဲ ပဲခူးဒီဂရီကောလိပ်မှာ ၁၉၉၉ ခုနှစ်အထိ၊ တစ်ဆက်တည်းမှာပဲ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ယူခွင့်ရတာမို့ ဘဝသစ်ဖန်တီးမှုမှာ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ဖြစ်ရသည်ကို ကျေနပ်အားရမိပါတယ်။ ဒီမျှ ရှည်လျားတဲ့ ဆောင်းပါးကို ဖတ်ရတာအိပ်ငိုက်လောက်ပါပြီ။ တက္ကသိုလ်ကျောင်းသားဘဝ သချ်ာပါမောက္ခ ဆရာကြီး ဦးနက်က ကျွန်တော်တို့ အိပ်ငိုက်နေတာကို သတိထားမိတဲ့ ဆရာကြီးဟာ တိုက်ပုံအင်္ကျီအိတ်ကပ်ထဲက လျက်ဆားပုလင်းလေးထုတ် လျက်ဆားလျက်ရင်း၊ "One Plus Two" ဘယ်လောက်ပါလိမ့်ဆိုပြီး စာသင်ခန်းမျက်နှာကြက်ကြည့်ပြီး ခဏတာ စဉ်းစားနေပါတယ်။ စာသင်ခန်းက ဆိတ်ငြိမ်သွားတော့ တပည့်တွေ ခေါင်းထောင်လာပါတယ်။ "Oh Yes, Three, Three"လို့ အဖြေပေးတဲ့ အငိုက်ပြေဆေးပေးတဲ့ ဆရာကြီးကို သတိရနေပါတယ်။

"There are Two Munis in Mandalay, One is Maha Myatmuni and The Other is Me" ဆိုပြီး မိမိကိုယ်ကိုမိမိ မိတ်ဆက်တဲ့ ပါမောက္ခဆရာ Mr. Muni ကိုလည်း သတိရပါတယ်။ ဆရာဟာ အင်္ဂလိပ်စာသင်တဲ့အခါ "Man May Come and Man May go, but I go on Forever" ဆိုတဲ့ စာသားလေးကို မကြာခဏပြောပြီး အင်္ဂလိပ်စာကို သင်ပေးလေ့ရှိပါတယ်။ ယနေ့အချိန်ကာလ နှစ်တစ်ရာပြည့်ပြီဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ကြီးကို ညွှန်းလေရော့သလားလို့ ထင်ယောင်နေပါတယ်။ အဓိပ္ပာယ်တွေ လွှမ်းစွာပြည့်ဝတဲ့ ဒီဝါကျလေးရဲ့ အတိမ်အနက်ကို လူတိုင်းနားလည်ကြပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးဟာ နှစ်တစ်ရာပြည့်ကာလအတွင်းမှာ လောကီ၊ လောကုတ္တရာသာမက ဘဝသံသရာခရီးအတွက်ကိုပင် လှစ်ဟဖွင့်ပြနေသလိုပါပဲ။ ရှေးယခင်က တည်ထောင်ပေးခဲ့တဲ့ ဘိုးဘွား ဘီဘင် မဟာဌာနမှူးကြီးတွေ၊ ပါမောက္ခတွေ၊ ဒုတိယအဓိပတိတွေ၊ ပါမောက္ခချုပ်တွေလည်း မရှိတော့ပြီ။ ကျွန်တော်တို့တစ်တွေရဲ့ နောင်တော်ကြီးတွေ၊ အထင်ကရပုဂ္ဂိုလ်ကြီးတွေဟာ တာဝန်ကျေခဲ့ပြီ။ ကျွန်တော်တို့လည်း ကောင်းမွေတွေကို သယ်ပိုးနိုင်သမျှ ထမ်းရွက်ဆောင်ရွက်ခဲ့ကြပြီမို့ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ကြီးဟာ ပြည်ထောင်စုကြီးရဲ့ အချိန်ကာလဒေသအရ လိုအင်တွေနဲ့ ထင်ဟပ်မယ့်ခရီးကို ဆက်ကြရဦးမယ်။ ယှဉ်ပြိုင်မှုတွေ ပြင်းထန်တဲ့ကမ္ဘာကြီးမှာ မည်သို့၊ မည်ပုံ မည်သို့သောနည်းနဲ့ နေထိုင်သင့်သလဲဆိုတဲ့ အဖြေကိုလည်း ရှာဖွေကြရဦးမယ်။ နိုင်ငံတကာတက္ကသိုလ်တွေရဲ့ စံချိန်၊ စံညွှန်းတွေမီဖို့လည်း ကြိုးစားအားထုတ်နေရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီ၊ သံလွင်၊ စစ်တောင်းမြစ်ဝှမ်းတစ်ဝိုက်က တက္ကသိုလ်တွေ၊ ပင်လယ်ကမ်းရိုးတန်းတစ်ဝိုက် အနီးအနားက တက္ကသိုလ်တွေနဲ့ တောင်တန်းဒေသကြီးတွေမှာရှိတဲ့ တက္ကသိုလ်ကြီးတွေဟာ မိမိဒေသရဲ့ သားကောင်း၊ သမီးကောင်း ရတနာတွေ များသည်ထက်များလာအောင် အားထုတ်နေကြရဦးမယ်။

(၂၁) ရာစုရဲ့ အနာဂတ်ကို ကျွန်တော်တို့ ရင်ဆိုင်ဖို့ ခေတ်အဆက်ဆက်က ပြည်သူတွေထက် ကျွန်တော်တို့ရဲ့ ပညာဉာဏ်၊ ဉာဏ်ရည်ဉာဏ်သွေး၊ နှလုံးသား အရည်အသွေးတွေ အမြော်အမြင်တွေ ပို၍လိုအပ်ပါလိမ့်မယ်။ နောင် ၂၅ နှစ်ကြာတဲ့အခါ မဝေးတော့တဲ့ ၂၀၄၅ ခုနှစ် ရန်ကုန်တက္ကသိုလ် ရတုသဘင်အခမ်းအနားကို ကျင်းပကြရဦးမယ်။ အဲဒီအတွက် အလွန်တရာလှပတဲ့ ပန်းချီကားချပ်ကြီးကို ယနေ့ကစပြီး အတူတကွ ရေးဆွဲကြဦးစို့လို့ မေတ္တာဖြင့် ဂုဏ်ပြုရေးသားတင်ပြအပ်ပါတယ်။ ။

**ဒီလိုနဲ့ ကျွန်တော်ဟာ ၁၉၇၂ ခုနှစ်မှာ နိုင်ငံခြားပညာသင်ဆုကို ရရှိခဲ့ပါတယ်။ ဘဝသစ်ဖန်တီးမှု စီမံကိန်းမှာ ထူးချွန်သူ အပေါင်းဟာ အကျိုးဝင်ခဲ့ပါတယ်။ ဒီစီမံကိန်း အကောင်အထည်ဖော်တဲ့ ပညာရေးအဖွဲ့အစည်းကတော့ ရန်ကုန်တက္ကသိုလ်ပဲ ဖြစ်ပါတယ်။ အကဲဖြတ် အဆုံးအဖြတ်ပေးခဲ့တဲ့ ဆရာကြီးတွေကတော့ ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခ၊ ဓာတုဗေဒပါမောက္ခဆရာကြီး ဦးအောင်ခင်၊ မန္တလေးတက္ကသိုလ် ရုက္ခဗေဒပါမောက္ခ ဒေါက်တာသန်းထွန်းနဲ့ ပညာရေးဝန်ကြီးဌာန အုပ်ချုပ်ရေးမှူး ဒေါက်တာညီညီတို့ပဲဖြစ်။**



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည် - ဒေါက်တာမောင်ကျော်
မွေးသက္ကရာဇ် - ၉-၃-၁၉၄၃
ဇာတိ - မလှိုင်မြို့၊ လယ်တာအိုကျေးရွာ
ပညာအရည်အချင်း - B.Sc (Hons)(၁၉၆၅)၊ M.Sc (၁၉၇၁) မန္တလေးတက္ကသိုလ်၊Ph.D (၁၉၇၆) University of Salford (ဆဲလ်ဖို့ဒ်တက္ကသိုလ် အင်္ဂလန်)

ရန်ကုန်တက္ကသိုလ်သို့ ၁၉၆၈ ခုနှစ်တွင် ဆရာငယ်ဘဝနှင့် မဟာဘွဲ့အတွက် သုတေသနပြုကျောင်းသားဘဝဖြင့် ၁၉၇၁ ခုနှစ်အထိ ရှိနေခဲ့သည်။ လက်ထောက်ကထိက၊ ကထိကတာဝန်များကို ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနတွင် ၁၉၉၁ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။

မြစ်ကြီးနား ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး (၁၉၉၂–၉၄)၊ ပဲခူးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး (၁၉၉၄–၉၉)၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် (၁၉၉၉–၂၀၀၅) နှင့် ပါမောက္ခချုပ်တာဝန်မှ အနားယူပြီးနောက် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနတွင် အချိန်ပိုင်း ပါမောက္ခအဖြစ် ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပါရဂူသင်တန်းများကို သင်ကြားပို့ချခြင်း၊ သုတေသန လုပ်ငန်းများကို ကြီးကြပ်ခဲ့သည်။

ယခုအခါ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့တွင် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်

## နာယကကြီး ဦးတင်ရွှေ (ဝါးခယ်မ)

**ရေနံနှင့် ဓာတုဗေဒ ပစ္စည်းများသယ်ယူပို့ဆောင်ရေးဌာန(ငြိမ်း)**

**အသက်(၉၆)နှစ်**

ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာအိမ်ရာ၊ တိုက်(၃)၊ အခန်း(၅၁)နေ (ဒေါ်ခင်စိန်)၏ခင်ပွန်း၊ ဒေါ်တင်တင်လှ (ဗဟိုဘဏ်-ငြိမ်း)၏ဖခင် နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ် နာယကကြီး ဦးတင်ရွှေသည် ၁၃-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့
နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်
ရွှေတိဂုံစေတီတော် (စနေထောင့်)

## ဦးထွန်းလွင်

**မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး (ငြိမ်း)**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ယောမင်းကြီးလမ်း၊ သစ္စာပန်းခြံ၊ အမှတ် (၁၇၄/ခ)နေ ဒေါ်ခင်ခင်ဌေး (Lady Smile၊ အပ်ချုပ်ဆိုင်)၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းလွင်သည် ၁၂-၁၂-၂၀၂၀ ရက်တွင် ရွှေပြည်သာမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၂၀ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
၁၈ မိုင် ၃ ဖာလုံ ဖားအောက်တောရရိပ်သာ (ယောဂီ)

## ဦးသန်းဝင်း (1st Engineer C.D.C 9718)

အထက(၁)၊ အလုံကျောင်းသားဟောင်း

**အသက်(၆၆)နှစ်**

အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အောင်ဇေယျရိပ်မွန်၊ တိုက်(၁/၂၀၁)နေ (ဦးညီဝင်း)-ဒေါ်တင်ရီတို့၏ သား၊ ဗိုလ်ကြီးသိန်းအောင်(ငြိမ်း)-ဒေါ်လှနွဲ့၊ ဒေါ်ယဉ်ယဉ်နု (ဆရာမကြီး-ငြိမ်း၊ စာရေးဆရာမရွှေယဉ်နု)၊ ဦးစန်းဝင်း (လက်ထောက်ညွှန်မှူး၊ မွေး-ရေ-ငြိမ်း)-ဒေါ်ခင်ပြုံး (ထွေ/အုပ် ရုံးအုပ်ကြီး-ငြိမ်း) တို့၏ မောင်၊ ဦးအေးမင်း၊ ဒေါ်အေးအေးမြင့်၊ ဦးစိုးနိုင် (သစ်လုပ်ငန်း-ရေယာဉ်)-ဒေါ်စန်းစန်းမြင့်၊ ဦးနေဝင်း(သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်စံပယ်၊ (ဦးရဲမြင့်)၊ ဦးကျော်စိုးမိုး-ဒေါ်တင်တင်မာတို့၏အစ်ကိုကြီး ဦးသန်းဝင်းသည် ၁၄-၁၂-၂၀၂၀ (တနင်္လာနေ့) ည ၈ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သဥ္ဇာခိုင် (မိရှည်)

**B.Sc (Physics)**

**အသက်(၄၆)နှစ်**

ဦးသိန်းရွှေ (အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်ကြည်ကြည်ခိုင်တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၈၃)၊ အခန်း(၁၅)နေ ဦးနေထွန်းအောင် (JSM)၏ ဇနီး၊ ဦးကျော်ကျော်ထွန်း-ဒေါ်မိုးသူဇာလှိုင်တို့၏ ညီမ၊ မောင်ကျော်ဆင့်၊ မောင်ဟန်ထူးထက်တို့၏ မွေးသမိခင်သည် ၁၃-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၂၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကြေကွဲဝမ်းနည်းခြင်း

## Dr.Jerry Aunt Khaing (MIC)

**အသက်(၆၈)နှစ်**

ချစ်သူငယ်ချင်း Jerry, မင်း ဖောင်ကြီးဆေးရုံ ICU မှာ ၁၀-၁၂-၂၀၂၀ ရက် မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသည်။ ဒို့အတန်းဖော် သူငယ်ချင်းတွေအားလုံး မင်းမိသားစုနှင့် ထပ်တူအထူးကြေကွဲဝမ်းနည်းကြရပါသည်။ သူငယ်ချင်းကောင်းရာမွန်ရာ ဘုံဘဝမှာ ငြိမ်းချမ်းပါစေ။ သူငယ်ချင်းအတွက် ဒို့အတန်းဖော်သူငယ်ချင်းတွေ ပြုလုပ်ပေးမည့် အလှူဒါနကိုလည်း သူငယ်ချင်းရောက်ရာဘုံဘဝကနေ ကြားသိပြီး သာဓုခေါ်နိုင်ပါစေသူငယ်ချင်း။

**၁၉၇၀-၁၉၇၇ ဆေး(၁) သူငယ်ချင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း

၁၀-၁၂-၂၀၂၀ (ကြာသပတေးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော Dr.Jerry Aunt Khaing အား ဆေးရုံတက်စဉ် ဂရုတစိုက် ပြုစုကုသပေးကြသော ဖောင်ကြီး Covid 19 ကုသရေးဌာနမှ ဆေးရုံအုပ်ကြီးနှင့် တကွ တာဝန်ကျဆရာ၊ ဆရာမများ ပရဟိတဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော M.I.U (Myanmar Imperial University)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူများ၊ Living Vine Co.,Ltd၊ Family Magazine မှ ဝန်ထမ်းတပည့်များ၊ EMBA Batch 16 မှ မိတ်ဆွေများ၊ 1970-1977 ဆေး(၁) သူငယ်ချင်းများ၊ ပြည်တွင်းပြည်ပ ရပ်ဝေးရပ်နီးမှ ဆုတောင်း မေတ္တာပေးပို့ကြသော မိတ်ဆွေသူငယ်ချင်းများနှင့် ဆွေမျိုးညီအစ်ကို မောင်နှမများအား လည်းကောင်း၊ လူမှုကွန်ရက်မှ သတင်းမေး ဆုတောင်းပေးကြသော တစ်ဦးချင်း၊ တစ်ယောက်ချင်းစီအား အထူးပင် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။

**ညီမ ဒေါ်သီသီလွင်**
**ဒေါ်နီနီယဉ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးအုန်းရွှေ (ပုသိမ်)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ချမ်းသာလမ်း၊ အမှတ် (၆၅၂/D)နေ (ဦးမောင်နု-ဒေါ်လှခိုင်)တို့၏ သား၊ (ဒေါ်သိန်းနွဲ့)၏ ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်ဌေး၊ ကိုစိုးမြင့်-ဒေါ်ဆန်းဆန်းဝင်း၊ ကိုစိုးတင်-ဒေါ်မြသူဇာ၊ ဒေါ်ဥမ္မာရွှေ (KBZ Bank)တို့၏ မွေးသဖခင်၊ (ဦးထွန်းတင်)-ဒေါ်တင်ရွှေ၊ (ဦးကြည်ညွန့်)-ဒေါ်သန်းကြည်၊ ဦးငွေလင်း-ဒေါ်မိုးမိုးဦးတို့၏ အစ်ကိုကြီး၊ မြေးငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၅-၁၂-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၂၀ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## နော်စေးလ်ဗီယာဘွား(ခ)Mrs. Sylvia Richard

**အသက်(၉၁)နှစ်**

ဖျာပုံမြို့နေ (ဦးဘစိန်ဘွား-ဒေါ်မြကျင်)တို့၏ သမီးကြီး၊ (ဦးစံဖြူ-ဒေါ်စံပွင့်)တို့၏ သမီးချွေးမ၊ နော်ဂျယ်နာဘွား၊ (နော်ပက်ထရစ်ရှာဘွား-စောဂေါ်ဒင်ဖိုး)၊ နော်မိုရင်းဘွား-စောအောင်မြချိန်တို့၏ အစ်မကြီး၊ နော်မားရှာဝင်းမာဖြူ-ဒေါက်တာခရစ်စတိုဖယ်ဆန်အားမောင်၊ (စောကေတု)၊ စောစယ်လ်ဝင်အောင်စံဖြူ-နော်လင်းဒါဓံ၊ (နော်တိုင်နီခင်လေးဖြူ)တို့၏ မိခင်၊ နော်မာလင်းအားမူဖိုး-Rev.စောလယ်ထူး၊ စောဒီလန်အောင်ထူးချိန်-နော်ကညောဖော့တို့၏ အဒေါ်၊ ဒေါက်တာနော်ဝါးဝါးဖော၊ နော်စံပွင့်ဖြူ၊ နော်လူးလူဖော၊ စောအောင်မြတ်ဖြူ-နော်သင်းစုစုအောင်၊ စောတဲရန့်စ်ကဲဘလုထူး၊ စောကလဲရန့်စ်မားဘလုထူးတို့၏ အဘွား၊ ဦးစောရစ်ချတ် (အထွေထွေမန်နေဂျာ-သစ်လုပ်ငန်း၊ ငြိမ်း)၏ချစ်လှစွာသောဇနီး နော်စေးလ်ဗီယာဘွား(ခ)Mrs. Sylvia Richard သည် ၁၂-၁၂-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းဝင်း (သန်းဝင်းလှိုင်)

**သမိုင်းသုတေသီ စာရေးဆရာ**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ လှည်းတန်း၊ ပေ (၅၀)လမ်း၊ တိုက်(၄၈)၊ ခြောက်လွှာ (B)နေ ဒေါ်ခင်သန္တာအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ငွေထွန်း-မသီရိသန်းဝင်း၊ မောင်ပြည်ဟိန်းကျော်၊ မနေခြည်သန်းဝင်းတို့၏ ချစ်လှစွာသောဖခင်၊ ဦးစိန်ထွန်း-ဒေါ်တင်အေးတို့၏သား ဦးသန်းဝင်း(သန်းဝင်းလှိုင်) (သမိုင်းသုတေသီစာရေးဆရာ)သည် ၁၄-၁၂-၂၀၂၀ ရက် ည ၇:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၆-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၂၀ (တနင်္ဂနွေနေ့)တွင် တိုက်(၁)၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန့်ဇင်ထွန်း

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (ဒဂုံရောအဝေးပြေးဝင်း) ကုလားကြီးစုကျေးရွာအုပ်စု၊ ပန်းတနော်လမ်း၊ ဆိုင်ခန်းအမှတ်(ဂ/၂၈)နေ (ဦးမောင်ရီ)-ဒေါ်ကြွေ တို့၏ သား၊ (ဦးသိန်းထွန်း-ဒေါ်သောင်းရွှေ) တို့၏ သားသမက်၊ ဦးသန့်ဇော်ထွန်း၏ ညီ၊ မောင်ဇော်မင်းအေး-မကေကေတို့၏ အစ်ကို၊ မယမင်းအေး၊ မောင်ခန့်ဇော်ဟိန်းတို့၏ ဖခင်၊ ဒေါ်အေးအေးသက်၏ ချစ်လှစွာသောခင်ပွန်း ဦးသန့်ဇင်ထွန်းသည် ၉-၁၂-၂၀၂၀ ရက်တွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မစိုးစံဇေ (ပိုးပိုး)

**(အထက-၂၊ ဗဟန်းကျောင်းသူဟောင်း)**

**အသက်(၃၁)နှစ်**

ရန်ကုန်မြို့နေ ဦးဘိုဘိုဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)-ဒေါ်ခင်မိုးအေး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ဒေါ်သီတာချို-ဦးမိုးထိုက် (Top Choice ဗလာစာအုပ်)၊ ဒေါက်တာမိုမိုဦး-ဦးထွန်းထွန်းလေး၊ ကိုကိုဦး-မထက်ထက်၊ ကိုမင်းမင်းဦး (Tokyo, Japan)-Mrs. Hyroko၊ ကိုရည်မွန်လမင်း (Leo Clothing Collection)၊ မချောစန္ဒီဝင့်(အိပ့်) (Perth, Australia)၊ ကိုဇာနည် (Perth, Australia)တို့၏ ညီမ၊ မရတနာထူး(ခ)ဖွေးဖွေး၊ ကိုကျော်ပြည့် (Freelance MC)-မချူးသန္တာကို(Chuu Closet)၊ မအေးသဥ္ဇာထူး-မောင်လွင်ကိုကိုကျော် (ရွှေစံပယ်ဖြူစတိုး)၊ မဝိုင်းမြတ်နိုးမောင် (Sale Analyst, Yoma Land)၊ Ko Eddie Win (Perth, Australia)၊ မခင်ကံ့ကော်ထူး တို့၏ ချစ်လှစွာသောအစ်မ မစိုးစံဇေ(ခ)ပိုးပိုးသည် ၁၁-၁၂-၂၀၂၀ (သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမများ

## ဦးခင်ငြိမ်း (အင်းရဲ/ကျုံပျော်)

**မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း**
**(ဌာနခွဲမှူး၊ ယခင် စက်မှု/သတ္တု)**
**အမှတ်(၁)စက်မှုဝန်ကြီးဌာန**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊(၅၆)(မြေညီ)နေ (ဦးအောင်မြင့်-ဒေါ်စောခ)တို့၏သားကြီး၊ (ဦးမောင်အေး)-ဒေါ်သိန်းရီ၊ ဒေါ်နုနုရီတို့၏အစ်ကိုကြီး၊ ဒေါ်ညွန့်ညွန့်သင်း (အလပြ-ငြိမ်း) အထက(၃)ကြည့်မြင်တိုင် (ယခင်ဗဟန်းကျူး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးငြိမ်းလွင် (83 Mech: RIT)Retd. WASH Coordinator WVI Myanmar - ဒုရဲမှူးကြီးခင်ခင်စိုး(လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး)၊ ဒေါ်ရီရီမြင့်(ကထိက၊ သချာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ခိုင်ခိုင်သင်း (လ/ထ ထွေဂျာ၊ ကုန်းလမ်းပို့ဆောင်ရေး)၊ ဒေါ်အေးအေးငြိမ်း(အင်/ယာမှူး၊ ဟသ်ာတတက္ကသိုလ်) တို့၏ကျေးဇူးရှင်မွေးသဖခင်၊ Dr.သီတာငြိမ်း(ပန်းလှိုင်အထူးကုဆေးရုံကြီး)၊မောင်ငြိမ်းစိုးဟန် 5th Yr E.P (P.T.U)၊ မပွင့်သဥ္ဇာငြိမ်း(2nd Yr Russian Y.U.F.L) တို့၏ ချစ်လှစွာသော ဖိုးဖိုးသည် ၁၄-၁၂-၂၀၂၀ရက် (တနင်္လာနေ့) ည ၇ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အနိစ္စ

**ဥတု ရာသီ**
**တောကို**
**မှီ၏**

အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သေး**

**အသက်(၉၃)နှစ်**

ဦးမြင့်စန်း (ဒုတိယညွှန်ကြားရေးမှူး-နေပြည်တော်စည်ပင်သာယာရေးကော်မတီ)နှင့် ဇနီး ဒေါ်လှဲ့လှဲ့ဆွေတို့၏ ချစ်လှစွာသောမိခင်၊ မြေး မသော်သဇင်ထွန်းနှင့် မရတီပြည့်သျှန်တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်သေး အသက်(၉၃)နှစ်သည် ၁၄-၁၂-၂၀၂၀ ရက် ည ၁၁:၁၅ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ယောက်သဝကျေးရွာ၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ (၉၈)ကျောင်းဆင်းသူငယ်ချင်းများ**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်အေး (ဒေးဒရဲ)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၈၁)၊ (၄-B)နေ (ဦးထွန်းရီ)၏ ချစ်လှစွာသောဇနီး၊ ဦးထိန်လင်း-မရီရီအေး၊ ကိုစိုးမိုးထွန်း-မနူးရာ၊ ကိုခင်ဇော်ထွန်း-မမာလာဝင်း၊ ဦးရွှေစင်-မခိုင်သီတာထွန်းတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၂-၁၂-၂၀၂၀ ရက် ည ၇ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၂၀ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကပ်လှူဒါန်းမှု ပြုလုပ်မည်ဖြစ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးဝင်း RIT (1970-71)

**ဂွတ်ဘရားသား ဆန်စက်၊ ဖြူးမြို့**

**အသက်(၇၆)နှစ်**

ဖြူးမြို့၊ (၁၁)လမ်းနေ (ဦးတင်စိုး-ဒေါ်ကျင်ခင်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးစိန်-ဒေါ်ကျင်လှိုင်)တို့၏ သားသမက်၊ ဒေါ်ကျင်စွမ်၏ အစ်ကို၊ ဒေါ်ကျင်ရန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးထိုက်အောင် (AYA BANK)-ဒေါ်အေးဇာခြည်ဝင်း၊ ဦးဗိုလ်ဗိုလ်ထွန်း-ဒေါ်မေစိုးဝင်း (ရွှေလျှံမင်း ငွေလွှဲနှင့် ကုန်စည်ပို့ဆောင်ရေး)၊ ဒေါက်တာနိုင်ကိုဟိန်း-ဒေါ်မီမီစိုးဝင်း (နိုင်ကလေးအထူးကုဆေးခန်း-သန်လျှင်)၊ ဦးလူမော်-ဒေါ်သဥ္ဇာနိုင် (ဂွတ်ဘရားသားဆန်စက်)တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၅-၁၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၂၀ (ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းလှိုင်

**ဖြိုးခနဲ အကြော်စုံလုပ်ငန်း**

**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်စက်မှုဇုန်၊ အမှတ် (င-၁၂/၆)နေ ဖြိုးခနဲအကြော်စုံလုပ်ငန်း ပိုင်ရှင် ဦးသန်းလှိုင်သည် ၁၄-၁၂-၂၀၂၀ ရက် ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ**
**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ရွှေပြည်သာ စက်မှုဇုန်(၁)၊ သာခုကန်၊ ဝါးတရာစက်မှုဇုန်**

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၁၅-၁၂-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၂၉-၁၁-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ(သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်**

# (၄၆)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၅**

ယနေ့ကျရောက်သည့် (၄၆)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၄၆)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။

**ရင်းရင်းနှီးနှီး တွေ့ဆုံ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းက ဖတ်ကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ○



(၄၆)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား စစ်တွေမြို့၌ ကျင်းပစဉ်။

# ပြည်တွင်းလေကြောင်းခရီး လိုက်ပါမည့်သူများ ကျန်းမာရေး စတင်စစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပြည်တွင်းလေကြောင်းခရီး စီးနင်းလိုက်ပါကြမည့် ခရီးသွားပြည်သူများအား ယနေ့နံနက်ပိုင်းမှစပြီး ကျောက်တံတားမြို့နယ်ရှိ Tourist Burma အဆောက်အအုံ (ဆူးလေဘုရားလမ်းရှိ မြန်မာအဆွေကုန်တိုက်)နှင့် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ဒေသန္တရကျန်းမာရေးဌာနတို့၌ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

**သတ်မှတ်ပေးထား**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ခရီးသွားကဏ္ဍမြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်သည့်အတွက် စစ်ဆေးခကို အသက်သာဆုံးသတ်မှတ်ပေးထားကြောင်း၊ နာရီဝက်အတွင်း ခတ်ခွဲအဖြေထွက်သည့် နည်းလမ်းဖြင့် စစ်ဆေးပါက ငွေကျပ် ၁၀၀၀၀ ကျသင့်မည်ဖြစ်ပြီး အနည်းဆုံး ၂၄ နာရီအကြာမှ ခတ်ခွဲအဖြေထွက်သည့် နည်းလမ်းဖြင့် စစ်ဆေးပါက ငွေကျပ် ၃၅၀၀၀ ကျသင့်မည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖


ကြေးမုံ ယနေ့ ဖတ်စရာ

ကနေဒါနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးနှံမှု စီမံချက် စတင် — စာမျက်နှာ » ၁၃

ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁၅၅ ဦး တွေ့ရှိ — စာမျက်နှာ » ၁၆

ဘဝသစ်ဖန်တီးပေးသော ရန်ကုန်တက္ကသိုလ် — ဆောင်းပါး စာမျက်နှာ » ၂၀